# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၈)


၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက် ၂၀၁၈ ခုနှစ်၊ မတ် ၁၅ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၇)၊ အမှတ် (၁၆၆)


# ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ မော်ရိုကိုနိုင်ငံသို့ ရောက်ရှိ

**ရန်ကုန် မတ် ၁၄**

ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် မော်ရိုကိုနိုင်ငံ Dakhla မြို့၌ ကျင်းပမည့် Crans Montana Forum on Africa and South-South Cooperation အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက် ၂ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့မှ မော်ရိုကိုနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြသည်။

**ပို့ဆောင်နှုတ်ဆက်**

ဒုတိယသမ္မတ ဦးဆောင်သောအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အတူ အဖွဲ့ဝင်အဖြစ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆက်အောင်လည်း လိုက်ပါသွားသည်။


စာမျက်နှာ ၃ ကော်လံ ၁ ❖




ဒုတိယသမ္မတ ဦးမြင့်ဆွေအား ကာဆာဘလန်ကာပြည်နယ် အုပ်ချုပ်ရေးမှူး H.E.Mr. Aziz DADAS နှင့် တာဝန်ရှိသူများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ကြိုဆိုနှုတ်ဆက်ကြစဉ်။ သတင်းစဉ်

# ပြန်လည်စွန့်လွှတ်မြေများကို လက်ခံရရှိသည့်တောင်သူများအနေဖြင့် အကျိုးရှိရှိ စိုက်ပျိုးထုတ်လုပ်



**နေပြည်တော် မတ် ၁၄**

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့၌ ကျင်းပသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်အပ်နှံသည့် မြေများအား သက်ဆိုင်ရာ မူလပိုင်ရှင် တောင်သူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား၍ စဝ်စံထွန်းဆေးရုံ တိုးချဲ့တည်ဆောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**လှည့်လည်ကြည့်ရှု**

ရှေးဦးစွာ ဒုတိယသမ္မတသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဗိုလ်ချုပ်သန်းထွဋ်၊ အမြဲတမ်း အတွင်းဝန်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ပိုင်း ကလောမြို့နယ် မြင်းမထိကျေးရွာရှိ မြင်းမထိသဘာဝလိုဏ်ဂူတော်သို့ရောက်ရှိရာ ပြည်နယ်ဝန်ကြီး ဒေါက်တာညီညီအောင်က ရှမ်းပြည်နယ်အတွင်း ခရီးသွားနေရာသစ်များအဖြစ် ရှေးဟောင်းထုံးကျောက်ဂူများနှင့် သဘာဝအခြေပြု ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် လိုဏ်ဂူအတွင်း လှည့်လည်ကြည့်ရှုကြသည်။


စာမျက်နှာ ၄ ကော်လံ ၁ ●


ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အခမ်းအနားတက်ရောက်လာသည့် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်




မြန်မာ့အလင်း

# မြန်မာ-တရုတ် နှစ်နိုင်ငံအဏ္ဏဝါသိပ္ပံဆိုင်ရာ ပူးပေါင်းသုတေသနလုပ်ငန်း

ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကြောင့် ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင် သမုဒ္ဒရာရေမျက်နှာပြင်သည် မြင့်တက်လျက်ရှိပါသည်။ကမ္ဘာ့ပင်လယ်သမုဒ္ဒရာရေမျက်နှာပြင် မြင့်တက်မှု၏အန္တရာယ်ကို ပင်လယ်နှင့်ထိစပ်နေသည့် ကမ်းရိုးတန်းဒေသတိုင်းကခံစားရမည် ဖြစ်ပါသည်။မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့သည် ပင်လယ်ကမ်းရိုးတန်းရှိသော နိုင်ငံများဖြစ်သကဲ့သို့ ကမ္ဘာ့ပင်လယ် သမုဒ္ဒရာရေမျက်နှာပြင်မြင့်တက်မှု၏အန္တရာယ်ကို ထိပ်ဆုံးမှရင်ဆိုင်နေရသောနိုင်ငံများလည်း ဖြစ်ပါသည်။ ပညာရှင်တို့၏ ခန့်မှန်းတွက်ချက်မှုအရ လူဦးရေ ၁၄၇ သန်းမှ ၂၁၆သန်းအထိ လက်ရှိနေထိုင်လျက်ရှိသော ဒေသတို့သည် ယခုရာစုနှစ် အကုန်၌ ပင်လယ်ရေအောက်သို့ရောက်ရှိသွားနိုင်ပါသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၉ ရာခိုင်နှုန်းသည် ကမ္ဘာ့ပင်လယ်သမုဒ္ဒရာရေမျက်နှာပြင် မြင့်တက်မှု၏ အန္တရာယ်ကို ရင်ဆိုင်ရနိုင်သကဲ့သို့ တရုတ်နိုင်ငံလူဦးရေ၏ ၄ ရာခိုင်နှုန်းသည်လည်း ကမ္ဘာ့ပင်လယ် သမုဒ္ဒရာရေမျက်နှာပြင်မြင့်တက်မှု၏ အန္တရာယ်ကိုရင်ဆိုင်ရနိုင်ပါသည်။ ဤသည်မှာ ကမ္ဘာ့ရာသီဥတုပြောင်းလဲ ဖောက်ပြန်မှုကြောင့် ကမ္ဘာ့ပင်လယ် သမုဒ္ဒရာရေထုက ဖန်တီးပေးနိုင်သည့် အန္တရာယ်တစ်ရပ်သာ ဖြစ်ပါသည်။ ကမ္ဘာ့ပင်လယ် သမုဒ္ဒရာရေထု၏ များပြားသော အပြောင်းအလဲတို့သည် ကမ္ဘာ့လူသားတို့အား ခြိမ်းခြောက်စိန်ခေါ်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ၁၉၃၀ ကီလိုမီတာခန့် ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းအား ပိုင်ဆိုင်ထားသည်ဖြစ်၍ ဤမြန်မာ့ပင်လယ်ကမ်းရိုးတန်းတို့နှင့် ထိစပ်လျက်ရှိသော ကပ္ပလီပင်လယ် **(Andaman Sea)** နှင့် ဘင်္ဂလားပင်လယ် **(Bay of Bengal)** တို့၏ အပြောင်းအလဲ အခြေအနေတို့ကို ကျယ်ကျယ်ပြန့်ပြန့် နက်နက်ရှိုင်းရှိုင်းသိထားရန် လိုအပ်လျက်ရှိပါသည်။ သို့သော် ကပ္ပလီပင်လယ်နှင့် ဘင်္ဂလားပင်လယ်တို့အား စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် သုတေသန ပြုလုပ်ရေးသည် မြန်မာတစ်နိုင်ငံတည်း၏ အင်အားဖြင့်စွမ်းဆောင်နိုင်သော ကိစ္စရပ်မဟုတ်ပါ။ နိုင်ငံတကာ၏ ပူးပေါင်းကူညီမှုအား ရယူရမည့်ကိစ္စရပ် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ဤလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ပူးပေါင်းဆောင်ရွက်ခဲ့သည်ဖြစ်ရာ ကျေးဇူးတင် ဝမ်းမြောက်ရမည့်ကိစ္စရပ် ဖြစ်ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အဏ္ဏဝါသိပ္ပံဆိုင်ရာ သုတေသနရေယာဉ် **XIANG YANG HONG 03** သည် မြန်မာ့ပင်လယ်ပြင်သီးသန့်စီးပွားရေးဇုန်အတွင်း အဏ္ဏဝါသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းတို့ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၇ရက်နေ့မှ၂၀ ရက်နေ့အထိပြုလုပ်ခဲ့ပါသည်။ မြန်မာ-တရုတ်နှစ်နိုင်ငံ သိပ္ပံပညာရှင်တို့ ပူးပေါင်းဆောင်ရွက်ခဲ့သော အဏ္ဏဝါသိပ္ပံဆိုင်ရာ ပူးပေါင်းသုတေသနလုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါသည်။ ဤ အဏ္ဏဝါသုတေသနလုပ်ငန်း၌ အဓိကရည်ရွယ်ချက်လေးရပ်ရှိသည်ကို တွေ့ရှိရပါသည်။ ပထမရည်ရွယ်ချက်သည် အရှေ့အိန္ဒိယသမုဒ္ဒရာနှင့် ဆက်စပ်ပင်လယ်တို့၏ အပြောင်းအလဲကြောင့် မြန်မာနိုင်ငံအပေါ် သက်ရောက်နိုင်သောမိုးလေဝသအခြေအနေတို့ကို သုတေသနပြုလုပ်ရန်ဖြစ်ပြီး ဒုတိယရည်ရွယ်ချက်သည် မြန်မာ့ပင်လယ်ပြင်အတွင်းရှိ ငါးသယံဇာတများအထိုက်အလျောက် ထိန်းသိမ်းနိုင်စေရန်နှင့် ရေရှည်စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်စေရန် ဖြစ်ပါသည်။ တတိယရည်ရွယ်ချက်သည် မြန်မာ့ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းဒေသ၏ ဂေဟစနစ်ထိန်းသိမ်းမှုလုပ်ငန်းများ အကောင်အထည်ဖော်စေရန်ဖြစ်ပါသည်။ စတုတ္ထရည်ရွယ်ချက်သည် မြန်မာ-တရုတ် နှစ်နိုင်ငံသုတေသနပညာရှင်တို့က ပင်လယ်ပြင်ဆိုင်ရာ သုတေသနလုပ်ငန်းတို့ကို အတူတကွပူးပေါင်းလုပ်ဆောင်ရန် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျယ်ပြန့်မြင့်မားသော ရည်ရွယ်ချက်တို့ဖြင့်ဆောင်ရွက်ခဲ့သည့် မြန်မာ-တရုတ် နှစ်နိုင်ငံအဏ္ဏဝါသိပ္ပံဆိုင်ရာ ပူးပေါင်းသုတေသနလုပ်ငန်းအား ဂုဏ်ပြုကြိုဆိုပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## စာအုပ်စာပေ လူ့မိတ်ဆွေ

# ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် မတ် ၁၄**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး H.E. Mr. Pier Giorgio Aliberti အား ယနေ့ နံနက် ၉ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆိုင်ရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျောက်စိမ်းလိုဏ်ဂူတော် သကြံန်အကြိုနေ့ ဖွင့်လှစ်မည်

**မန္တလေး မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရွာမြင်းမှူးကျေးရွာအုပ်စုဒေသ မန္တလေး-ရန်ကုန် အမြန်လမ်းမကြီး မိုင်တိုင် ၃၆၁ အနောက်ဘက်ခြမ်း ပေ ၆၀၀ ခန့်ရှိ ဝေရောစနကျောက်စိမ်း စေတီတော် ပရဝဏ်အတွင်း တည်ဆောက်ပြီးစီးနေသည့် ကျောက်စိမ်းလိုဏ်ဂူတော်ကို မဟာသကြံန်အကြိုနေ့တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ကျောက်စိမ်းစေတီတော် ရှင်းလင်းဆောင်၌ မတ် ၁၃ ရက်က ကျင်းပသည့် စေတီတော်ဩဝါဒါစရိယဆရာတော် သံဃာတော်အရှင်သူမြတ်များ၏ ဂေါပကအဖွဲ့သတ္တမအကြိမ် ဩဝါဒခံယူပွဲမှ သိရသည်။

အဆိုပါဒေသတွင် တည်ထားသည့် ကမ္ဘာ့တစ်ဆူတည်းသော ဝေရောစနကျောက်စိမ်းစေတီတော်တည်ထားစဉ်က ထွက်ရှိလာသော ဘေးဖြတ်သားကျောက်စိမ်းအရည်ကျောက်တန် ၃၀ ကျော်နှင့် ပြည်သူလူထု၏ ထည့်ဝင်လှူဒါန်းငွေတို့ဖြင့် တည်ဆောက်ခဲ့သော ငြိမ်းချမ်းသာယာ ကျောက်စိမ်းလိုဏ်ဂူတော်ကို ဩဝါဒါစရိယရွှေသုဝဏ်ဆရာတော်က အမည်ပေးထားသည်။

လိုဏ်ဂူတော်ကို ဇန်နဝါရီ ၃ ရက်က ပန္နက်တော်တင် မင်္ဂလာပြုလုပ်ပြီး အလျား ပေ ၂၅၀၊ အနံ ၁၃ပေနှင့် အမြင့် ၁၃ ပေ သံကူကွန်ကရစ်လိုဏ်ဂူတော်ဖြစ်ပြီး ဝေရောစနကျောက်စိမ်းစေတီတော် တည်ထားပူဇော်စဉ်က ထွက်ရှိလာသည့် အသားကောင်းအရည်ကောင်း၊ ကျောက်စိမ်းဖြတ်သားများကို ထည့်သွင်း၍ ရာဖြတ်ဈေး မသတ်မှတ်ရသေးသည့် တချို့ကျောက်စိမ်းများဖြင့်လည်း ထည့်သွင်းကာ မြန်မာမှုပညာရှင်များ၊ အေးအေးခိုင်ကုမ္ပဏီတို့မှ တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

လိုဏ်ဂူတော်ကြီးအတွင်းတွင် မြန်မာ့ကျွန်းသစ်လုံးကြီးများ၊ ကျောက်စိမ်းများဖြင့် ပြကွင်းပြကွက်အမျိုးမျိုး ထည့်သွင်း၍ ပြခန်းသဖွယ် တည်ဆောက်ထားပြီး ကျောက်မျက်ရတနာမျိုးစုံပြကွင်း ပြကွက်စုံတို့နှင့် ကျောက်စိမ်းကျောက်မျက်ထွက်ရှိရာ ဒေသများကိုပါ ပြသထားကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

## မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြော

**မန္တလေး မတ် ၁၄**- မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သံ/တောင်ရပ်ကွက် အကွက် ၄၆၅၊ သာယာကုန်းရပ်သာယာရွှေကူဘုရားဝင်းအတွင်း၌ နိုင်ငံတကာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်၊ တိုင်းဒေသကြီး ဝံသာနုဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးနေလင်း၊ FLAG Youth Organization အဖွဲ့ဥက္ကဋ္ဌ ကိုအောင်သူ၊ ချမ်းမြသာစည်မြို့မရဲစခန်းမှူး ဒုရဲမှူး ခင်မောင်ထွန်း၊ လူကုန်ကူးမှုတားဆီးကာကွယ် နှိမ်နင်းရေးတပ်ဖွဲ့မှ ဒုရဲအုပ် ကြည်ကြည်အောင်၊ သံ/တောင်ရပ်ကွက် အကွက်မှူး ဦးမောင်ဇင်တို့က အမျိုးသမီးကလေးငယ်များ လုံခြုံရေး ပိုမိုမြှင့်တင်ဆောင်ရွက်ပေးခေါင်းစဉ်ဖြင့် သက်ငယ်မုဒိမ်းမှုလျော့နည်းကျဆင်းရေး မှုခင်းပညာပေးဆွေးနွေးဟောပြောခဲ့ရာ ရပ်ကွက်အတွင်းမှ ပြည်သူများ လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၄-၃-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၄၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၄၇၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၉၅/၈၁၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၀/၇၇၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၁၅/၈၂၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၁၀/၈၃၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၇ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၅၇ ·၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၉ ·၅ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၅၃ ·၂ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၆ |
| တရုတ် | တစ်ယွမ် | ၂၁၁ ·၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၃ ·၃ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm



ဒုတိယသမ္မတ ဦးမြင့်ဆွေအား တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

သတင်းစဉ်

❖ ရှေ့ဖုံးမှ

**ကြိုဆိုနှုတ်ဆက်**

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် မော်ရိုကိုနိုင်ငံ ကာဆာဘလန်ကာမြို့သို့ ရောက်ရှိကြရာ ဒုတိယသမ္မတနှင့် အဖွဲ့အား ကာဆာ ဘလန်ကာပြည်နယ် အုပ်ချုပ်ရေးမှူး H.E.Mr. Aziz DADAS ၊ မော်ရိုကိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်လွင်နှင့် တာဝန်ရှိသူများက မော်ရိုကိုနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပဋ္ဌမမြောက် မိုဟာမက်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ရောက်ရှိ**

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ခေတ္တတည်းခိုမည့် Atlas Air-port ဟိုတယ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဂျပန်နိုင်ငံက ကူညီဆောင်ရွက်ပေးမှုကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မတ် ၁၄**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံ ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tateshi HIGUCHI အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသ ဖြစ်စဉ်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံအစိုးရနှင့် တပ်မတော်၏ ဖြေရှင်းဆောင်ရွက်နေမှု အခြေအနေမှန်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဂျပန်နိုင်ငံက ကူညီဆောင်ရွက်ပေးမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေမှု ကိစ္စရပ်များ၊ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ဂျပန်နိုင်ငံမှ ကူညီဆောင်ရွက်ပေးမည့် အခြေအနေများနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ဆက်လက်မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၄**

၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဝင်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များမှ ၁၈ ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်အထောက်အကူပြုဝန်ထမ်းများ လုပ်ငန်းခွင်စွမ်းဆောင်ရည်တိုးတက်မြင့်မားရေး ရင်းနှီးပွင့်လင်းစွာဆွေးနွေး

**နေပြည်တော် မတ် ၁၄**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က IPU ၏ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်မန်နေဂျာ Ms. Norah Babic နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် လွှတ်တော် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီပေးရေး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်အထောက်အကူပြုဝန်ထမ်းများအတွက် လုပ်ငန်းခွင်စွမ်းဆောင်ရည် တိုးတက်မြင့်မားရေး၊ နည်းပညာ အကူအညီပေးနိုင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းဝင်း၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူ၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



# Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၄**

မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ဆောင်နိုင်မှုအဆင့်များ တိုးတက်လာစေရေးအတွက် ဝန်ကြီးဌာနများပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သည်များ အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်ဆောင်ရွက်နိုင်ရန်နှင့် Doing Business အစီရင်ခံစာပါ ညွှန်းကိန်းအလိုက် ပါဝင်အကောင်အထည် ဖော်ဆောင်ရွက်ရန်အတွက် Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက တက်ရောက်အမှာစကား ပြောကြားသည်။

ဒုတိယဝန်ကြီးက Doing Business Ranking နှင့် ပတ်သက်၍ မြန်မာနိုင်ငံအား ၂၀၂၀ ပြည့်နှစ်တွင် အဆင့် (၁၀၀) အတွင်း ရောက်ရှိရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် အဆင့် (၂၄)ဆင့် တိုးတက်ရန်အတွက် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကကဏ္ဍများ အချင်းချင်း အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်မှသာလျှင် အချိန်နှင့်တစ်ပြေးညီ သတင်းအချက် အလက်နှင့် တိုးတက်မှုဖြစ်စဉ်များကို သိရှိနိုင်ပြီး ပူးပေါင်းဆောင်ရွက်မှု အားကောင်း လာမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်မှပေးပို့သော Doing Business Questionnaire များကို ဖြေဆိုကြသည့် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကကဏ္ဍများက ကောင်းစွာနားလည်နိုင်ရန်လည်း လိုအပ်ကြောင်း၊ ဖြေဆိုသူများဘက်ကလည်း အသေးစိတ်လေ့လာ၍ ပြုပြင်ပြောင်းလဲမှုများကို မှန်မှန်ကန်ကန် ထည့်သွင်းဖြေဆိုနိုင်ရန်လည်း လိုအပ်ပါကြောင်း၊ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆောင်ရွက်ထားသည့် အခြေအနေများ ကိုလည်း အများပြည်သူတို့ သိရှိနိုင်ရန် Website, Media များကနေ တစ်ဆင့် အသိပေးဆောင်ရွက်မှုများလည်း ပြုလုပ်နေပြီဖြစ်ပါကြောင်း၊ Ease of Doing Business Ranking တိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့ဝင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက မိမိတို့ ညွှန်းကိန်းအလိုက် ဆောင်ရွက်မည့်အစီအမံများကို အသီးသီးရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပေးပြီး နိဂုံးချုပ်စကား ပြောကြားသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တောင်ကြီးခရိုင်အတွင်း ပြန်လည်စွန့်လွှတ်အပ်နှံသော မြေဧရိယာများအား မူလပိုင်ရှင် တောင်သူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တောင်ကြီးမြို့ ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop) ၌ တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

● *ရှေ့ဖုံးမှ*

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် အေးသာယာမြို့ရှိ အေးသာယာ စပျစ်စိုက်ပျိုးရေးခြံနှင့် ဝိုင်စက်ရုံသို့ ရောက်ရှိကြရာ တာဝန်ရှိသူတစ်ဦးက ဝိုင်ထုတ်လုပ်နေမှု အခြေအနေနှင့် ဈေးကွက်သို့ တင်ပို့ရောင်းချနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝိုင်ထုတ်လုပ်နေသည့် လုပ်ငန်းခွင်နှင့် စပျစ်စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

**ထောက်ပံ့ငွေများ ပေးအပ်**

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် တောင်ကြီးမြို့ ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop) သို့ရောက်ရှိပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေတို့ကို ကြည့်ရှုအားပေးပြီး တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတသည် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ တောင်ကြီးခရိုင်အတွင်း ပြန်လည်စွန့်လွှတ်အပ်နှံသော မြေဧရိယာ ၁၉၆၉ ဧကအား သက်ဆိုင်ရာ မူလပိုင်ရှင် တောင်သူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

**ပြန်လည်လွှဲပြောင်းပေးအပ်မည်**

အခမ်းအနားတွင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယနေ့ အခမ်းအနားတွင် ရှမ်းပြည်နယ် တောင်ကြီးခရိုင်အတွင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြန်လည်စွန့်လွှတ်သည့် မြေဧရိယာ ၁၉၆၉ ဧကအနက် မြေဧရိယာ ၆၂၂ ဒသမ ၄၈ဧကကို မူလပိုင်ရှင် တောင်သူဦးရေ ၃၅၆ ဦးသို့ ပြန်လည်လွှဲပြောင်းပေးအပ်မည်ဖြစ်ပြီး မြေဧရိယာ ၁၃၄၇ ဧကကို ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ပြန်လည်လွှဲပြောင်းပေးအပ်မည်ဖြစ်သည့်အတွက် ဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း။

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဖွဲ့စည်းပြီးနောက်ပိုင်း ရှမ်းပြည်နယ်အတွင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်မြေဧက စုစုပေါင်း ၂၉၉၁၈ ဒသမ ၆၁ ဧကရှိသည့်အနက် ဌာနအချင်းချင်း လွှဲပြောင်းရန် စွန့်လွှတ်သည့် မြေဧရိယာ ၁၂၇၉၁ ဒသမ ၁၅ ဧကကို နုတ်ပယ်လိုက်ပါက တောင်သူများ အသုံးပြုနိုင်မည့် မြေဧရိယာစုစုပေါင်း ၁၇၁၂၇ ဒသမ ၄၆ ဧကကို ပြန်လည်စွန့်လွှတ်ပေးနိုင်ခဲ့သည်ကို တွေ့ရပါကြောင်း။

**အော်ဂဲနစ်စိုက်ပျိုးရေးထွက်ကုန်များ**

ယနေ့ တရားဝင်ပိုင်ဆိုင်မှုနှင့် ပြန်လည်လုပ်ပိုင်ခွင့် ရရှိကြသည့် တောင်သူများအနေဖြင့် မိမိတို့ဒေသခံများအကြိုက် ဆန်စပါးမျိုး စိုက်ပျိုးခြင်းအပြင် ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ရန်အတွက် အရည်အသွေးမြင့် ဆန်စပါးမျိုးကို ရွေးချယ်စိုက်ပျိုးနိုင်ကြစေရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ မိမိဒေသထွက်ကုန်များကို ဈေးကွက်သို့ တင်ပို့ရာတွင် အရည်အသွေးမြင့်ရန် လိုအပ်သကဲ့သို့ ကမ္ဘာ့စားသုံးသူများအကြိုက် အော်ဂဲနစ်စိုက်ပျိုးရေး ထွက်ကုန်များဖြစ်ရန်လည်း လိုအပ်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုသမိုင်းကို ကြည့်ပါက ၁၉၃၄-၁၉၃၅ ခုနှစ်တွင် ဆန်စပါးတန်ချိန် ၃ ဒသမ ၅၉ သန်းထိ စံချိန်တင် တင်ပို့နိုင်ခဲ့ပြီး ကမ္ဘာ့နံပါတ်တစ် ဆန်တင်ပို့သည့်နိုင်ငံအဖြစ် ရပ်တည်ခဲ့ပါကြောင်း၊ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ၁၁ လတာကာလအတွင်း ဆန်တန်ချိန် ၃ ဒသမ ၂ သန်းကျော် တင်ပို့နိုင်ခဲ့သဖြင့် နှစ်ပေါင်း ၇၃ နှစ်အတွင်း အများဆုံး စံချိန်တင် တင်ပို့နိုင်မှုဖြစ်ပါကြောင်း၊ ယခုကဲ့သို့ စံချိန်တင် ထုတ်လုပ်တင်ပို့ ရောင်းချနိုင်ရန် ကြိုးစားခဲ့ကြသည့် တောင်သူလယ်သမားများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဆန်စပါးထုတ်လုပ်ရောင်းဝယ်မှုဆိုင်ရာ ပုဂ္ဂလိကအသင်းအဖွဲ့များ၏ အားထုတ်မှုကို တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ခေါင်းဆောင်အနေဖြင့် ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း။

**အကျိုးရှိရှိ ထိရောက်စွာ စိုက်ပျိုး**

နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုးကို ရှေးရှုပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်း တိုးချဲ့မြှင့်တင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြန်လည်စွန့်လွှတ်ရန် ကျန်မြေများအား စွန့်လွှတ်ပေးနိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း၊ ပြန်လည်စွန့်လွှတ်မြေများကို လက်ခံရရှိသည့် တောင်သူလယ်သမားများ အနေဖြင့် အကျိုးရှိရှိ ထိရောက်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးစားကြစေလိုပါကြောင်း။

လယ်ယာလုပ်ပိုင်ခွင့်ရ တောင်သူလယ်သမားကြီးများအနေဖြင့် မိမိတို့ဘဝအဆင့်အတန်းမြင့်မားရေး၊ မိမိတို့ဒေသဖွံ့ဖြိုးရေး၊ မိမိတို့မှီတင်းနေထိုင်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်တွင်းစားသုံးရမည့် စားနပ်ရိက္ခာများ ဖူလုံစေရုံသာမက ဈေးကွက်ဝင် ပြည်ပပို့ကုန်များအဖြစ်ပါ တိုးမြှင့်စိုက်ပျိုးလုပ်ကိုင်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ ယခုကဲ့သို့ မူလလက်ငုတ် တောင်သူလယ်သမားများ လက်ထဲသို့ လက်ရောက်ပေးအပ်နိုင်အောင် ဆောင်ရွက်ပေးခဲ့ကြသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာအသီးသီးက တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**မူလတောင်သူများထံ ပေးအပ်**

ထို့နောက် ရှမ်းပြည်နယ် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ရှမ်းပြည်နယ်အတွင်း မြေယာကိစ္စတိုင်ကြားစာများအပေါ် ဖြေရှင်းဆောင်ရွက်မှု အခြေအနေနှင့် စွန့်လွှတ်မြေများကို မူလတောင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ မြေစွန့်လွှတ်လွှဲပြောင်းပေးသည့် တပ်ကိုယ်စားလှယ်များက မူလတောင်သူများနှင့် တောင်ကြီးခရိုင် အုပ်ချုပ်ရေးမှူးတို့ထံ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်များ လွှဲပြောင်းပေးအပ်ကြသည်။

ထို့နောက် မူလတောင်သူများ ကိုယ်စား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်မင်းလတ်က ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် တောင်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ငွေစံက ဆေးရုံတိုးချဲ့တည်ဆောက်မှုအခြေအနေများ၊ လူနာများအား ဆေးကုသပေးနေမှု အခြေအနေများနှင့် ခါတ်ရောင်ခြည်ဌာနတွင် ပြင်ဆင်ထားရှိမှုအခြေအနေတို့ကို လှည့်လည်ရှင်းလင်းပြသသည်။

**ထောက်ပံ့ငွေများ ပေးအပ်**

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ဆေးရုံအတွင်း ဆေးကုသမှုခံယူနေကြသည့် လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

**ကျန်းမာရေးစောင့်ရှောက်မှုပေး**

ယင်းနောက် ဒုတိယသမ္မတသည် ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် မိမိတတ်ကျွမ်းထားသည့် ပညာရပ်ကျွမ်းကျင်မှုများကို အသုံးချပြီး ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အရည်အသွေးပြည့်ဝစေရေး စေတနာ၊ ဝါသနာ၊ အနစ်နာ၊ ကရုဏာ၊ အကြင်နာနှင့် ကိုယ်ချင်းစာတရားများ ပေါင်းစပ်၍ စောင့်ရှောက်ပေးစေလိုပါကြောင်း၊ လူထုအပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် မြို့ပေါ်ကျေးလက်ကွာဟမှု အတတ်နိုင်ဆုံး နည်းပါးအောင် ကြိုးပမ်းအားထုတ်ကြစေလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း အထက်၊ အောက်ကြီးငယ် ချစ်ခင်ရင်းနှီးစွာ အပြန်အလှန် ဖေးမကူညီပြီး ပျော်ရွှင်သော လုပ်ငန်းခွင်ဖြစ်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ အဆိုပါဆေးရုံကြီးသည် ကုသပေးခြင်းအပိုင်းတွင်သာမက သင်ကြားမှုအပိုင်းတွင်လည်း အထောက်အကူပြုသည့် ဗဟိုအဆင့် ဆေးရုံကြီးဖြစ်ပါကြောင်း၊ ရှေ့လာမည့် နှစ်များတွင် ကုသမှု၊ သင်ကြားမှု ဌာနအသစ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့် နေရာထိုင်ခင်း၊ စက်ကိရိယာများကို ကြိုတင်မျှော်မှန်း လျာထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တိုးချဲ့ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဝန်ထမ်းများအနေဖြင့် မြို့မိ၊ မြို့ဖများနှင့် ပေါင်းစပ်ဆောင်ရွက် သွားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆေးရုံနှင့်ပတ်သက်သည့်အချက်အလက်များနှင့် ဆေးရုံတိုးချဲ့ငါးထပ်ဆောင် တည်ဆောက်ခြင်းလုပ်ငန်းစဉ်များအား တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး ဆေးရုံတည်ဆောက်ရေးစီမံကိန်းနေရာအား ကြည့်ရှုစစ်ဆေးသည်။ **သတင်းစဉ်**

# အစိုးရအနေနှင့် ကတိကဝတ်များ ဖြည့်ဆည်းပေးရန်နှင့် ပြင်ဆင်မှုများ အချိန်မီပြီးရန် အစွမ်းကုန်အားထုတ်ခဲ့

*ကျောဖုံးမှ*

စခန်းတွေမှာ စားဝတ်နေရေး ပိုမိုပြေလည်မယ်ဆိုတဲ့ မျှော်လင့်ချက်တွေနဲ့ ထွက်ပြေးဖို့ စည်းရုံးခံခဲ့ကြရတယ်လို့ သိရပါတယ်။

အခုတော့ ပြန်လည်ခေါ်ယူရေးနဲ့ ပတ်သက်လို့ နှစ်နိုင်ငံသဘောတူညီချက်တွေထဲက အရေးကြီးတဲ့ အချက်အလက်အချို့ကို အနည်းငယ်တင်ပြလိုပါတယ်။

အားလုံးသိပြီးဖြစ်တဲ့အတိုင်း နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနဲ့ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး AH Mohamad Ali တို့ဟာ နေရာရွှေ့ပြောင်းသွားခဲ့ကြတဲ့သူတွေကို ပြန်လည်ခေါ်ယူရေးနဲ့ ပတ်သက်လို့ သဘောတူညီချက်တစ်ရပ်ကို နေပြည်တော်မှာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့က သဘောတူလက်မှတ်ရေးထိုးခဲ့ကြပါတယ်။

### ပြန်လည်ခေါ်ယူမှာဖြစ်

ဒီသဘောတူညီချက်ရဲ့အဓိကသတ်မှတ်ချက်တွေကတော့ ၁၉၉၃ ခုနှစ်က နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့တဲ့ သဘောတူညီချက်နဲ့ အတူတူပဲ ဖြစ်ပါတယ်။ သဘောတူညီချက်ရဲ့ အရေးကြီးတဲ့ အချက်တစ်ခုကတော့ **“ မြန်မာပြည်မှာ နေထိုင်ခဲ့ကြောင်း အထောက်အထားတင်ပြနိုင်တဲ့သူကို ပြန်လည်ခေါ်ယူမှာ ဖြစ်ပါတယ်”**။

ကျွန်တော်နားလည်သလောက် နေထိုင်ခဲ့ကြောင်း အထောက်အထားဆိုတာ တော်တော်ကျယ်ပြန့်ပြီး အမျိုးသားမှတ်ပုံတင်ကတ်၊ ယာယီမှတ်ပုံတင်ကတ်၊ စီးပွားရေးလုပ်ငန်းတစ်ခုခု ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ ကျောင်းတက်ရောက်နေကြောင်း ထောက်ခံချက်နှင့် နေထိုင်ခဲ့တဲ့ ရပ်ကွက်နာမည် စသည်တို့ ဖြစ်ပါတယ်။

ပြန်လည်ခေါ်ယူမှုကိုတော့ လက်မှတ်ရေးထိုးပြီး နှစ်လအတွင်း(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့မတိုင်မီ)စတင်ဖို့ သဘောတူခဲ့ကြပါတယ်။ ကျွန်တော်တို့ အစိုးရအနေနဲ့ ကိုယ့်ရဲ့ ကတိကဝတ်တွေကို ဖြည့်ဆည်းပေးဖို့ ရည်ရွယ်ချက်နဲ့ ပြင်ဆင်မှုတွေ အချိန်မီပြီးဖို့ အစွမ်းကုန် အားထုတ်ခဲ့ပါတယ်။

ပြင်ဆင်မှုအားလုံးဟာ အချိန်မီပြီးစီးခဲ့ပါတယ်။

### ချစ်ကြည်ရင်းနှီးမှုကိုပြသ

ချစ်ကြည်ရင်းနှီးမှုကိုပြသသည့်အနေဖြင့် ဟိန္ဒူဘာသာဝင် ၇၀၀ ကျော်နဲ့ မူဆလင်ဘာသာဝင် ၅၀၀ တို့ကို အမြန်ဆုံး ခေါ်ယူနိုင်ဖို့အတွက် စိစစ်ပြီး လူ ၁၂၀၀ ကျော်စာရင်းကို မြန်မာက ဘင်္ဂလားဒေ့ရှ်အစိုးရဆီကို ပေးပို့ခဲ့ပါတယ်။

ဖေဖော်ဝါရီလလယ်မှာ ဘင်္ဂလားဒေ့ရှ်အစိုးရက ပုံစံ ၈၀၀၀ ကျော်ကို ပြန်လည်ပေးပို့လာခဲ့ပါတယ်၊ ဒါပေမယ့် အရေးကြီးတဲ့အချက်အလက်တွေနဲ့ လက်ဗွေစစ်ဆေးမှုလုပ်ဖို့ လိုအပ်ချက်တွေ ဘာမှပါမလာခဲ့ပါဘူး။ ဥပမာပြောရရင် အိမ်ထောင်ဦးစီးရဲ့လက်ဗွေ၊ ကိုယ်ပေါ်ထင်ရှားတဲ့အမှတ်အသားနဲ့ ရှင်းလင်းပြတ်သားတဲ့ ဓာတ်ပုံတို့ ပါမလာခဲ့ပါ။

ကျွန်တော်တို့ အံ့သြတုန်လှုပ်ခဲ့ရတာက မတ်လ ၇ ရက်နေ့မှာ အဆင့်မြင့်ဘင်္ဂလားဒေ့ရှ်အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ပါးက ပြန်လည်ခေါ် ယူရေးနဲ့ပတ်သက်လို့ ကျွန်တော်တို့ရဲ့အားထုတ်မှုတွေကို အပျက်မြင်ရှုထောင့်က သုံးသပ်ဝေဖန်ပြီး နိုင်ငံတကာမီဒီယာတွေကို ပြောခဲ့တာပါပဲ။

ဒီပြန်လည်ခေါ်ယူရေးလုပ်ငန်းစဉ်ကို မည်သူတစ်ယောက်ကမှ နိုင်ငံရေးအမြတ်မထုတ်သင့်ပါ။ ဒီလုပ်ငန်းစဉ် အောင်မြင်ဖို့အတွက် ကျွန်တော်တို့ အစွမ်းကုန် ဆောင်ရွက်နေပါတယ်။ ဘင်္ဂလားဒေ့ရှ်အစိုးရကလည်း အဲဒီလိုပဲ ဆောင်ရွက်လိမ့်မယ်လို့ ရိုးသားစွာ ယုံကြည်ပါတယ်။

အခြားတစ်ဖက်မှာ နိုင်ငံတကာမီဒီယာတွေအနေနဲ့ ကျွန်တော်တို့ရဲ့ ဆောင်ရွက်ချက်နဲ့ အခြေအနေကို မျှမျှတတနဲ့ လုံလုံလောက်လောက် ရေးသားဖော်ပြပေးကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။

နောက်ဆုံးအနေနဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းက အရေးကြီးတဲ့ တိုးတက်ဖြစ်ပေါ်မှုအချို့ကို ပြောပြလိုပါတယ်။

ပြန်လည်ခေါ်ယူရေးလုပ်ငန်းစဉ်မှာ မြန်မာအစိုးရကို ကူညီပံ့ပိုးဖို့အတွက် UNHCR နဲ့ UNDPတို့နဲ့ ဆွေးနွေးနေပါတယ်။

တစ်ချိန်တည်းမှာပဲ သတင်းမီဒီယာတွေအတွက် ရခိုင်မြောက်ပိုင်းသို့ ခရီးစဉ်တွေကို နှစ်ပတ်တစ်ကြိမ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကျွန်တော်တို့မှာ ခရီးသွားလာရေး၊ တည်းခိုနေထိုင်ရေး အကန့်အသတ်တွေနဲ့ လုံခြုံရေးစိုးရိမ်ရမှု စသည်တို့ရှိတဲ့အတွက် လူဦးရေနဲ့ သွားရောက်တဲ့နေရာတွေကို ကန့်သတ်ထားရှိရပါတယ်။

လူတော်တော်များများကို ARSA က လက်လုပ်မိုင်းတွေ လုပ်တတ်အောင် လေ့ကျင့်ထားခဲ့ပြီးဖြစ်လို့ လုံခြုံရေးကို အလေးအနက်ထားစဉ်းစားဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့ရဲ့ အနေအထားနဲ့ အခက်အခဲကို အားလုံးနားလည်လာကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

နောက်လာမယ့် ခရီးစဉ်ကတော့ နိုင်ငံတကာမီဒီယာသမားတွေအတွက်ဖြစ်ပြီး မတ်လ ၁၆ ရက်နေ့ကနေ ၁၈ ရက်နေ့အထိ ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ရှင်းလင်းပြောကြားချက်ကို အဆုံးမသတ်ခင် ဒီပြန်လည်ခေါ်ယူရေးလုပ်ငန်းစဉ်အောင်မြင်ရေးအတွက် ဝိုင်းဝန်းကူညီလာကြဖို့ နိုင်ငံတကာအသိုက်အဝန်းနဲ့ မီဒီယာကို ကျွန်တော်ပန်ကြားလိုပါတယ်”ဟု ပြောကြားသည်။



ဦးမြင့်သူ
အမြဲတမ်းအတွင်းဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူက ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လာမည့်သူများ လက်ခံရေးနှင့်ပတ်သက်ပြီး မိမိတို့ဘက်မှ အသင့်အနေထားရှိကြောင်းကို ပြောကြားရာတွင် အချက်သုံးချက်ရှိပါကြောင်း။

တစ်အချက်မှာ ပြန်လာမည့်သူများနှင့် နယ်စပ်ဒေသတွင် နေထိုင်သည့်သူများ၊ နှစ်အချက်မှာ နိုင်ငံတကာ အသိုက်အဝန်း၏ ပါဝင်ပတ်သက်မှုနှင့် သုံးအချက်မှာ UNHCR နှင့် WFP တို့၏ ပါဝင်ပတ်သက်မှုများ ဖြစ်ပါကြောင်း။

### ပြန်လာမည့်သူများကို စောင့်မျှော်

မကြာသေးမီက နိုင်ငံတကာအသိုက်အဝန်းက စိတ်ဝင်စားလေ့ရှိသော တစ်အချက်နှင့် ပတ်သက်ပြီး ရှင်းပြလိုသည်မှာ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၅ - ၁၆ ရက်နေ့က နေပြည်တော်တွင် ကျင်းပသော ပထမအကြိမ် ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးတွင် ဟိန္ဒူဘာသာဝင် ၅၀၈ ဦးနှင့် အစ္စလာမ်ဘာသာဝင် ၇၅၀ အပါအဝင် အမည်စာရင်း ၁၂၅၀ ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ မိမိတို့ပေးပို့ခဲ့ပါကြောင်း၊ ယခုအခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ပြန်လာမည့်သူများကို မိမိတို့ စောင့်မျှော်နေပါကြောင်း။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်က ဒါကာမြို့တွင် ကျင်းပသည့် မြန်မာ-ဘင်္ဂလားဒေ့ရှ် ပြည်ထဲရေးဝန်ကြီးများ အစည်းအဝေးတွင် ဘင်္ဂလားဒေ့ရှ်ဘက်မှ ပေးအပ်သည့် လူပေါင်း ၈၀၃၂ ဦး၏ အမည်စာရင်းကို မိမိတို့ရရှိခဲ့ပါကြောင်း။

စိစစ်ရေးလုပ်ငန်းများကို လူဝင်မှုကြီးကြပ်ရေးမှ တာဝန်ရှိသူများက လုပ်ဆောင်ခဲ့ပါကြောင်း၊ သို့သော်လည်း ဘင်္ဂလားဒေ့ရှ်ဘက်မှ လက်ခံရရှိသော ဖြည့်စွက်ရမည့် စာရွက်(Form)များမှာ နှစ်ဦးနှစ်ဖက် သဘောတူညီထားသည့် စိစစ်ရေး(Form)များ မဟုတ်သည်ကို တွေ့ရှိရပါကြောင်း။

ထို့ပြင် အဆိုပါ စိစစ်ရေး (Form) များမှာ နေထိုင်ရာအရပ်၊ မိသားစုတစ်ဦးချင်း၏ လက်မှတ်နှင့် လက်ဗွေ၊ ဓာတ်ပုံနှင့် အခြားသော အထောက်အထား အပါအဝင် အခြေခံသတင်းအချက်အလက်များ ပါဝင်မှုမရှိပါကြောင်း။

ထို့ကြောင့် သဘောတူညီထားသည့် စိစစ်ရေး(Form) ဖြင့်သာ အသုံးပြုရေးအတွက် ရန်ကုန်ရှိ ဘင်္ဂလားဒေ့ရှ်သံရုံးနှင့် ဒါကာရှိ မြန်မာသံရုံးမှတစ်ဆင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့က ဘင်္ဂလားဒေ့ရှ်ဘက်ကို မိမိတို့ အကြောင်းကြားခဲ့ပါကြောင်း။

### ခေါင်းဆောင်များနှင့် တွေ့ဆုံ

မြန်မာ- ဘင်္ဂလားဒေ့ရှ် နယ်နိမိတ်မျဉ်းအနီး ယာယီနေထိုင်သော လူများနှင့်ပတ်သက်ပြီး နိုင်ငံတကာမီဒီယာများက ရေးသားဖော်ပြမှုများရှိခဲ့ပါကြောင်း၊ အမှန်တကယ်မူ နှစ်နိုင်ငံအစိုးရအကြား လက်မှတ်ရေးထိုးခဲ့သည့် စာချုပ်ပါ အပိုဒ်(၁၄)ကို ရှင်းရှင်းလင်းလင်းသိရှိရန် ခရိုင်အာဏာပိုင်များနှင့်အတူ စောစောကတည်းကပင် ရှင်းပြထားခဲ့ပြီးဖြစ်ပါကြောင်း၊ ဥပမာအနေဖြင့် ဘင်္ဂလားဒေ့ရှ်အပါအဝင် အိမ်နီးချင်းနိုင်ငံများမှ သံတမန်များနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်က နယ်စပ်ဒေသသို့သွားပြီး ရွာသူရွာသားများ ၊ ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ပါကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်များသည် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်က အဆိုပါနယ်စပ်သို့ သွားရောက်ခဲ့သည့် ကျေးရွာအကြီးအကဲများနှင့် တွေ့ဆုံကာ မိမိတို့ နေရပ်သို့ ပြန်လာကြရန်နှင့် နှစ်နိုင်ငံအစိုးရအကြား ၁၉၉၈ ခုနှစ်က ချုပ်ဆိုထားသော စာချုပ်ပါ အချက်များကို လိုက်နာကြရန် တိုက်တွန်းခဲ့ပါကြောင်း။



ဒေါက်တာအောင်ထွန်းသက်
UEHRD ညှိနှိုင်းရေးမှူးချုပ်

နယ်နိမိတ်မျဉ်းအနီးရှိ နေသူများကို ပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာအာဏာပိုင်များက အကြမ်းဖက်သမားများ၏ အန္တရာယ်မှ တာဝန်ရှိသူများကို ကာကွယ်ရန် နယ်စပ်ဒေသတွင် နေထိုင်သောသူများနှင့် စေ့စပ်ညှိနှိုင်းခြင်း၊ အင်အားပြခြင်း

ထားသော အဆိုပါဒေသတွင် ဝင်ရောက်နေထိုင်မှုများကို ခွင့်ပြုမည်မဟုတ်ပါကြောင်း၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်က နေပြည်တော်တွင် နှစ်နိုင်ငံသဘောတူထားသည့် ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းများကို ARSA အစွန်းရောက် အကြမ်းဖက်အဖွဲ့က ပျက်ပြားသွားအောင် လုပ်ဆောင်ခဲ့စဉ်ကတည်းက နယ်နိမိတ်မျဉ်းအနီးတွင် တရားမဝင်နေထိုင်မှုကို မိမိတို့ခွင့်မပြုခဲ့ပါကြောင်း။

### လုံခြုံရေးတပ်ဖွဲ့ ပြန်လည်ရုပ်သိမ်းခဲ့

နယ်စပ်ဒေသတွင် နေထိုင်သူများနှင့် ရောနှောကာ အကြမ်းဖက်သမားများ ရှိနေနိုင်သဖြင့် မြန်မာနယ်ခြားစောင့်ရဲတပ်ဖွဲ့အနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ဒေသရှိ နေထိုင်သူများ ဘေးကင်းရေးအတွက် လိုအပ်သည့် ဆောင်ရွက်ချက်များကို ပြုလုပ်ခဲ့ရပါကြောင်း၊ အဓိကရည်ရွယ်ချက်မှာ တရားဥပဒေစိုးမိုးရေးအတွက်ဖြစ်သည့် ပြန်လည်ပို့ဆောင်ရေးအစီအစဉ်ကို မထိခိုက်ရန်ဖြစ်ပါကြောင်း၊ ယခုအခါ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ကို ပြန်လည် ရုပ်သိမ်းခဲ့ပြီး နယ်စပ်ရှိ လုံခြုံရေးနှင့် အစိုးရဝန်ထမ်းများကို ကာကွယ်ရန် အနည်းငယ်သော လုံခြုံရေးတပ်ဖွဲ့ဝင်များကိုသာ ထားရှိခဲ့ပါကြောင်း။

ရခိုင်ဒေသတွင် မိမိတို့၏ ကြိုးပမ်းဆောင်ရွက်မှုများနှင့် ပတ်သက်ပြီး နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် အပြုသဘောပါဝင်နိုင်သည့် အခန်းကဏ္ဍများစွာ ရှိပါကြောင်း၊ မိမိတို့လက်ရှိ အဓိကလုပ်ဆောင်ချက်မှာ လူသားချင်းစာနာ ထောက်ထားရေး၊ ပြန်လည်ပို့ဆောင်ရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် အဖွဲ့အစည်းနှစ်ရပ်အကြား ငြိမ်းချမ်းစွာ အတူတကွ နေထိုင်နိုင်ရေးတို့ ဖြစ်ပါကြောင်း။

နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ပကတိအခြေအနေကို သိရှိနားလည်ပြီး ပြန်လည်သင့်မြတ်ရေးနှင့် ရခိုင်ပြည်နယ်တွင်







တက်ရောက်လာကြသည့် သတင်းမီဒီယာများက သိရှိလိုသည်များ မေးမြန်းကြစဉ်။

ဟူသည့် နည်းလမ်းကို အသုံးပြုခဲ့ပါကြောင်း၊ မြန်မာအစိုးရသည် အဆိုပါဒေသအား ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့၏ ခြေကုပ်စခန်းအဖြစ် မခံနိုင်ပါကြောင်း။

မိမိတို့အနေဖြင့် ချမှတ်ထားသည့် အစီအစဉ်များအတိုင်း စိစစ်ရေးလုပ်ငန်းများ ပြီးဆုံးပါက ၎င်းတို့ကို ပြန်လည်ပို့ဆောင်ပေးမည်ဟု ပြောကြားခဲ့ပါကြောင်း၊ သူတို့ဘက်ကလည်း ဥပဒေကို လိုက်နာပြီး မူလနေရာသို့ ပြန်လာလိုသည်ဟု ပြောကြားခဲ့ပါကြောင်း၊ မြန်မာအာဏာပိုင်များက ၎င်းတို့၏ အရေးကိစ္စများကို ဆောင်ရွက်ရန် လုပ်သည့်အခါ ၎င်းတို့က ကြိုတင်သတ်မှတ်ချက်များဖြင့် တောင်းဆိုမှုများ ပြုလုပ်လာခဲ့ပါကြောင်း။

ဘေးကင်းစွာ ပြန်လည်ပို့ဆောင်ရေးနှင့် ပတ်သက်မှုမရှိဘဲ နိုင်ငံရေးနှင့်နွှယ်သည့် တောင်းဆိုမှုများကို ပေါ်ပေါ်တင်တင် တောင်းဆိုခဲ့သော Dil Mohamed ပြောကြားချက်များကို မီဒီယာများက ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်ခဲ့ကြပါကြောင်း။

နယ်စပ်ဒေသစာချုပ်နှင့် ဥပဒေအရ ၎င်းတို့နေထိုင်သည့် နယ်နိမိတ်မျဉ်းအနီး မည်သူတစ်ဦးတစ်ယောက်မျှ နေထိုင်ခွင့်မရှိပါကြောင်း၊ ယင်းဒေသသည် ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့၏ ခြေကုပ်စခန်းဖြစ်လာမည့် အခြေအနေရှိ၍ အန္တရာယ်ကြီးမားပါကြောင်း၊ ထို့ကြောင့် မြန်မာအစိုးရအနေဖြင့် ကန့်သတ်

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးခြင်းဖြင့် မိမိတို့ကို အကူအညီပေးနိုင်ပါကြောင်း။

မြန်မာအာဏာပိုင်များသည် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်က နေပြည်တော်တွင် UNHCR ကိုယ်စားလှယ်နှင့် UN ဌာနေညှိနှိုင်းရေးမှူးနှင့် တွေ့ဆုံခဲ့ပါကြောင်း၊ ၂၀၁၇ နိုဝင်ဘာ ၂၃ ရက်က နှစ်နိုင်ငံအကြား သဘောတူညီခဲ့သော ရခိုင်ဒေသမှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအစီအစဉ်နှင့်အညီ ပြန်လည်ပို့ဆောင်ရေး အစီအစဉ်များတွင် ပါဝင်ကူညီရန် အဆိုပါ အဖွဲ့အစည်းနှစ်ခုနှင့် မိမိတို့ဆွေးနွေးခဲ့ပါကြောင်း။

ပြန်လည်ပို့ဆောင်ရေး၊ ပြန်လည်နေရာချထားရေးအပြင် ရခိုင်ပြည်နယ်ရှိ လူ့အဖွဲ့အစည်းများအားလုံး အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် ဝိုင်းဝန်းလုပ်ဆောင်ရန် UNHCR နှင့် UNDP တို့အနေဖြင့် အသင့်တော်ဆုံးအချိန်ဟု မိမိတို့ယူဆပါကြောင်း၊ ပြန်လည်ပို့ဆောင်ရေး လုပ်ငန်းများတွင် ပါဝင်ကူညီရန် ၎င်းတို့၏ ကမ်းလှမ်းချက်များနှင့်အတူ ၂၀၁၈ ခုနှစ် မတ် ၉ ရက်က ပြန်လည် ရောက်ရှိ ခဲ့ပြီဖြစ်ရာ အစိုးရအနေဖြင့် ၎င်းတို့၏ ကမ်းလှမ်းချက်များကို စဉ်းစားသုံးသပ်လျက်ရှိပါကြောင်း။

*စာမျက်နှာ ၆ သို့*

> **“ ပြန်လည်ပို့ဆောင်ရေး၊ ပြန်လည်နေရာချထားရေးအပြင် ရခိုင်ပြည်နယ်ရှိ လူ့အဖွဲ့အစည်းများအားလုံး အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် ဝိုင်းဝန်းလုပ်ဆောင်ရန် UNHCR နှင့် UNDP တို့အနေဖြင့် အသင့်တော်ဆုံးအချိန်ဟု မိမိတို့ယူဆ ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီရန် ၎င်းတို့၏ ကမ်းလှမ်းချက်များနှင့်အတူ ၂၀၁၈ ခုနှစ် မတ် ၉ ရက်က ပြန်လည်ရောက်ရှိခဲ့ပြီဖြစ်ရာ အစိုးရအနေဖြင့် ၎င်းတို့၏ ကမ်းလှမ်းချက်များကို စဉ်းစားသုံးသပ်လျက်ရှိ ”**

*စာမျက်နှာ ၅ မှ*

လောလောဆယ်အနေဖြင့် Red Cross Movement, AHA Centre, Philippines Red Cross, Thai Red Cross Societies နှင့် ဒေသခံလုပ်အားပေးများမှ တစ်ဆင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ပေးအပ်နေပါကြောင်း၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလကတည်းကပင် ရခိုင်ပြည်နယ်၌ ၎င်းတို့၏ အစားအသောက်ထောက်ပံ့သည့် လုပ်ငန်းများ ပြန်လည်စတင်ရန် WFP ကို မိမိတို့ခွင့်ပြုခဲ့ပါကြောင်း၊ ယင်းမှာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၆-၂၈ က ရောမတွင် ကျင်းပသော အမှုဆောင်အဖွဲ့ အစည်းအဝေးတွင် တင်သွင်းခဲ့သည့် Myanmar Country Strategic Plan (2018-2022) ဆိုင်ရာ WFP ၏ အစီရင်ခံစာအရ ဖြစ်ပါကြောင်း။

### WFP က ပံ့ပိုးမှုပြုလုပ်

၂၀၁၇ ခုနှစ် နိုဝင်ဘာ ၆ ရက် WFP ဝင်ခွင့်ရရှိကတည်းက မောင်တောနှင့် ဘူးသီးတောင်မြို့နယ်တို့တွင် လစဉ် စားနပ်ရိက္ခာ ဖြန့်ဝေပေးခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် ၅၇၀၀၊ အသက် ငါးနှစ်အောက်ကလေး ၁၄၀၀ အပါအဝင် လူပေါင်း ၃၉၀၀၀ ကို WFP က ပံ့ပိုးမှု ပြုလုပ်ခဲ့ပါကြောင်း။

မြန်မာအစိုးရအနေဖြင့် ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် ပြုလုပ်ခဲ့သော ကတိကဝတ်များအပေါ် တာဝန်ရှိသည့် နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ စိစစ်ရေးလုပ်ငန်းများ ပြီးဆုံးပြီးနောက် စနစ်တကျ ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းအတွက် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၃ ရက်ကတည်းကပင် စတင်ရန် အသင့်ရှိနေခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာ အောင်ထွန်းသက်က ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံရန် အားလုံးအဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း၊ ပြန်လာမည့်သူများ အဆင်သင့်ဖြစ်အောင် UEHRD အနေဖြင့် ကြိုဆိုရေးစခန်းများ၊ လက်ခံရေးစခန်းများနှင့် နေရာချထားရေးစခန်းများကို ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် လူ့အခွင့်အရေးကာကွယ်ရေး၊ မတူကွဲပြားမှုများ၏ အလှတရားကို ဖော်ဆောင်ရေး၊ သည်းခံစိတ်ထားရှိရေးနှင့် လူတိုင်းအတွက် လုံခြုံမှုများကို ဖော်ဆောင်ရေးစသည့် အဓိကအချက်များကို လုပ်ဆောင်ထားပါကြောင်း။

နိုင်ငံတော်အစိုးရက မိမိကို တာဝန်ပေးထားသည့်အတွက် ပြန်လာမည့်သူများကို လက်ခံရေး၊ ကြိုဆိုရေး၊ နေရာချထားရေးနှင့် ၎င်းတို့အတွက် အသက်မွေးဝမ်းကျောင်း စသည့် လုပ်ငန်းများကိုလည်း မိမိတို့ဘက်က ဆောင်ရွက်ပေးရန်ရှိပါကြောင်း၊ UEHRD အနေဖြင့် စီးပွားရေးအခွင့်အလမ်းများ ပေါ်ထွန်းလာစေရန် ပြန်လည်ဖန်တီးပေးမည်ဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှုနှင့်ပတ်သက်၍လည်း မိမိတို့ UEHRD အနေဖြင့် လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် လူသားချင်းစာနာထောက်ထားသည့် အကူအညီများ ထိရောက်စွာပေးအပ်ရေး၊ ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းကြရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရေးကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

UEHRD ၏ ထူးခြားချက်သည် နိုင်ငံတော်အစိုးရက လုပ်ဆောင်ခြင်းမဟုတ်ဘဲ အမျိုးသားတုံ့ပြန်မှုအနေဖြင့် ပုဂ္ဂလိကရော၊ ပြည်သူရော အားလုံးပေါင်းပြီး လုပ်ဆောင်ခြင်းဖြစ်ပါကြောင်း၊ UEHRD နှင့်ပတ်သက်သည့်လုပ်ငန်းများကို ခွဲလျှင် ၁၀ ခုလောက်ရှိကြောင်း၊ အရေးကြီးဆုံးကတော့ လုပ်ငန်းရှင်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တိုင်းဒေသကြီးအစိုးရနှင့် ခရိုင်တာဝန်ရှိသူများ အားလုံးပေါင်းစပ်ပြီး လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းရာတွင် ယနေ့သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတကာသို့ အဓိကပေးလိုသည့် အကြောင်းအရာ၊ အချက်အလက်က ဘာဖြစ်မလဲဆိုသည့် မေးခွန်းနှင့်ပတ်သက်၍ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက "ကျွန်တော်တို့ကို ကူညီပေးပါ၊ နားလည်ပေးပါ၊ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံတကာမီဒီယာရဲ့ပံ့ပိုးမှုကြောင့် ဒီမိုကရေစီလမ်းကြောင်းပေါ်ကိုရောက်ခဲ့ပြီ၊ အဲဒီလမ်းကြောင်းပေါ်မှာ ရှေ့ဆက်ပြီးတော့ လျှောက်လှမ်းနိုင်ဖို့အတွက် ကူညီပါလို့ မေတ္တာရပ်ခံချင်ပါတယ်"ဟု ဖြေကြားသည်။

ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဖမ်းဆီးရမိသူများအား မည်သည့်ပုဒ်မများနှင့် အရေးယူထားသည်၊ မည်သည့်ပြစ်ဒဏ်များချမှတ်သည်၊ လက်ရှိအရေအတွက် မည်မျှရှိသည် စသည့် မေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲရေးချုပ် ရဲမှူးချုပ် ဝင်းထွန်းက "ဖမ်းဆီးထားတဲ့ ၃၈၄ ဦးထဲမှာ အကြမ်းဖက်မှုဥပဒေနဲ့ အရေးယူထားတာ ၂၄၈ မှု၊ လက်နက်ဥပဒေနဲ့ အရေးယူထားတာ ငါးမှုရှိပါတယ်၊ အချို့သူတွေကျတော့ တစ်ဦးတည်းကနေ နှစ်မှု၊ သုံးမှု စသည်အားဖြင့် ထပ်နေတာလည်း ရှိပါတယ်၊ ဒါကြောင့် စုစုပေါင်းအမှု ၂၅၃ မှုရှိပါတယ်၊ ဆက်စပ်ဖြစ်စဉ်တွေဆိုတာကတော့ မီးရှို့မှု၊ မီးပေါ့်ဆမှု၊ ဆဲဆိုခြိမ်းခြောက်မှု၊ ပုန်းလျှိုးကျော်နင်းမှု၊ ယာဉ်တိမ်းမှောက်မှု၊ နာကျင်မှု၊ ခိုးမှု၊ မတရားအသင်း၊ လူသတ်မှု၊ မုဒိမ်းမှု၊ လက်နက်မှု၊ လုယက်မှု စတာတွေနဲ့ အရေးယူထားတာဖြစ်ပါတယ်၊ ကျွန်တော်တို့ ဖမ်းဆီးခဲ့တဲ့ ၃၈၄ ဦးကို အမှုစစ်ကြောလိုက်တဲ့အခါမှာ မပေါ်လို့ လွတ်သွားတဲ့ ဦးရေက ၂၉ ဦးရှိပါတယ်၊ ချုပ်နှောင်ထားတဲ့ အခုလက်ရှိ တရားခံပေါင်းက ၃၅၅ ဦး ရှိနေပါသေးတယ်"ဟု ဖြေကြားသည်။

◆ **UEHRD အနေဖြင့် စီးပွားရေးအခွင့်အလမ်းများ ပေါ်ထွန်းလာစေရန် ပြန်လည်ဖန်တီးပေးမည်ဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှုနှင့် ပတ်သက်၍လည်း မိမိတို့ UEHRD အနေဖြင့် လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိ**

◆ **လူသားချင်းစာနာထောက်ထားသည့် အကူအညီများ ထိရောက်စွာပေးအပ်ရေး၊ ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းကြရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရေးကို ဆောင်ရွက်ပေးလျက်ရှိ**



တက်ရောက်လာကြသည့် သတင်းမီဒီယာများက သိရှိလိုသည်များ မေးမြန်းစဉ်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေက ဆက်လက်ဖြေကြားရာတွင် "မောင်တောဖြစ်စဉ်ဖြစ်ခဲ့တဲ့ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့ကနေ ပြီးတော့ ယနေ့အချိန်အထိ မောင်တောခရိုင်အတွင်းမှာ မူလလူဦးရေကတော့ ၁၀၀၅၄၂၉ ဦး ရှိပါတယ်၊ လက်ရှိနေထိုင်လျက်ရှိတာက ၄၆၉၆၆၅ ဦး နေထိုင်လျက်ရှိပါတယ်၊ နေရပ်စွန့်ခွာသွားတာ ၅၃၅၇၆၄ ဦး ရှိပါတယ်"ဟု ဖြေကြားသည်။

ပြန်လည်လက်ခံရေးအတွက် စိစစ်ပြီးသည့် လူဦးရေ ၃၀၀ ကျော်နှင့်ပတ်သက်၍ မေးခွန်းကို လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြေလှိုင်က ဖြေကြားရာတွင် "ဘင်္ဂလားဒေ့ရှ်ဘက်ကနေပြီး ပြည်ထဲရေးကို ဖေဖော်ဝါရီလထဲမှာ လူဦးရေ ၈၀၀၀ ကျော်စာရင်းကို ပေးလိုက်တယ်၊ ကျွန်တော်တို့ ပေးတဲ့ပုံစံနဲ့ ပြန်ပေးတာမဟုတ်ပါဘူး၊ သူတို့ပြုလုပ်ထားတဲ့ ပုံစံတစ်ခုနဲ့ပေးလိုက်ပါတယ်၊ အဲဒီထဲမှာ အိမ်ထောင်စု ၁၆၇၃ စုပါဝင်ပါတယ်၊ လူဦးရေက ၈၀၃၂ ဦးဖြစ်ပါတယ်၊ ကျွန်တော်တို့ ပြန်ပြီးစိစစ်တဲ့အခါ မနေ့ကအထိ အိမ်ထောင်စု ၉၃ ခု စိစစ်ပြီးဖြစ်ပါတယ်၊ လူဦးရေအားဖြင့် ၃၅၆ ဦး စိစစ်ပြီးဖြစ်ပါတယ်၊ အဲဒီအထဲမှာ အကြမ်းဖက်မှုထဲမှာ ပါဝင်နေတာ သုံးဦးတွေ့ရှိရပါတယ်၊ နှစ်နိုင်ငံသဘောတူညီချက်တွေအရ ဒီကနေပုံစံတွေကို ပို့ထားခဲ့ပါတယ်၊ အဲဒီပုံစံတွေကို ဖြည့်ပေးဖို့ ပြောထားပါတယ်"ဟု ဖြေကြားသည်။

### လက်ခံဖို့ အဆင်သင့်ဖြစ်နေ

တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သူများ ပြန်လည်လက်ခံမည့်အစီအစဉ်၊ ကျေးရွာများတွင် အုပ်ချုပ်ရေးစခန်းများ တည်ဆောက်နေသည်ဟု စွပ်စွဲမှုနှင့် မြန်မာနိုင်ငံကို အရေးယူရန် ကုလသမဂ္ဂနှင့် နိုင်ငံတကာမှ ဖိအားပေးနေသည့်အပေါ် အစိုးရအနေနှင့် မည်သို့တုံ့ပြန်မည်ကို သိရှိလိုကြောင်း မေးခွန်းအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမြင့်သူက "ကျွန်တော်တို့ စောစောက ရှင်းပြသလိုပဲ ဇန်နဝါရီလ ၂၃ ရက်နေ့ကတည်းက လက်ခံဖို့ အဆင်သင့်ဖြစ်နေပါပြီ၊ တောင်ပြိုလက်ဝဲနဲ့ငါးခူရစခန်းမှာ ပြန်လည်လက်ခံပေးဖို့ ကျွန်တော်တို့ ဝန်ထမ်းတွေအားလုံး အဆင်သင့်ဖြစ်နေပါပြီ"ဟု ဖြေကြားသည်။

ဆက်လက်၍ ဒေါက်တာအောင်ထွန်းသက်က "လက်ခံတဲ့ပုံစံအဆင့် သုံးဆင့်ကို သိဖို့လိုပါတယ်၊ ပထမဆုံးအဆင့်ကတော့ တောင်ပြိုလက်ဝဲနဲ့ ငါးခူရမှာ ကြိုဆိုရေးစခန်း ရှိပါတယ်၊ အဲဒီစခန်းမှာ စစ်ဆေးပြီးပြီးချင်း လက်ခံပြီး သူတို့အတွက် နေရာချထားဖို့ စီစဉ်ပေးတာပါ၊ အခုအပြောအဆိုခံနေရတာတော့ အဲဒီနေရာချထားတဲ့နေရာတွေမှာ ဘယ်လိုဘယ်နည်းဆောင်ရွက်နေတယ်ဆိုတာ သိချင်ကြတာပါပဲ၊ ကျွန်တော်တို့အမြင်ကတော့ ရိုးရိုးသားသားရှင်းလင်းနေတာပါ၊ လာတဲ့သူတွေအတွက် အဆောင်တွေ ဆောက်ပေးဖို့လိုတယ်၊ အဲဒီလိုဆိုတော့ ရှိတဲ့အခြေအနေကို အဆင်အပြေဆုံးဖြစ်အောင် မြေယာရှင်းလင်းရေးလုပ်တာရှိပါတယ်၊ မြေယာရှင်းလင်းရေးလုပ်တဲ့ သွေးရိုးသားရိုးကိစ္စကို တခြားအဓိပ္ပာယ်ကောက်တဲ့ ပုံစံတွေရှိတာတွေ့ရတယ်၊ ကိုယ့်ဘက်ကတော့ လိပ်ပြာသန့်ပါတယ်၊ အခုအကွက်တွေချနေပါပြီ၊ ဘာကြောင့်လဲဆိုတော့ ရွာတွေကို စနစ်တကျ ပြန်လည်တည်ဆောက်ဖို့ဆိုရင် မြေကြီးတွေရှင်းမှရမှာပါ၊ ဒါကိုယ့်ရဲ့ လက်ရှိအနေအထားကိုပြောတာပါ၊ ပြီးသွားရင်တော့ အဆောက်အဦတွေ ဆောက်ဖို့ လုပ်နေတာရှိပါတယ်။

### ကြိုးစားတာက ကိုယ့်ဘက်ကလုပ်နိုင်တာ

"အဆောက်အဦတွေဆောက်ဖို့ အဆောက်အဦပစ္စည်းတွေကို အဆင်သင့်ဖြစ်အောင် ကြိုးစားနေတာဖြစ်ပါတယ်၊ ပြန်လာတဲ့သူတွေအားလုံးကို ကြိုဆိုတယ်၊ လုံခြုံမှုရှိအောင်၊ သိက္ခာရှိအောင် ကြိုးစားကြည့်မှာပါ၊ ဒါပေမယ့် အဲဒီလိုကြိုးစားတာက ကိုယ့်ဘက်ကလုပ်နိုင်တာ၊ ဖိအားပေးတာကတော့ သူတို့ကပေးတာပါ၊ အလုပ်နဲ့ သက်သေပြကြည့်တာပေါ့၊ မြန်မာနိုင်ငံကို အရေးယူဖို့ နိုင်ငံတကာဖိအားကို ဘယ်လိုလုပ်မလဲဆိုတော့ အက်ရှင်နဲ့လုပ်ပါမယ်"ဟု ဖြေကြားသည်။

ရခိုင်ပြည်နယ်သို့ Media Trip များ စေလွှတ်ရာတွင် အစိုးရစီစဉ်သည့်နေရာကိုသာ သွားရမည်(သို့) သွားလိုသည့်နေရာကို စီစဉ်ပေးမည်(သို့) မိမိအစီအစဉ်ဖြင့် သွား၍ ရ၊ မရ ကိစ္စနှင့်ပတ်သက်၍ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက "ကျွန်တော်ပြောတဲ့အထဲမှာ ပါပါတယ်၊ လောလောဆယ်မှာ လုံခြုံရေးစိုးရိမ်ရတယ်၊ သွားရေးလာရေး အခက်အခဲရှိတယ်၊ တချို့နေရာတွေဆိုရင် ရဟတ်ယာဉ်နဲ့သွားရတယ်၊ တည်းဖို့ပြုဖို့ကလည်း အခက်အခဲရှိတယ်၊ လောလောဆယ်မှာတော့ Guided Trip ပဲ လုပ်ပေးနိုင်တယ်၊ သို့သော် သွားသင့်သွားထိုက်တဲ့နေရာတွေတော့ ထည့်ဖြစ်အောင်လုပ်နေပါတယ်၊ တောင်းဆိုမှုတွေရှိပါတယ်၊ လုံခြုံရေးတာဝန်ယူရတဲ့ ပုဂ္ဂိုလ်တွေရဲ့ သူတို့ရဲ့ သဘောထားပေါ်မှာ မူတည်ပြီးတော့ စီစဉ်ဆောင်ရွက်ပေးပါမယ်"ဟု ဖြေကြားသည်။

မောင်တောဒေသရှိ ကလေးငယ်များ အာဟာရချို့တဲ့နေခြင်းအား Slow Ethnic Cleansing ဟု စွပ်စွဲနေခြင်းအပေါ် အစိုးရအနေဖြင့် မည်သို့တုံ့ပြန်မည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက "ရခိုင်ပြည်နယ်မှာရှိတဲ့ ဘင်္ဂါလီကလေးငယ်တွေရဲ့ အာဟာရဖွံ့ဖြိုးမှုနဲ့ ပတ်သက်ပြီး အမျိုးမျိုးပြောကြတာတွေ ရှိပါတယ်၊ တချို့ဟာတွေကလည်းပဲ တိကျမှန်ကန်တဲ့ Data အထောက်အထားတွေနဲ့ ပြောတာ မဟုတ်ပါဘူး၊ အဲဒီအတွက်ကြောင့် ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ဦးစီးပြီးတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ ကလေးတွေအတွက် Nutritional Statistics Survey Micro Nutrient Survey တစ်ခု ဆောင်ရွက်နေတာရှိပါတယ်၊ ဒါဟာဆိုရင် တစ်နိုင်ငံလုံးမှာရှိတဲ့ ကလေးတွေရဲ့ Nutritional Statistics ကို ကြည့်ရင် ရခိုင်ပြည်နယ်တစ်ခုတည်း မဟုတ်ဘူး၊ တခြားပြည်နယ်တွေမှာရော ဘယ်လိုအခြေအနေရှိလဲဆိုတာ သိလာနိုင်မှာဖြစ်ပါတယ်၊ ရခိုင်ပြည်နယ်တစ်ခုတည်း ကွက်ကွက်ကွင်းကွင်း သတ်သတ်မှတ်မှတ် Malnutrition၊ Under Nutrition ဖြစ်နေတာ မဟုတ်ဘူးဆိုတာကို ကျွန်တော်အနေနဲ့ တင်ပြလိုပါတယ်။

### အပြည့်အဝထောက်ပံ့ဆောင်ရွက်လျက်ရှိ

"ဒ့ါအပြင် ရခိုင်ပြည်နယ်အတွက်ကို အထူးဦးစားပေး အစီအစဉ်အနေနဲ့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနအနေနဲ့ Nutrition နဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေကို အများကြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်၊ ဒီကလေးတွေအတွက်လိုအပ်တဲ့ အစားအသောက်ဆိုလည်း World Food Programme- WFP ကနေ လိုအပ်တဲ့ Food တွေ Supply လုပ်နေသလို၊ လိုအပ်တဲ့ Supplementary တွေ၊ လိုအပ်တဲ့ Vitamin တွေ၊ Micro-Nutrient တွေ ဒါတွေကိုလည်း အပြည့်အဝ ထောက်ပံ့ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

"ဒ့ါပြင် Malnutrition ကိစ္စဟာ ဦးစီးဌာနတစ်ခုတည်းနဲ့ သက်ဆိုင်တာ မဟုတ်ပါဘူး၊ Multi Ministry နဲ့ သက်ဆိုင်နေတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဦးစီးဌာနတွေ၊ ဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းပြီး ကျွန်တော်တို့ရဲ့ Master Plan တွေဆွဲပြီး ဆောင်ရွက်နေတာတွေလည်းပဲ ရှိပါတယ်၊ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ ကလေးတွေမှာ ဖြစ်တတ်တဲ့ ကူးစက်ရောဂါတွေကြောင့်လည်းပဲ Malnutrition တွေ ဖြစ်နိုင်တဲ့အတွက် ကူးစက်ရောဂါတွေအတွက် လိုအပ်တဲ့ ကာကွယ်ဆေးထိုးလုပ်ငန်းတွေကိုလည်း အထူးမြှင့်တင်ပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။

### ကြိုတင်ပြင်ဆင်မှုများ လုပ်ထား

"ဒ့ါပြင် Malnutrition ကို ဖြစ်စေတဲ့အကြောင်းအရင်းတစ်ခုကတော့ သန်ကောင်၊ တုတ်ကောင်၊ Infestation ရဲ့ Infection တွေပါ၊ ဒါတွေအတွက်လည်း ကျွန်တော်တို့တွေက ပုံမှန်သန်ချတဲ့လုပ်ငန်းတွေ လုပ်ပေးနေတာတွေလည်းပဲ ဆောင်ရွက်လျက်ရှိပါတယ်၊ ဒ့ါပြင် တစ်ဆက်တည်းမှာပဲ တင်ပြလိုတာကတော့ ပြန်လည်ဝင်ရောက်လာမယ့် ပြန်လည်ဝင်ရောက်လာသူတွေမှာ ပါဝင်လာမယ့် ကလေးတွေ၊ ကိုယ်ဝန်ဆောင်တွေအတွက်လည်း ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနက ကြိုတင်ပြင်ဆင်မှုများ လုပ်ထားပါတယ်၊ Nutrition နဲ့ ပတ်သက်တဲ့ Survey တွေ၊ လိုအပ်တဲ့ ကိုယ်အရပ်တိုင်းတာ၊ အလေးချိန်တိုင်းတာ ဒါတွေကိုလည်း Monitor လုပ်ထားပါမယ်။

"အဲဒီမှာ Malnutrition တွေပါလာရင် ချက်ချင်း Treatment ပေးနိုင်အောင်လည်း Facilities တွေ ဆောင်ရွက်ထားပါတယ်၊ ကျွန်တော်တို့အနေနဲ့ Nutrition နဲ့ ပတ်သက်ပြီးတော့ ချက်ချင်း တစ်ရက်နှစ်ရက်နဲ့ လုပ်ဆောင်ခွင့်ရတဲ့ ကိစ္စမဟုတ်ပါဘူး၊ နှစ်ရှည်လများဆောင်ရွက်မှ ဒီ Nutrition ကိစ္စဟာ ဆောင်ရွက်အောင်မြင်မှာ ဖြစ်ပါတယ်၊ ဒါကြောင့်မို့

*စာမျက်နှာ ၇ သို့*

စာမျက်နှာ ၆ မှ

ဒီအခြေအနေတွေကို တိတိကျကျ သိသာနိုင်ဖို့အတွက် ဒီ Survey ကို လုပ်နေတာဖြစ်ပါတယ်၊ ဒီ Survey ဟာ ဒီ April မှာ ပြီးပါမယ်၊ အဲဒါပြီးတဲ့အခါမှာ ထွက်ရှိလာတဲ့ အခြေအနေတွေပေါ်မှာ မူတည်ပြီးတော့ ဝန်ကြီးဌာနမှာရှိတဲ့ Nutrition Project ကို ကိုင်တွယ်နေတဲ့ ဌာနကနေပြီးတော့ လိုအပ်တဲ့ လက်ရှိလုပ်ဆောင်နေတဲ့ လုပ်ငန်းတွေထက် ပိုမိုကောင်းမွန်တဲ့၊ ပီပြင်တဲ့၊ အကျိုးရှိတဲ့ လက်တွေ့အသုံးကျနိုင်တဲ့ လုပ်ငန်းတွေကို ထပ်ပြီးတော့ ဖြည့်တင်းပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ ဒီလို ဆောင်ရွက်တဲ့အခါမှာလည်း ကျွန်တော်တို့တစ်ခုတည်း မဟုတ်ပါဘူး၊ International က ဖြစ်တဲ့ WHO ၊ UNICEF တို့နဲ့ Support တွေနဲ့လည်း ဆောင်ရွက်လျက်ရှိကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်''ဟု ဖြေကြားသည်။

**ပြတ်ပြတ်သားသား အာမခံ**

ရခိုင်အရေးနှင့်ပတ်သက်၍ Ethnic cleansing၊ Genocide ဖြစ်သည်ဟု အနောက်နိုင်ငံများက သတ်မှတ်နေမှုအပေါ် မည်သို့တုံ့ပြန်မည်နှင့် စစ်တွေနှင့် ကျောက်ဖြူရှိ IDP စခန်းများကို ပိတ်သိမ်း၍ မည်သို့နေရာချထားမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဒေါက်တာ အောင်ထွန်းသက်က "ဒီနှစ်ခုလုံးက နိုင်ငံတကာစွပ်စွဲချက်ထဲမှာ အပြင်းထန်ဆုံး စွပ်စွဲချက်နှစ်ခု ဖြစ်ပါတယ်၊ Ethnic cleansing, Genocide ဆိုတာဟာ ကျွန်တော်တို့ လွန်ခဲ့တဲ့အပတ်က ဂျီနီဗာမှာရော၊ ဘာလင်မှာရော ဒီမေးခွန်းမေးကြပါတယ်၊ ဒီလိုမေးတဲ့အခါမှာ ကျွန်တော့်အနေနဲ့ နိုင်ငံတော်အနေနဲ့ ပြတ်ပြတ်သားသား အဖြေပေးတာတော့ Ethnic cleansing မရှိပါဘူး၊ ဒါက ပြတ်ပြတ်သားသား အာမခံတဲ့အခြေအနေကို တင်ပြတာပါ၊ ဒါကတော့ ရှင်းပါတယ်၊ ဘာမှ မေးခွန်းလည်း ထုတ်စရာမရှိဘူး၊ တစ်ခုရှိတာက ကိုယ့်နိုင်ငံမှာ ဖြစ်တာတွေ အားလုံးကို Ethnic cleansing လို့ ပြောလိုက်တာနဲ့၊ Genocide လို့ ပြောလိုက်တာနဲ့ ကျွန်တော်တို့နိုင်ငံမှာ အဲဒီလိုအခြေအနေ လုံးဝမရှိပါဘူး၊ မဟုတ်ပါဘူးလို့ ပြောရတာ အင်မတန်ခက်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ ကိုယ့်လိပ်ပြာကိုယ်သန့်ပါတယ်''ဟု ဖြေကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေက "ရခိုင်ပြည်နယ်မှာ စစ်တွေ၊ ပေါက်တော၊ ကျောက်တော်၊ မြေပုံ၊ ကျောက်ဖြူ စုစုပေါင်း IDP စခန်း ၁၉ ခုရှိပါတယ်၊ ဒါတွေကို ၂၀၁၄၊ ၂၀၁၅ ခုနှစ်ကနေစပြီးတော့ နှစ်အလိုက် စခန်းတွေကို ဖျက်သိမ်းပြီးတော့ မူလအနေအထားရောက်အောင် ပြောင်းရွှေ့ခဲ့ပါတယ်၊ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ပေါက်တောမြို့နယ်၊ မြောက်ဦးမြို့နယ်၊ ကျောက်တော်မြို့နယ်၊ မင်းပြားမြို့နယ် စခန်းလေးခုကနေ အိမ်ခြေ ၁၆၈၀ ကို ကျွန်တော်တို့ ရွှေ့ပြောင်းနိုင်ခဲ့ပါတယ်၊ အလားတူ ၂၀၁၅-၂၀၁၆ ခုနှစ်မှာလည်း အိမ်ခြေပေါင်း ၂၅၁၃ ကို စခန်းခုနစ်ခုကနေ ရွှေ့ပြောင်းနိုင်ခဲ့ပါတယ်။

"၂၀၁၆-၂၀၁၇ ခုနှစ်မှာ ပေါက်တော IDP က ၃၆၅ အိမ်ကို ရွှေ့ပြောင်းပေးနိုင်ခဲ့ပါတယ်၊ အချုပ်အားဖြင့်ပြောမယ်ဆိုရင် IDP စခန်းဟာ ရခိုင်ပြည်နယ်အတွင်းမှာ စစ်တွေမြို့နယ်နဲ့ ကျောက်ဖြူမြို့နယ် နှစ်နေရာမှာပဲ ကျန်ပါတယ်၊ ဒီနှစ်နေရာမှာ စစ်တွေခရိုင်ထဲမှာရှိတဲ့ မြေပုံတောင်ပေါ် IDP စခန်းကို ရွှေ့ပြောင်းဖို့အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်၊ IDP စခန်းတွေကို ဖျက်သိမ်းတဲ့အခါမှာ မူလနေရာမှာ ပြန်လည်နေရာချထားဖို့ဆိုတဲ့အချက်က အဓိကအရေးကြီးတာဖြစ်တဲ့အတွက် ဒီအချက်ကိုရရှိဖို့ ပေါင်းစပ်ညှိနှိုင်းပြီးတော့ ဆောင်ရွက်နေရတာတွေရှိပါတယ်၊ ဒါကြောင့် အချိန်ယူပြီး ဆောင်ရွက်ရတာဖြစ်ပါတယ်၊ ဒီနှစ်မှာ ကျောက်ဖြူ IDP စခန်းကို မူလနေရာမှာ ပြန်လည်နေရာချထားဖို့အတွက် ကျွန်တော်တို့အနေနဲ့ မြေပြင်မှာညှိနှိုင်းလျက်ရှိကြောင်း တင်ပြအပ်ပါတယ်''ဟု ရှင်းလင်းပြောကြားသည်။

# ❐ ကိုယ့်နိုင်ငံသည် လွတ်လပ်တဲ့ နိုင်ငံ၊ သူတို့ပြောတာတွေအားလုံးကို လက်မခံဘူး မဟုတ်ဘူး၊ ကိုယ့်နိုင်ငံက ကိုယ့်နိုင်ငံပဲ၊ ဒါသူတို့အကြောင်းနဲ့ သူတို့၊ သူတို့ကို မပြောဘူး၊ ဒါပေမယ့် ကိုယ့်ဘက်ကတော့ ကိုယ်လုပ်စရာရှိတာကို လုပ်မယ်။

# ❐ ကျွန်တော်တို့မှာ အင်မတန်မှ ထိလွယ်၊ ရှလွယ်၊ သိမ်မွေ့လွယ်တဲ့ ကာလဖြစ်ပါတယ်၊ ဒီကာလမှာ အနှောင့်အယှက်ဖြစ်မယ့်ဟာတွေအားလုံးကို တတ်နိုင်သမျှ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးနဲ့ အချင်းချင်းစည်းလုံးပြီးတော့ နားလည်မှုရှိအောင်လုပ်ဖို့လို

**အားလုံးမျှမျှတတ စဉ်းစားတတ်ဖို့လို**

ပြန်လည်လက်ခံရေးဆောင်ရွက်ရာတွင် နေရပ်ပြန်သူများအနေဖြင့် လုံခြုံမှုမရှိမည်ကို စိုးရိမ်ခြင်းအပေါ် ဆောင်ရွက်ပေးမည့်အခြေအနေနှင့် စပ်လျဉ်း၍ ဒေါက်တာ အောင်ထွန်းသက်က "ဒီဖြစ်စဉ်မှာ အပိုင်းသုံးပိုင်းရှိပါတယ်၊ ပထမအပိုင်းက အကြမ်းဖက်တိုက်ခိုက်တာ၊ တကယ်တမ်းတိုက်ခိုက်တာ တော်ရုံတန်ရုံ လွယ်တာမဟုတ်ဘူး၊ စခန်း ၃၀ ကို တစ်ပြိုင်တည်း တိုက်ခိုက်တာ၊ ဘာမှမပြောဘူး၊ ဒါပေမယ့် ဒုတိယအပိုင်းဖြစ်တဲ့ တပ်ဖွဲ့ဝင်တွေရဲ့ တုံ့ပြန်မှု၊ လိုတာတို့၊ ပိုတာတို့ ဒါတွေ ပြောကြတာရှိတယ်၊ တတိယအပိုင်းအနေနဲ့ နိုင်ငံတော်အစိုးရအနေနဲ့ရော၊ ပြည်သူတွေအနေနဲ့ရော အဆင်ပြေအောင် ပြန်လည်ထူထောင်ရေးလုပ်နေတဲ့အကြောင်းကို လုံးဝ အာရုံမရှိကြဘူး၊ ဒါကြောင့် မီဒီယာတွေကို ပန်ကြားချင်တာတော့ တစ်နဲ့ သုံးကို ပြောပါလို့ မပြောပါဘူး၊ နှစ်ကို ပြောတဲ့အချိန်မှာ တစ်နဲ့ သုံးကို သတိထားဖို့လိုပါတယ်၊ အားလုံး မျှမျှတတ စဉ်းစားတတ်ဖို့ လိုပါတယ်၊ အထူးသဖြင့် ပြည်တွင်းမီဒီယာက သတိထားဖို့လိုပါတယ်၊ နိုင်ငံခြားမီဒီယာကတော့ သူတို့ရဲ့ သဘောထားတွေနဲ့ တစ်၊ နှစ်၊ သုံး ရှိတာကို သိလျက်နဲ့ ဖော်ထုတ်တာတို့၊ ဦးစားပေးတာ တစ်မျိုးပါ၊ တတ်နိုင်ရင်တော့ တစ်ရော၊ နှစ်ရော သုံးရော အပိုင်း သုံးပိုင်းစလုံးကို တင်ပြပေးပါလို့ တောင်းပန်ချင်ပါတယ်''ဟု ဖြေကြားသည်။

**မိုးစပါးစိုက်ကေ တစ်သောင်းအတွက် စီမံချက်ချထား**

ရခိုင်ပြည်နယ်မြောက်ပိုင်း နေရပ်စွန့်ခွာသူများ၏ လယ်ကွင်းများတွင် ဆက်လက်စိုက်ပျိုးမည့်ကိစ္စ သိရှိလိုခြင်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်က "ခုနက မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ ပြင်ဆင်ထားရှိတာက မောင်တောမြို့နယ်အတွင်း စုစုပေါင်း ဧက ၇၁၀၀၀ ရှိပါတယ်၊ ဧက ၇၁၀၀၀ လုံးတော့ မစိုက်နိုင်ဘူး၊ ဒါပေမယ့် အခြေအနေပေးတဲ့ နေရာဒေသတွေမှာ မောင်တောမြို့နယ်မှာ မိုးစပါးစိုက်ဧက တစ်သောင်းအတွက် ကျွန်တော်တို့ စီမံချက်ချထားပြီး ဖြစ်ပါတယ်၊ မိုးစပါးဧက တစ်သောင်းကို စိုက်တဲ့အခါမှာ ပြန်လည်ဝင်ရောက်လာတဲ့သူတွေ နေရာချထားမယ့် ကျေးရွာအုပ်စု ၁၁ အုပ်စုကို အခြေခံပြီးတော့ တစ်ဆက်တစ်စပ်တည်း တည်ရှိတဲ့ ကျေးရွာအုပ်စု ခြောက်အုပ်စု အပါအဝင် စုစုပေါင်း ကျေးရွာအုပ်စု ၁၇ အုပ်စုမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်မှာရှိတဲ့ စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနဲ့ လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းဦးစီးဌာနတို့ ညှိနှိုင်းပြီးတော့ မိုးစပါးစိုက်ဧကတစ်သောင်းကို စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်ကြီးများနဲ့ ထယ်တစ်လှည့်၊ ထွန်နှစ်လှည့်နှုန်း ထွန်ရက်ပေးသွားမှာဖြစ်ပါတယ်။

"စိုက်ပျိုးမယ့် နည်းစနစ်ကတော့ အခုလည်း ကျင့်သုံးနေကြတဲ့ ကြဲပက်စနစ်ပဲ ဖြစ်ပါတယ်၊ ကျွန်တော်တို့အနေနဲ့ အပြည့်အဝ စီမံချက်ဆွဲထားပြီးဖြစ်ပါတယ်၊ မောင်တောမြို့နယ်မှာ ဧက တစ်သောင်း စိုက်ပျိုးသွားမှာဖြစ်ပါတယ်'' ဟု ဖြေကြားသည်။

**ကိုယ်လုပ်နိုင်တာတွေလုပ်ဖို့တာဝန်ရှိ**

R2P နှင့် ပတ်သက်၍ စိုးရိမ်မှုများရှိနေပြီး နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များသည် နိုင်ငံကို အရေးယူရန် ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်နှင့် နိုင်ငံများ၏ လုပ်ရပ်များကိုရပ်တန့်နိုင်ရန် စွမ်းဆောင်နိုင်မှု ရှိ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒေါက်တာ အောင်ထွန်းသက်က "သူများစွပ်စွဲတာတွေအားလုံး မမှန်ကန်ဘူးဆိုတာ ကျွန်တော်တို့ ပြည်တွင်းရော၊ ပြည်ပမှာရော သွားနေတာ၊ ကိုယ့်အကြောင်းကို ကိုယ်တင်ပြမှာပါ၊ ခုနကပြောသလို စွပ်စွဲတာလည်း စွပ်စွဲတာ၊ R2P လုပ်တဲ့သူတွေလည်း လုပ်တာပဲ၊ ဒါပေမယ့် ကိုယ့်ဘက်ကတော့ ကိုယ်လုပ်နိုင်တာတွေ လုပ်ဖို့တာဝန်ရှိပါတယ်၊ အဲဒါကိုတော့ စိတ်ချစေချင်တယ်၊ ဒီအတိုင်း လက်ပိုက်ကြည့်ပြီးတော့ လုပ်သမျှအားလုံးခံမယ့် အနေအထားမဟုတ်ဘူး၊ ကျွန်တော်တို့ ခံစရာအကြောင်းလည်း မရှိဘူး၊ ခံမယ့်လူမျိုးလည်း မဟုတ်ဘူး၊ ဒါကြောင့် ဒါကို သတိထားစေချင်တယ်၊ သူတို့ လုပ်တာတွေ အားလုံး၊ ဖိအားတွေအားလုံးကို ဒီအတိုင်း လက်ပိုက်ကြည့်ပြီး အားလုံးကို မှန်တယ်လို့ ဘယ်တော့မှ လက်မခံဘူး၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး အကျိုးအတွက်ကတော့ ကျွန်တော်တို့ စောင့်ရှောက်ရမယ်။

"ကိုယ့်နိုင်ငံသည် လွတ်လပ်တဲ့ နိုင်ငံ၊ သူတို့ပြောတာတွေအားလုံးကို လက်မခံဘူး မဟုတ်ဘူး၊ ကိုယ့်နိုင်ငံက ကိုယ့်နိုင်ငံပဲ၊ ဒါသူတို့အကြောင်းနဲ့ သူတို့၊ သူတို့ကို မပြောဘူး၊ ဒါပေမယ့် ကိုယ့်ဘက်ကတော့ ကိုယ်လုပ်စရာရှိတာကိုလုပ်မယ်။

"ကျွန်တော်တို့မှာ အင်မတန်မှ ထိလွယ်၊ ရှလွယ်၊ သိမ်မွေ့လွယ်တဲ့ ကာလဖြစ်ပါတယ်၊ ဒီကာလမှာ အနှောင့်အယှက်ဖြစ်မယ့်ဟာတွေ အားလုံးကို တတ်နိုင်သမျှ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးနဲ့ အချင်းချင်းစည်းလုံးပြီးတော့ နားလည်မှုရှိအောင်လုပ်ဖို့လိုပါတယ်၊ တစ်ဖက်ကလည်း သူတို့ပြောလိုက်လို့ နားထောင်တာမဟုတ်ဘဲနဲ့ ကိုယ့်ဘက်ကလည်း ပြောခွင့်ရှိတယ်လို့ ယူဆပါတယ်၊ narrative ဆိုတာ တစ်ဖက်တည်း မပိုင်ပါဘူး၊ သူတို့မှာ ပိုင်သလို ကိုယ့်မှာလည်း ကိုယ့် narrative နဲ့ကိုယ် ရှိပါတယ်၊ ဒီတော့ မြန်မာတွေရဲ့ narrative ကို ဆရာတို့အနေနဲ့ကတော့ ဒီ Press Conference မှာ တင်ပြစေချင်တယ်၊ လက်ခံတာ၊ လက်မခံတာ နားထောင်တဲ့လူရဲ့ ဆန္ဒ၊ ဆရာတို့လည်း သူတို့ရဲ့ narrative ကို နားလည်အောင် ကြိုးစားကြည့်တယ်၊ narrative နှစ်ခုရှိတဲ့အခါမှာ ဒီနေ့ သူတို့ပြောတာတွေ အားလုံးမှန်ပြီးတော့ ကိုယ်ပြောတာတွေ အားလုံးမှားတယ်လို့ ယူဆလို့မရဘူး၊ အဲဒါလေးကိုတော့ သတိထားစေချင်တယ်''ဟု ရှင်းလင်းပြောကြားသည်။

**Genocide ဆိုတာ မဖြစ်ခဲ့၊**
**Ethnic Cleansing ဆိုတာ မရှိခဲ့**

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "ခုနက ဆရာပြောသွားတယ်၊ National Response လုပ်တာ၊ Government Response မဟုတ်ဘူး၊ UEHRD ဆိုတာ၊ လုပ်နိုင်အောင် လုပ်ရမှာပါ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောသွားတဲ့ စကားလေးလည်း ရှိတယ်၊ ပျော့ပျောင်းတာက ပျော့ညံ့တာမဟုတ်ဘူး၊ ညှိနှိုင်းတာက အရှုံးပေးတာမဟုတ်ဘူး၊ အဲဒီအတိုင်းပဲ ကျွန်တော်တို့က သွားမှာပါ၊ Genocide ဆိုတာ မဖြစ်ခဲ့ဘူး၊ Ethnic Cleansing ဆိုတာ မရှိခဲ့ဘူး၊ အဲဒီတော့ R2P လည်း မဖြစ်နိုင်ဘူး''ဟု ဖြေကြားသည်။

ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲသို့ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရဲရေးချုပ် ရဲမှူးချုပ်ဝင်းထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံရုံးများမှ တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပ သတင်းဌာနများမှ သတင်းထောက်များ တက်ရောက်ကြသည်။

**သတင်းစဉ်**



သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသော မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံရုံးများမှ တာဝန်ရှိသူများအား တွေ့ရစဉ်။
သတင်းစဉ်

# ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဇီဝဗေဒနှင့် ဘောဂဗေဒဘာသာရပ်များ ဖြေဆို

**နေပြည်တော် မတ် ၁၄**

၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဇီဝဗေဒနှင့် ဘောဂဗေဒဘာသာရပ်များကို ယနေ့ နံနက် ၉ နာရီက ဖြေဆိုကြသည်။

မြန်မာနိုင်ငံ တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နိုင်ငံခြားစာစစ်ဌာနများတွင် ဇီဝဗေဒဘာသာဖြေဆိုရန် စာရင်းရှိ ကျောင်းသား ကျောင်းသူ ၁၉၁၂၉၄ ဦးတွင် ဖြေဆိုသူ ၁၈၂၇၉၄ ဦး ရှိပြီး ဖြေဆိုရန်ပျက်ကွက်သူ ၈၅၀၀ ဖြစ်၍ ဖြေဆိုမှုရာခိုင်နှုန်း ၉၅ ဒသမ ၅၆ ဖြစ်ကြောင်း သိရသည်။

အလားတူ ဘောဂဗေဒဘာသာဖြေဆိုရန် စာရင်းရှိ ကျောင်းသား ကျောင်းသူ ၆၅၂၂၇၃ ဦးရှိပြီး ဖြေဆိုသူ ၆၀၃၂၆၉ ဦး၊ ဖြေဆိုရန် ပျက်ကွက်သူ ၄၉၀၀၄ ဦး ရှိ၍ ဖြေဆိုမှု ရာခိုင်နှုန်း ၉၂ ဒသမ ၄၉ ရာခိုင်နှုန်း ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❍ ကျောဖုံးမှ

သော်လည်း အိမ်ကွင်း၌ ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် အခွင့်အရေးပိုနည်းသွားခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲရှုံးနိမ့်ခဲ့၍ အုပ်စုပထမအဖြစ် အာဆီယံဇုန် ဆီမီးဖိုင်နယ်တက်ခွင့် ဆုံးရှုံးခဲ့ပြီး အကောင်းဆုံးအုပ်စု ဒုတိယနေရာရရန်သာ မျှော်လင့်ရတော့မည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် ဒုတိယနေရာရရန် ဧပြီ ၁၁ ရက်တွင် ကစားမည့် ဟုမ်းယူနိုက်တက်နှင့် ပွဲမှာ အဆုံးအဖြတ်ဖြစ်နေပြီး အနိုင်ရမှသာ မျှော်လင့်နိုင်မည်ဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး အသင်းခေါင်းဆောင် သီဟစည်သူ အပါအဝင် ထိုက်ထိုက်အောင်၊ ဟိန်းသီဟဇော်တို့ကို အနားပေးပြီး ဝင်းမင်းထွန်း၊ ခရစ္စတိုဖာ၊ လီဟန်ကွတ်၊ ဝီလျံတို့ဖြင့် ပွဲထွက်ခဲ့သည်။ နည်းပြ အပြောင်းအလဲတွင် ရှမ်းယူနိုက်တက် အသင်းကစားပုံ မတည်ငြိမ်သေးဘဲ ပထမပိုင်းတွင် ရုန်းကန်ခဲ့ရသည်။ ဆီရက်စ်အသင်းသည် အဝေးကွင်း၌ ရလဒ်ကောင်းရရန် ကြိုးပမ်းခဲ့ပြီး ၁၅ မိနစ်တွင် မာရာနွန်က ပယ်နယ်တီမှတစ်ဆင့် ဂိုးစတင်သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီး နောက်ပိုင်းတွင် ရှမ်းယူနိုက်တက် အသင်းချေပဂိုးရရန် တိုက်စစ်ဆင်မှု မပြုလုပ်နိုင်၍ ပထမပိုင်းတွင် ဆီရက်စ်အသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ချေပဂိုးရရန် ကြိုးပမ်းခဲ့ပြီး ၅၁ မိနစ်တွင် ခရစ္စတိုဖာ အပိုင်ကန်သွင်းခွင့်ရခဲ့သော်လည်း ဆီရက်စ်ဂိုးသမား ကာကွယ်နိုင်ခဲ့သည်။ ဆီရက်စ်အသင်းသည် ဒုတိယပိုင်းတွင် ဂိုးပြန်မပေးရန် အဓိက ကစားခဲ့ပြီး ဂိုးသွင်းခွင့်အချို့ထပ်ရခဲ့သော်လည်း အသုံးမချနိုင်၍ ဂိုးထပ်မရခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ကစားသမား အပြောင်းအလဲ ပြုလုပ်သော်လည်း တိုက်စစ်အားတက်မလာသောကြောင့် အရှုံးနှင့်ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

ယခုပွဲအပြီးတွင် အုပ်စု (F) ၌ ၁၀ မှတ်ရထားသည့် ဆီရက်စ်အသင်းက နောက်တစ်ဆင့်တက်ရန် အခြေအနေကောင်းသွားပြီး ရှမ်းယူနိုက်တက်အသင်းသည် လေးပွဲကစား သုံးမှတ်ဖြင့် အခွင့်အရေး နည်းသွားခဲ့သည်။

**ညီမြတ်သော်တာ**

# ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးကို နိုင်ငံတကာအဆင့်မီ အမြန်လမ်းမကြီးအဖြစ် ဖောက်လုပ်ရန်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများနှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဒုက္ခသည်စခန်း ၃ ခုမှ အိမ်ထောင်စု ၅၅ စုကို ရန်ကုန်သို့ ရွှေ့ပြောင်းခွင့်ပြုခဲ့ခြင်းကို ပြန်လည်သုံးသပ်ပေးရန်အဆို ဆွေးနွေးခြင်းနှင့် ပြည်ထောင်စုအဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။




ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ၂၈ ရက်မြောက်နေ့ ကျင်းပစဉ်။ သတင်းစဉ်

### နိုင်ငံတကာအဆင့်မီ

အစည်းအဝေးတွင် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၏ **ရန်ကုန်-နေပြည်တော်- မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် လိုအပ်နေသော အဆင့်မီ ဖြည့်စွက်ထောက်ပံ့ အင်္ဂါရပ်များ(Road Furinture and Facilities) ဖြည့်ဆည်းကာ စည်းကမ်းအားနည်းချက်များလည်း ပြုပြင်ထိန်းသိမ်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ယခုအခါ အမြန်လမ်းမကြီး Master Plan အရ နိုင်ငံတကာအဆင့်မီ အမြန်လမ်းမကြီးအဖြစ် တိုးချဲ့ဖောက်လုပ်သွားရန် ရည်ရွယ်ပြီး စီမံချက် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်တွင် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် လမ်းခရီးတွင် အပန်းဖြေနားနေစားသောက်နိုင်ရေး ဦးတည်၍ ယာဉ်ရပ်နားစခန်းများ ဖွင့်လှစ်အသုံးပြုလျက်ရှိပါကြောင်း။

ယာယီသန့်စင်ခန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန အစီအစဉ်ဖြင့် ဒေသခံလုပ်ငန်းရှင်များအား လေလံခေါ်ယူ၍ လုပ်ဆောင်စေလျက်ရှိပါကြောင်း၊ ရန်ကုန်မှ ဘောနတ်ကြီးအထိ မိုင် ၄၀ အပိုင်းကို ADB ချေးငွေဖြင့် နိုင်ငံတကာအဆင့်မီ Express way အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်အတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားပါကြောင်း၊ ADB ချေးငွေဖြင့် အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်များနှင့် ကိုက်ညီသော လမ်းမကြီးဖြစ်ရန် AC ခင်းခြင်း၊ Raised Median မှ Depressed Median သို့ ပြောင်းလဲပြီး ၂ ဒသမ ၅ မီတာရှိ အတွင်း၊ အပြင် လမ်းပခုံးပြုလုပ်ခြင်း၊ ခြံစည်းရိုးခတ်ခြင်း၊ Guard Rail များ တပ်ဆင်ခြင်းတို့ဖြင့် လက်ရှိလမ်းမကြီးလေးလမ်းသွားအား နိုင်ငံတကာအဆင့်မီ လမ်းမကြီးအဆင့်ဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ Standard ဖြစ်သော Fast, Comfortable နှင့် Safety များပါဝင်သော Fully Access Control လမ်းမကြီးအဖြစ် အဆိုပါလမ်းပိုင်းအား ADB ချေးငွေဖြင့် အဆင့်မြှင့်တင်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

### လုပ်ငန်းခွင်သာယာရေး

လှိုင်သာယာ မဲဆန္ဒနယ်မှ ဦးဝင်းမင်း၏ **ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသည့် လှိုင်သာယာစက်မှုဇုန် နေ့ကလေးထိန်းကျောင်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် လှိုင်သာယာ မြို့သစ်တည်ဆောက်ရေးစီမံကိန်းကို တာဝန်ယူဆောင်ရွက်ခဲ့ရာတွင် မြို့သစ်နေပြည်သူများ အလုပ်အကိုင်ရရှိရေး၊ အလုပ်ဌာနများသို့ သွားလာမှုလွယ်ကူစေရေးနှင့် မြို့သစ်ဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်ချက်များဖြင့် စက်မှုဇုန်ကြီးများတွင် အလုပ်ဝင်ရောက် လုပ်ကိုင်နေကြသော အိမ်ထောင်ရှင် အမျိုးသမီးအလုပ်သမားများ လုပ်ငန်းခွင်သာယာရေးနှင့် အလုပ်အကိုင် တည်မြဲရေးအတွက် နေ့ကလေးထိန်းကျောင်း သုံးကျောင်း တည်ဆောက်ပေးခဲ့ပါကြောင်း၊ နေ့ကလေးထိန်းကျောင်း တစ်ကျောင်းလျှင် ဆရာမ ငါးဦး၊ ဝန်ထမ်းနှစ်ဦး ခန့်ထား၍ လစာပေးနိုင်ရေးအတွက် Sinking Fund ငွေကျပ်သိန်း ၁၀၀ စီ မြန်မာ့စီးပွားရေးဘဏ်တွင် Joint Account ဖွင့်လှစ် အပ်နှံပေးထားပါကြောင်း။

လှိုင်သာယာမြို့နယ် စက်မှုဇုန်များရှိ အမှတ် (၁)၊ (၂)၊ (၃) နေ့ကလေးထိန်းကျောင်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မြေ၊ အဆောက်အအုံ၊ ဝန်ထမ်းနေအိမ်၊ Sinking Fund ဘဏ်လက်ကျန်ငွေ၊ ဆရာမများ၊ အမှုထမ်းများနှင့်တကွ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးမည်ဟု ပြန်ကြားချက်ရပြီးဖြစ်သဖြင့် ဝန်ကြီးဌာနမှ လက်ခံရရှိမည့် စာရင်းဇယားများနှင့်အညီ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လိုအပ်သည့် လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မာန်အောင် မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင်၊ ကျောက်မဲ မဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင်၊ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာဦးမောင်သင်းနှင့် စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်တို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော မြန်မာရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများနှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော်သို့ အသိပေးကြေညာသည်။

ယင်းနောက် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် တင်သွင်းသည့် **၂၀၁၇ ခုနှစ် ဇူလိုင်လ (၂)ရက်နေ့ထုတ် သတင်းစာတွင် ဖော်ပြခဲ့သော နိုင်ငံတော်အတိုင်ပင်ခံရုံး၊ သတင်းထုတ်ပြန်ရေး ကော်မတီ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၏ ရခိုင်ပြည်နယ်မြောက်ပိုင်း လုံခြုံရေးအခြေအနေ ထုတ်ပြန်ချက်ပါ အချက်နှင့်ပတ်သက်၍ ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်ခွင့်ပြုခဲ့သည်ဆိုသည့် ကျောက်ဖြူ၊ ပေါက်တောနှင့် ရမ်းဗြဲမြို့နယ်များရှိ ဒုက္ခသည်စခန်းသုံးခုမှ အိမ်ထောင်စု ၅၅ စုကို ရန်ကုန်သို့ ပြောင်းရွှေ့ခွင့်ပြုခဲ့ခြင်းကို ပြန်လည်သုံးသပ်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ် ၁၈ ဦးက ဆွေးနွေးကြသည်။

တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ကျော်မိုးက ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ် အစီရင်ခံစာတွင် ကမန် IDP များကို မူလနေရာတွင် ပြန်လည်နေရာချရန် အကြံပြုခဲ့သော်လည်း အစိုးရက ရန်ကုန်တွင် နေရာချပေးခဲ့ကြောင်း၊ တခြား IDP စခန်းပိတ်ရန် နမူနာ မဖြစ်သင့်ကြောင်း၊ မဟာဗျူဟာတစ်ရပ် အရေးပေါ်လိုအပ်ကြောင်း၊ အဖွဲ့အစည်းများနှင့် ကျယ်ကျယ်ပြန့်ပြန့် တိုင်ပင်ရန်လိုကြောင်း၊ ကမန်အိမ်ထောင်စု ၅၅ စု ပြောင်းရွှေ့ရေးကို မည်သည့်စံနှင့် ရွေးချယ်ခဲ့သည်၊ ၎င်းတို့၏ ဆန္ဒအရလား၊ အားလုံးတွင် နိုင်ငံသားစိစစ်ရေးကတ်ရှိပြီးပြီလားဆိုသည်များကို ရှင်းပြသင့်ပါကြောင်း။

### ကောင်းမွန်သည့်အဖြေကို ရှာဖွေ

ရခိုင်အရေးနှင့် ပတ်သက်၍ ပြည်တွင်းတွင်လည်း အကြံကောင်းများ ရနိုင်ပါကြောင်း၊ ပြည်သူ့အသံကို နားထောင်ပေးရန်နှင့် သေသေချာချာစဉ်းစားပေးရန် အကြံပြုလိုပါကြောင်း၊ အမှန်တကယ် ဒုက္ခရောက်နေသူများကို ကူညီမှုသည် ကောင်းမွန်သည့် လုပ်ရပ်ဖြစ်ပါကြောင်း၊ ဒုက္ခသည်တိုင်း အကြမ်းဖက်သမား မဟုတ်သော်လည်း အကြမ်းဖက်သမားတိုင်းသည် ဒုက္ခသည် အမည်ခံပြီး ရောပါလာတတ်သည်ကို သတိပြုရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စိစစ်ခြင်း၊ စစ်ဆေးခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းများ ဆောင်ရွက်ပြီး ကျယ်ကျယ်ပြန့်ပြန့် တိုင်ပင်ဆွေးနွေးပြီးမှသာ ပိုမိုကောင်းမွန်သည့်အဖြေကို ရှာဖွေဆောင်ရွက်သင့်ကြောင်း အကြံပြုဆွေးနွေးသည်။

အလားတူ ယင်းအဆိုနှင့်စပ်လျဉ်း၍ မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ်၊ ဒေါပုံမဲဆန္ဒနယ်မှ ဦးဒွေးဝင်းအောင်(ခ)ဦးပြုံးချို၊ မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး၊ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး၊ ဘော်လခဲမဲဆန္ဒနယ်မှ ဦးအေးမောင်၊ ကျောက်ဖြူ မဲဆန္ဒနယ်မှ ဦးဘရှိန်၊ ပြည် မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးမိုးကြည်၊ ဖားဆောင်း မဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး စိုးသူ၊ မချမ်းဘော မဲဆန္ဒနယ်မှ ဦးနန်မွန်ထင်၊ သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ်၊ လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန်၊ မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်၊ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဦးဇေယျာသော်နှင့် ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်တို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ၂၀၁၂ ခုနှစ် ပဋိပက္ခများအပြီးတွင် ရမ်းဗြဲမြို့ အမှတ်(၆)ရပ်ကွက် တန်းရွာ (IDP) စခန်း ရှစ်ခန်းတွဲ ၁၂ ဆောင်တွင် ကမန်အိမ်ထောင်စု ၅၉ စု၊ လူဦးရေ ၁၈၆ ဦး နေထိုင်ကြပြီး ရန်ကုန်မြို့သို့ ဆေးကုသမှုခံယူရန်နှင့် ဌာနပြောင်းရွှေ့ဝန်ထမ်းမိသားစုဖြစ်သည့် အိမ်ထောင်စု ၁၀ စု၊ လူဦးရေ ၅၈ ဦး၊ ၂၀၁၇ခုနှစ်၊ ဧပြီလ ၅ ရက်နေ့မှ ဇွန်လ ၇ ရက်နေ့အထိ ရန်ကုန်မြို့သို့ ပြောင်းရွှေ့သည့် အိမ်ထောင်စု ၄၁ စု၊ လူဦးရေ ၁၀၃ ဦး၊ သံတွဲမြို့သို့ ပြောင်းရွှေ့သည့် အိမ်ထောင်စုသုံးစု၊ လူဦးရေ ၁၁ ဦး ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၂ ခုနှစ် ပဋိပက္ခများအပြီးတွင် ရန်ကုန်မြို့တွင် ၎င်းတို့၏ ဆွေမျိုးများရှိ၍လည်းကောင်း၊ ၎င်းတို့၏သဘောဆန္ဒအလျောက် အမှန်တကယ် ပြောင်းရွှေ့နေထိုင်လိုသည့်အတွက်ကြောင့် လည်းကောင်း၊ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအရ စိစစ်ပြီး နိုင်ငံသားမှတ်ပုံတင်လက်မှတ်ကိုင်ဆောင်ထားသော ကမန်တိုင်းရင်းသားများသာဖြစ်သည့် အတွက်ကြောင့် လည်းကောင်း၊ အဆိုပါ အချက်အလက်များနှင့်ပြည့်စုံသူများကို စိစစ်၍ အိမ်ထောင်စု ၄၁ စု၊ လူဦးရေ ၁၀၃ ဦးသာ ရန်ကုန်မြို့သို့ ၎င်းတို့၏ဆန္ဒအရ ပြောင်းရွှေ့ခွင့်ပြုခြင်းဖြစ်ကြောင်းနှင့် ၎င်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၃၅၅)အရ နိုင်ငံသားတိုင်းသည် မြန်မာနိုင်ငံအတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည့်အတွက် ခွင့်ပြုပေးခြင်းဖြစ်ကြောင်း။

### ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်

၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီမှ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲကို ဝန်ကြီးဌာန၌ ကျင်းပခဲ့ပါကြောင်း၊ သက်လူမျိုး၊ သက္ကမ(ဒိုင်းနက်)လူမျိုး၊ မြိုလူမျိုး၊ ခမီလူမျိုး၊ မရမာကြီးလူမျိုး၊ ဟိန္ဒူဘာသာဝင်ကိုယ်စားလှယ်၊ ကမန် ကိုယ်စားလှယ်၊ အစ္စလာမ်ဘာသာဝင် ကိုယ်စားလှယ်နှင့် ရခိုင်တိုင်းရင်းသား ကိုယ်စားလှယ်တို့က လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ကော်မတီဝင်များက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ စေ့စပ်ညှိနှိုင်းမှုများ၊ တွေ့ဆုံရှင်းလင်းမှုများ၊ ပံ့ပိုးကူညီမှုများဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၃၅၅)အရ နိုင်ငံသားတိုင်းသည် မြန်မာနိုင်ငံအတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိပါကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအရ ဥပဒေနှင့်အညီ ၎င်းတို့၏ဆန္ဒအလျောက် အခြေစိုက် နေထိုင်ခြင်းသာဖြစ်သည့်အတွက် အဆိုအား မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ အဆိုရှင်မှ အတည်ပြုပေးရန် တင်ပြသဖြင့် စက်ခလုတ်နှိပ်၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၁၃၆ မဲ၊ ကန့်ကွက်မဲ ၂၃၆ မဲနှင့် ကြားနေမဲ ရှစ်မဲတို့ဖြင့် ကန့်ကွက်မဲများသဖြင့် အဆိုကို မှတ်တမ်းအဖြစ်သာ ထားရှိမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို မတ် ၁၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အေးအေးသန့်(သတင်းစဉ်)**

**❒ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ(၃၅၅)အရ နိုင်ငံသားတိုင်းသည် မြန်မာနိုင်ငံအတွင်း မည်သည့် အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက် နေထိုင်ခွင့်ရှိပါကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအရ ဥပဒေနှင့်အညီ ၎င်းတို့၏ဆန္ဒ အလျောက် အခြေစိုက် နေထိုင်ခြင်းသာဖြစ်**

# ဘဏ်လုပ်ငန်းများဖွံ့ဖြိုးရန် ဗဟိုဘဏ်မှဆောင်ရွက်ပေးသဖြင့် အနာဂတ်တွင် SMEs များအတွက် ချေးငွေအခွင့်အလမ်းများ တိုးတက်လာမည်

**နေပြည်တော် မတ် ၁၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်ရှိ စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်)တွင် စုဝေးခန်းမဆောင်တစ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာနှစ်ထပ် RC လေးခန်းပါအဆောက်အအုံတစ်ဆောင်တို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်) သည် ယခင်ရှိခဲ့သည့် ကျောက်တော်စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းကိုအခြေတည်ခဲ့ပြီး စိုက်ပျိုးရေးသိပ္ပံကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့သည့်အလျောက် သင်ကြားရေးပိုင်းတွင် လိုအပ်သည့် စာသင်ဆောင်များအနေဖြင့် နှစ်ထပ်ဆောင်နှစ်လုံး၊ တစ်ထပ်ဆောင် လေးလုံးတို့ဖြင့် စီမံဆောင်ရွက်ထားသည့်ကျောင်းဖြစ်ပါကြောင်း၊ ကျောင်းသူ ကျောင်းသား အိပ်ဆောင်အနေဖြင့် ငါးလုံးရှိပါကြောင်း၊ ဝန်ထမ်းအိမ်ရာအနေဖြင့် ကျောင်းအုပ်ကြီးနေအိမ် တစ်လုံးနှင့် ဝန်ထမ်းများနေထိုင်ရန် လေးခန်းတွဲ နှစ်ထပ်ဆောင်တစ်လုံးသာ ရှိပါကြောင်း။

**ဦးစားပေးအလိုက် စီမံအကောင်အထည်ဖော်**

တစ်နိုင်ငံလုံးအတိုင်းအတာအရ ဖွင့်လှစ်ထားသည့် စိုက်ပျိုးရေးသိပ္ပံကျောင်းများတွင် တက်ရောက်ပညာသင်ကြားကြသည့် ကျောင်းသားကျောင်းသူဦးရေနှင့် သင်ကြားရေး ဆရာ ဆရာမများအပါအဝင် ဝန်ထမ်းအင်အားအခြေအနေပေါ်မူတည်ပြီး ဝန်ထမ်းအိမ်ရာနည်းပါးသည့် ကျောင်းများကို အိမ်ရာများ ဖြည့်ဆည်းပေးခြင်းရှိပါကြောင်း၊ တစ်ဖက်တွင်လည်း ဘဏ္ဍာရန်ပုံငွေလျာထားနိုင်မှုနှင့်ချိန်ပြီး ဦးစားပေးအလိုက် စီမံအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေလည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် စိုက်ပျိုးသိပ္ပံ(ကျောက်တော်) အတွက် စုဝေးခန်းမဆောင်တစ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာနှစ်ထပ်ဆောင် လေးခန်းတွဲ အဆောက်အအုံတစ်လုံးတို့ကို ကျောက်တော်စိုက်ပျိုးရေးသိပ္ပံကျောင်း၏ လိုအပ်ချက်နှင့်အညီ လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ စက်တင်ဘာလထိ) ရန်ပုံငွေတွင် ထည့်သွင်းလျာထားတင်ပြပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ တည်ဆောက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး၏ **မြန်မာတိုင်းရင်းသားလုပ်ငန်းရှင်များအတွက် ပြည်တွင်း၌ ပုဂ္ဂလိကဘဏ်များ တည်ထောင်ဖွင့်လှစ်နိုင်ရန် မူဝါဒများ မည်သို့ချမှတ်ထားသည်ကို သိရှိလိုခြင်းနှင့် လက်ရှိအစိုးရလက်ထက် ပြည်တွင်းပုဂ္ဂလိကဘဏ်များ တည်ထောင်လုပ်ကိုင်ခွင့်ပြုပေးရန် အစီအစဉ် ရှိမရှိနှင့် ပုဂ္ဂလိကဘဏ်များမှ လယ်ယာကဏ္ဍ၊ SME ကဏ္ဍများသို့ ချေးငွေထုတ်ချေးမှုအခြေအနေကို ရာခိုင်နှုန်းနှင့်တကွ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက မြန်မာနိုင်ငံတွင် လက်ရှိလုပ်ငန်း ဆောင်ရွက်နေသည့် ပြည်တွင်းပုဂ္ဂလိကဘဏ် ၂၄ ဘဏ်ရှိပါကြောင်း၊ နောက်ထပ်ပြည်တွင်းဘဏ်ငါးဘဏ်မှ ဘဏ်လုပ်ငန်းများ ဆောင်ရွက်ခွင့်တင်ပြထားခြင်းအပေါ် စိစစ်လျက်ရှိပါကြောင်း၊ စိစစ်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များပြီးမြောက်မှုအရ ဘဏ်လုပ်ငန်းဆောင်ရွက်ကြသည့် ပြည်တွင်းပုဂ္ဂလိကဘဏ်များ တိုးပွားလာမည်ဖြစ်ပါကြောင်း၊ လက်ရှိလုပ်ငန်းဆောင်ရွက်နေသည့် ဘဏ်များနှင့် နောက်ထပ်ဘဏ်လုပ်ငန်း ဆောင်ရွက်ခွင့်ရရှိ



မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း

လာမည့် ဘဏ်များ၏ အရေအတွက်သည် မြန်မာနိုင်ငံ၏ ပထဝီအနေအထား၊ လူဦးရေပမာဏနှင့် လက်ရှိစီးပွားရေးအခြေအနေအရ သင့်တင့်မျှတသည်ဟု ဆိုနိုင်ပါကြောင်း။

**ဘဏ်သစ်များဖွင့်လှစ်ခွင့်ပြုခြင်း ရပ်ဆိုင်းထား**

ထို့ပြင် ခေတ်မီနည်းပညာဖြစ်သော မိုဘိုင်းဖုန်းများကို အသုံးပြု၍ ငွေသွင်းခြင်း၊ ငွေထုတ်ခြင်း၊ ငွေလွှဲပြောင်းခြင်းနှင့် ငွေပေးချေခြင်းစသည်များကို တွင်တွင်ကျယ်ကျယ် ဆောင်ရွက်လာကြပြီဖြစ်ပါကြောင်း၊ ထို့အတူ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများကို တိုးချဲ့ခွင့်ပြုပေးလျက်ရှိပြီး လျင်မြန်သည့် အရှိန်အဟုန်ဖြင့် တိုးတက်နေသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ လက်ရှိတွင် ပြည်တွင်းပုဂ္ဂလိကဘဏ် ခုနစ်ဘဏ်နှင့် ဆက်သွယ်ရေးကုမ္ပဏီလေးခုတို့မှ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအဖြစ် ဖွဲ့စည်းထားသည့် ပြည်တွင်း၊ ပြည်ပပုဂ္ဂလိကကုမ္ပဏီများမှလည်း အဆိုပါဝန်ဆောင်မှုပေးရန် ခွင့်ပြုချက်အများအပြားကို တောင်းခံလျက်ရှိပါကြောင်း၊ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုများသည် ဘဏ်မရှိသောဒေသများတွင် ဘဏ်၏ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်သဖြင့် ကမ္ဘာ့အနှံ့ကျယ်ပြန့်စွာဆောင်ရွက်လာကြသည့် ဘဏ်ဝန်ဆောင်မှုဖြစ်၍ ငွေရေးကြေးရေးကဏ္ဍတွင် အားလုံးပါဝင်ရေးကို ထိရောက်စွာပံ့ပိုးနိုင်သည့် ဝန်ဆောင်မှုဖြစ်ပါကြောင်း၊ ထိုအချက်များကြောင့် ဘဏ်သစ်များဖွင့်လှစ်ခွင့်ပြုခြင်းကို လောလောဆယ် ရပ်ဆိုင်းထားခြင်း ဖြစ်ပါကြောင်း။

ပုဂ္ဂလိကဘဏ်များမှ လယ်ယာကဏ္ဍ၊ SME ကဏ္ဍထုတ်ချေးမှုအခြေအနေကို ရာခိုင်နှုန်းနှင့်တကွ သိရှိလိုခြင်းနှင့်ပတ်သက်၍ ကိန်းဂဏန်းအချက်အလက်များကို ယခုအချိန်အထိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနှင့် သီးခြားခွဲ၍ မှတ်တမ်းတင်ထားရှိခြင်းမရှိပါကြောင်း၊ သက်ဆိုင်ရာဌာနများဖြစ်သည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အစိုးရပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ စာရင်းများကို ပေါင်းစု၍ ဖြေကြားခြင်းဖြစ်ပါကြောင်း၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလကုန်အထိ စာရင်းများအရ ပုဂ္ဂလိကဘဏ်များမှ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍသို့ ထုတ်ချေးငွေပေါင်း ငွေကျပ် ၃၁၉ ဒသမ ၂၂၈ ဘီလီယံဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍသို့ ထုတ်ချေးငွေစုစုပေါင်း၏ ၁ ဒသမ ၇၃ ရာခိုင်နှုန်းရှိပါကြောင်း၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ (SME) သို့ ထုတ်ချေးငွေပေါင်းမှာ ငွေကျပ် ၈၆၈ ဒသမ ၇၃၃ ဘီလီယံဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍသို့ ထုတ်ချေးငွေ စုစုပေါင်း၏ ၄ ဒသမ ၇၁ ရာခိုင်နှုန်း ရှိပါကြောင်း။

အဓိကအချက်မှာ သက်သာသော အတိုးနှုန်းခံစားခွင့်မရရှိသည့် SMEs များအနေဖြင့် ချေးငွေကို စျေးကွက်ပေါက်ဈေးနှင့် ရရှိနိုင်မှုအခွင့်အလမ်း မြင့်မားတိုးတက်လာစေရေးဖြစ်ပါကြောင်း၊ ယင်းအခြေအနေသို့ ရောက်ရှိစေရန် တစ်ဖက်တွင် SMEs များအနေနှင့် ကိုယ်တိုင်ပြုပြင် ပြောင်းလဲမှုများပြုလုပ်ရန် လိုအပ်သကဲ့သို့ ဘဏ်များမှလည်း ချေးငွေထုတ်ချေးရာတွင် နိုင်ငံတကာတွင် ကျင့်သုံးသည့် စွန့်စားရမှုကိုအခြေခံသော ချေးငွေစိစစ်သုံးသပ်မှု ဘဏ်လုပ်ငန်းအခြေခံများ ဖွံ့ဖြိုးတိုးတက်လာစေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တွန်းအားပေးဆောင်ရွက်လျက်ရှိပါသဖြင့် အနာဂတ်တွင် SMEs များအတွက် ချေးငွေရရှိနိုင်သည့် အခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော **"အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ (The Caste Disabilities Removal Act)"**ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါဥပဒေကြမ်းအား လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုပြီး ပေးပို့လာသည့် **"ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်း"** ကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ယင်းနောက် တောင်သူလယ်သမားရေးရာ ကော်မတီ အတွင်းရေးမှူး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်းက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ဖတ်ကြားတင်သွင်းရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**ညွှန်ကြားချက်များကို တိကျစွာလိုက်နာ**

ဆက်လက်၍ လွှတ်တော်အခွင့်အရေးကော်မတီ ကော်မတီဝင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းက လွှတ်တော်အခွင့်အရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ဖတ်ကြားတင်သွင်းရာ ကော်မတီ၏ အကြံပြုချက်အနေဖြင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် မိမိမဲဆန္ဒနယ်မြေ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရာတွင် ဝင်ရောက်စွက်ဖက်ခြင်းသဘော မသက်ရောက်စေရေး ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေအခန်း (၁၃)၊ ပုဒ်မ ၆၂ ပါ "ပြည်သူက ရွေးချယ်ပေးသော လွှတ်တော်ကိုယ်စားလှယ်များသည် မိမိအားရွေးချယ်ပေးသည့် မဲဆန္ဒနယ်ကို ကိုယ်စားပြုပြီး ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသော အများကလေးစားထိုက်သည့် ပုဂ္ဂိုလ်များဖြစ်သည့်အလျောက် သက်ဆိုင်ရာမဲဆန္ဒနယ်၌ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲရာတွင်လည်းကောင်း၊ အုပ်ချုပ်ရေး၊ လူမှုစီးပွားရေးကဏ္ဍတို့နှင့် စပ်လျဉ်း၍ ပြည်သူများ၏ သဘောဆန္ဒဖော်ဆောင်ရာတွင်လည်းကောင်း၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများကဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်ကဖြစ်စေ၊ အလေးထားတိုင်ပင်အပ်သော ပုဂ္ဂိုလ်များဖြစ်သည်ဟု မှတ်ယူရမည်"ဟူသော ပြဋ္ဌာန်းချက်နှင့်အညီ အုပ်ချုပ်ရေးအဖွဲ့အစည်း



မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး

များနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ အနေဖြင့် ပြည်သူ့အကျိုးကိုရှေးရှုကာ အပြုသဘောဖြင့် ပေါင်းစပ်ညှိနှိုင်းတိုင်ပင် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ တောင်းခံသည့် အချက်အလက်များနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာဦးစီးဌာနများနှင့်အဆင့်ဆင့်သော အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးနိုင်ပါက လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းဆောင်ရွက်ချက်များ ပိုမိုမြန်ဆန်လာပြီး ပြည်သူများကို ကိုယ်စားပြုသော လွှတ်တော်၏ အခန်းကဏ္ဍသည်လည်း ပိုမိုအားကောင်းလာမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ နိုင်ငံတော်၏ အကျိုးကိုဖြစ်စေ၊ ထိခိုက်နစ်နာဖွယ်ရှိသည်ဟူသော အကြောင်းပြချက်မှအပ ကျန်ကိစ္စများကို လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ကော်မတီများနှင့် အမျိုးသားလွှတ်တော်ရုံး သုတေသနဝန်ဆောင်မှုဌာနများက တောင်းဆိုလာပါက အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေအခန်း (၄) ပုဒ်မ ၁၀ ပုဒ်မခွဲ(ဂ)အရ အမြန်ဆုံးကူညီဆောင်ရွက်ပေးသင့်ကြောင်း သက်ဆိုင်ရာသို့ တိုက်တွန်းအကြံပြုပါကြောင်း တင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**တန်းတူညီမျှအခွင့်အရေးပေးထား**

ထို့နောက် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီအတွင်းရေးမှူး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်က ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ဖတ်ကြားတင်သွင်းရာ ကော်မတီ၏အကြံပြုချက်အနေဖြင့် ပြည်သူများမှ ပေးပို့လာသည့် အချို့သောတိုင်ကြားစာ၊ အသနားခံစာနှင့် တင်ပြချက်များပါ အမှုတွဲများသည် အထောက်အထားခိုင်လုံမှုမရှိခြင်း၊ ရှင်းလင်းတိကျစွာတိုင်ကြားမှု မရှိခြင်းများကြောင့် ကော်မတီမှ ဆောင်ရွက်ပေးနိုင်ခြင်းမရှိ သော်လည်း အဆိုပါအမှုဖြစ်ပွားရာ ဒေသရှိ လွှတ်တော်ကိုယ်စားလှယ်များ၏ အကူအညီရယူလျက် ပြည်သူများ၏ နစ်နာမှုများကို ကူညီဆောင်ရွက်ပေးသင့်ပါကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းပေါ်ချီတက်နေချိန်တွင် လူမျိုး၊ မွေးဖွားရာဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးအဆင့်အတန်း၊ ကျား၊ မ မခွဲခြားဘဲ ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးပေးထားသဖြင့် နိုင်ငံတော်တွင် ဒီမိုကရေစီထွန်းကားရေးကို ကော်မတီအနေဖြင့် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း။

ကော်မတီမှ စိစစ်ဆောင်ရွက်ခဲ့သော နိုင်ငံသားများ၏ မူလအခွင့်အရေးတစ်ရပ်ရပ် နစ်နာသဖြင့် တင်ပြစာများ၊ အသနားခံစာများ၊ ကွင်းဆင်းလေ့လာစစ်ဆေးတွေ့ရှိချက်များ၊ တိုင်ကြားစာများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရအဖွဲ့၊ ဌာန၊ အဖွဲ့အစည်းများက ပြန်လည်စစ်ဆေးအရေးယူဆောင်ရွက်ချက်များကို ကော်မတီက ပြန်လည်သိရှိရမှသာလျှင် ကော်မတီ၏ လုပ်ငန်းများကို ယခုထက် ပိုမိုထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်၍ သက်ဆိုင်ရာအစိုးရအဖွဲ့၊ ဌာနနှင့်အဖွဲ့အစည်းများ၏ ဖြေရှင်းချက်များအား ကော်မတီသို့ အချိန်မီပြန်လည်ပေးပို့နိုင်ရေး လွှတ်တော်က တိုက်တွန်းပေးသင့်ပါကြောင်း တင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပညာရေးမြှင့်တင်မှုကော်မတီအဖွဲ့ဝင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်းက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဖတ်ကြားတင်သွင်းရာ ကော်မတီ၏အကြံပြုချက်အနေဖြင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းလွှာကို အလွတ်ကျက်မှတ်ဖြေဆိုခြင်းပုံစံမှ စဉ်းစားတွေးခေါ် ဖြေဆိုခြင်းပုံစံသို့ ပြောင်းလဲခြင်းကို အချိန်မီကျယ်ပြန့်စွာ ထုတ်ပြန်အသိပေးရန် အကြံပြုပါကြောင်း၊ စတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ စစ်ဆေးပြီး အမှန်တကယ် အောင်၊ ရှုံး ထုတ်ပြန်ရန် (သို့မဟုတ်) ဖြေဆိုသူအားလုံးအအောင်ပေးလျှင် ကျောင်းတွင်းစစ် စစ်ဆေးရန်ဟူသော မိဘများနှင့်ဆရာများ၏ ဝေဖန်ချက်များကို ပြန်လည်သုံးသပ်ဆွေးနွေးရန် အကြံပြုပါကြောင်း။

**ပုဂ္ဂလိကကျောင်းဥပဒေ ပြဋ္ဌာန်းနိုင်ရန်**

ပညာရေးဝန်ကြီးဌာနအောက်ရှိ ဆောက်လုပ်ခွင့်ရအဆောက်အအုံများ၏ လုပ်ထုံးလုပ်နည်းများ ပွင့်လင်းမြင်သာစွာရှိရေးနှင့် အရည်အသွေးပြည့်မီရေးတို့ကို စီမံခန့်ခွဲသူအဆင့်ဆင့်က တာဝန်ခံမှုပြည့်ဝစွာရှိစေရန်၊ ဆရာ ဆရာမများ ရာထူးတိုးပြောင်းရွှေ့ကိစ္စများကို ကျောင်းမဖွင့်မီ ဆောင်ရွက်ရန်၊ အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း ပထမခြေလှမ်းဖြစ်သော KG တန်းနှင့် Grade-1 ကျောင်းသား ကျောင်းသူများအား ပညာရေးရည်မှန်းချက် ပေါက်မြောက်အောင်မြင်မှုမည်သို့တိုင်းတာသည်ကို ကျောင်းအလိုက်၊ မြို့နယ်အလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သုံးသပ်သောလုပ်ငန်းများ ကျယ်ပြန့်စွာ သိရှိနိုင်ရန် ထုတ်ပြန်သင့်ပါကြောင်း၊ နှစ်စဉ်အရေအတွက်များစွာ တိုးတက်နေသော ကိုယ်ပိုင်ကျောင်းများကို စည်းစနစ်ကျစွာ ဖွံ့ဖြိုးတိုးတက်ခြင်းဖြစ်စေရန် ပုဂ္ဂလိကကျောင်းဥပဒေကို မြန်ဆန်စွာ ပြဋ္ဌာန်းနိုင်ရန်တို့ကို အကြံပြုပါကြောင်း တင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသော အခြားကော်မတီ ၁၂ ခု၏ သက်တမ်းတစ်နှစ်ပြည့်မြောက်ပြီးဖြစ်၍ ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၁၀၇) အရ နောက်ထပ်သက်တမ်း တစ်နှစ်တိုးမြှင့် သတ်မှတ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို မတ် ၁၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးသူဟိန်း၊ မွှေးကြူဇင်(သတင်းစဉ်)**

# နိုင်ငံတော်ပိုင်အဖွဲ့အစည်းများရဲ့ ရသမျှငွေအားလုံး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေထဲ ထည့်ပြီး သုံးသမျှငွေအားလုံးကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရ

**ဒေါ်နွဲ့နွဲ့ဝင်း**

**ရှင်မင်း၊ မွှေးကြူ**

**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း- အခြားစာရင်းရှင် (Union Fund Account –Other Account –UFA –OA) နှင့် ပတ်သက်ပြီး နေပြည်တော်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။**

**အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်း၊ မြန်မာ့ စီးပွားရေးဘဏ် အထွေထွေမန်နေဂျာ ဦးဝင်းနိုင်ဦး၊ ငွေတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်စီစီပြုံး၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး) ဦးမောင်မောင်ခန့်တို့ ပါဝင်ဆွေးနွေးခဲ့ကြပြီး ၎င်းတို့၏ ဆွေးနွေးချက်များကို ဖော်ပြလိုက်ပါသည်-**



ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း- အခြားစာရင်းရှင် (Union Fund Account–Other Account–UFA–OA) နှင့် ပတ်သက်ပြီး စကားဝိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။
ဓာတ်ပုံ-ကျော်ဇေယျ

*ယမန်နေ့မှအဆက်*

**ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေရဲ့ စာရင်းတွေကို မြန်မာ့စီးပွားရေးဘဏ်ကနေပြီး တစ်တိုင်းပြည်လုံးအတိုင်းအတာနဲ့ တာဝန်ယူထိန်းသိမ်းပြီး အဲဒီမှာ အစိုးရဌာနတွေအနေနဲ့ ဦးစီးဌာနတွေနဲ့ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများဆိုပြီး သဘောသဘာဝမတူတဲ့ ဌာနတွေရှိပါတယ်။ ဦးစီးဌာနတွေက MD Account ဆိုပြီးတော့ ဖွင့်ကြပြီး နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းတွေက SEE Account တွေ၊ OA Account တွေကို ဖွင့်ပြီး ဆောင်ရွက်ကြပါတယ်။

ဘတ်ဂျက်ရဲ့ အနေအထားအရ MD Account က ငွေတွေကို ဘယ်လိုထုတ်လို့ရတယ်၊ သွင်းလို့ရတယ်။ အလားတူပဲ SEE Account က ဘယ်လိုထုတ်လို့ရတယ်၊ သွင်းလို့ရတယ်၊ OA Account ဘယ်လိုထုတ်လို့ရတယ်၊ သွင်းလို့ရတယ်ဆိုတဲ့ အခြေအနေလေးတွေကိုလည်း သဘောသဘာဝမတူတဲ့ အခြေအနေလေးတွေအကြောင်းကိုလည်း နည်းနည်းလေး ရှင်းပြပေးပါ။

**အထွေထွေမန်နေဂျာ ဦးဝင်းနိုင်ဦး**

မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ ပထမပိုင်းမှာ UFA စာရင်းတွေနဲ့ ပတ်သက်ပြီးတော့ စာရင်းတွေ ဖွင့်လှစ်ပေးတဲ့ကိစ္စရပ်တွေ၊ ငွေထုတ်သူအရာရှိ ပြောင်းလဲတဲ့ကိစ္စရပ်တွေ၊ နောက်တစ်ခါ Drawing Limit အကြောင်းပြချက်ကိစ္စရပ်တွေ၊ စာရင်းပိတ်သိမ်းတဲ့ ကိစ္စရပ်တွေနဲ့ စာရင်းထိန်းသိမ်းခြင်းတွေကို ဆောင်ရွက်ပေးပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ UFA စာရင်းရဲ့ အောက်မှာ စာရင်းအမျိုးအစားတွေ အမျိုးမျိုး ရှိသော်ငြားလည်း စာရင်းရဲ့သဘောသဘာဝအရ ကျွန်တော်တို့နှစ်မျိုးပဲရှိပါတယ်။ ပထမတစ်မျိုးက ငွေထုတ်စာရင်းတွေပဲ ဖြစ်ပါတယ်။ ငွေထုတ်စာရင်းတွေက ဘာတွေပါလဲဆိုတော့ နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းတွေရဲ့ ငွေထုတ်စာရင်းတွေပါဝင်ပါတယ်။ နောက်တစ်ခါ ဘာတွေပါလဲဆိုရင် စည်ပင်သာယာရေး အဖွဲ့အစည်းတွေရဲ့ ငွေထုတ်စာရင်းတွေ နောက်တစ်ခါ ဗဟိုအဖွဲ့အစည်းဝန်ကြီးဌာန၊ ဦးစီးဌာနတို့ရဲ့ ငွေထုတ်စာရင်းတွေ ပါဝင်ပါတယ်။

ငွေထုတ်စာရင်းတွေကတော့ သက်ဆိုင်ရာဌာနကနေပြီး မြန်မာ့စီးပွားရေးဘဏ်ကို အကြောင်းကြားပြီးတော့ ငွေထုတ်စာရင်းဖွင့်လို့ရတဲ့ စာရင်းတွေဖြစ်ပါတယ်။ ငွေထုတ်စာရင်းဆိုတဲ့ကိစ္စရပ်ရှိပါတယ်။ စာရင်းရှင်စာရင်း ရှိပါတယ်။ စာရင်းရှင်စာရင်းမှာ ဘာတွေပါလဲဆိုရင် OA စာရင်းနဲ့ လှည့်ပတ်ရန်ပုံငွေစာရင်းတွေ ပါဝင်ပါတယ်။ လှည့်ပတ်ရန်ပုံငွေ ဖွင့်လှစ်နိုင်တာကတော့ နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းတွေ၊ ဝန်ကြီးဌာနတွေ၊ စည်ပင်သာယာရေးအဖွဲ့အစည်းတွေက မိမိရဲ့လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်ရယူပြီးတော့ ဖွင့်လှစ်ရတဲ့စာရင်းတွေ ဖြစ်ပါတယ်။

ဒီနေရာမှာ ထပ်ပြီး ရှင်းလင်းလိုတာက Drawing Account နဲ့ Other Account တွေရဲ့ခြားနားချက်ကလေးပါ။ Drawing Account ဆိုတာကတော့ ကျွန်တော်တို့က သက်ဆိုင်ရာဌာနအဖွဲ့အစည်းဟာ မိမိရဲ့ ဘဏ်စာရင်းမှာ ငွေလက်ကျန်ရှိစရာ မလိုပါဘူး။ ငွေထုတ်ကန့်သတ်ချက် ဘဏ္ဍာရေးဆိုင်ရာ ခွင့်ပြုမိန့်ရှိရမှာဖြစ်ပြီးတော့ ဘဏ္ဍာရေးခွင့်ပြုချက်အရ သူက ဘဏ်ကို ငွေထုတ်ကန့်သတ်ချက် အကြောင်းကြားစာ ပေးပို့ပြီးတော့ ထုတ်ယူရတဲ့ စာရင်းမျိုးဖြစ်ပါတယ်။ စာရင်းရှင်စာရင်း OA ဆိုတာကတော့ သူက ဘဏ်မှာ ငွေလက်ကျန်ရှိဖို့ လိုအပ်ပြီးတော့ သက်ဆိုင်ရာဌာနကနေပြီးတော့ သက်ဆိုင်ရာ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနဲ့အညီ ဘဏ်ကနေထုတ်ယူသုံးစွဲနိုင်တဲ့ စာရင်းများ ဖြစ်ပါတယ်။

**ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**

ဒါဆိုရင် ဘတ်ဂျက်ကနေပြီးတော့ ဌာန၊ အဖွဲ့အစည်းတွေအတွက် ဒီနှစ်အတွက်ကို ဘယ်လောက်သုံးစွဲခွင့်ရှိတယ်ဆိုတာ လွှတ်တော်ကနေ အတည်ပြုပြီးတဲ့ အခါကျရင် ဌာနတွေကနေ ဒီနှစ်အတွက်ကို ထုတ်ယူသုံးစွဲကြတယ်။ Drawing Limit တို့ Letter of Credit -LC တို့ဖွင့်ကြတယ်လို့ ကြားသိရတယ်။ Drawing Limit နဲ့ ငွေထုတ်တဲ့နေရာမှာသုံးတဲ့ LC တို့ရဲ့ ကွာခြားချက်တွေကိုလည်း ပြောပြပေးပါဦး။

**အထွေထွေမန်နေဂျာ ဦးဝင်းနိုင်ဦး**

ဟုတ်ကဲ့ခင်ဗျာ၊ စောစောက ငွေထုတ်ကန့်သတ်ချက်တွေကို ပြောသလိုပါပဲ။ သက်ဆိုင်ရာဌာနတွေအနေနဲ့ ဘဏ္ဍာရေးဆိုင်ရာ ဘတ်ဂျက်တွေ၊ ခွင့်ပြုချက်တွေရပြီဆိုရင် သက်ဆိုင်ရာဌာနကနေပြီးတော့ မြန်မာ့စီးပွားရေးဘဏ်ကို ငွေထုတ် ကန့်သတ်ချက်တွေ အကြောင်းကြားရပါတယ်။ အဲဒီတော့ ဒီလိုအကြောင်းကြားတဲ့အခါမှာလည်း ဗဟိုအဖွဲ့အစည်းတွေ၊ ဝန်ကြီးဌာနနဲ့ ဦးစီးဌာနတွေကိုရော၊ နိုင်ငံတော်ရဲ့ စီးပွားရေးအဖွဲ့အစည်းတွေရော ငွေထုတ်ကန့်သတ်ချက်တွေကို ဘဏ်ကို အကြောင်းကြားရပါတယ်။ ဒီလိုအကြောင်းကြားတဲ့အခါ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်ကနေ သက်ဆိုင်ရာဘဏ်တွေကို သက်ဆိုင်ရာ အဖွဲ့အစည်းရဲ့ ငွေထုတ်ကန့်သတ်ချက်တွေကို အကြောင်းကြားရပါတယ်။ အကြောင်းကြားတဲ့အခါ သက်ဆိုင်ရာ အဖွဲ့အစည်းတွေက သက်ဆိုင်ရာ ငွေထုတ်ကန့်သတ်ချက် မူဘောင်ထဲကနေပြီးတော့ပဲ ထုတ်ယူခွင့်ရကြတာ ဖြစ်ပါတယ်။

ဒီလိုလုပ်တဲ့အခါ SEE တွေက ငွေထုတ်ကန့်သတ်ချက်ကို ပေးပို့ရင်ရပြီးတော့ အဖွဲ့အစည်းတွေနဲ့ ဝန်ကြီးဌာန၊ ဦးစီးဌာနတွေကတော့ သုံးလပတ်တစ်ကြိမ် ရန်ပုံငွေဖွင့်လှစ်တဲ့ စာရင်းတွေကို ဘဏ်မှာ ထပ်မံပေးပို့ပြီးတော့ ဒီသုံးလပတ်ငွေထုတ် ကန့်သတ်ချက်အတိုင်း ဘဏ်မှာ ထုတ်ယူရတဲ့ စာရင်းမျိုးဖြစ်ပါတယ်။ LC ဖြစ်ပါတယ်။

**ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**

ကျွန်တော် ဆရာဦးမောင်မောင်ခန့်ကို မေးလိုတာကတော့ ဆရာတို့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) ကနေ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းတွေထဲမှာ နိုင်ငံတော်ကို ရငွေတွေ ရှာဖွေပေးနေတဲ့ ဌာနတစ်ခုဖြစ်ပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံတော်က သယံဇာတဖြစ်တဲ့ ရေနံသဘာဝဓာတ်ငွေ့ ကဏ္ဍက ထုတ်ယူပြီးတော့မှ ရငွေရှာဖွေပေးတဲ့ ဌာနတစ်ခုဖြစ်ပါတယ်။ ဒီဌာနရဲ့ OA လက်ကျန်တွေက နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းအားလုံးရဲ့ OA လက်ကျန်ရဲ့ တစ်ဝက်လောက်ရှိတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။ ဒါကြောင့် MOGE အနေနဲ့ UFA-OA ရှိပါသလား၊ ရှိတယ်ဆိုရင် ဘယ်လိုထိန်းသိမ်းတယ်ဆိုတာ ရှင်းပြပေးစေချင်ပါတယ်။

**ဦးမောင်မောင်ခန့်**
**ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ကျွန်တော်တို့ လုပ်ငန်းရဲ့ စာရင်းတွေကို ၂၀၁၂-၂၀၁၃ မှာ UFA မှာရှိတဲ့ Other Account ကို ဖွင့်လှစ်ဆောင်ရွက်ဖို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ၂၀၁၂ ခုနှစ် ဇူလိုင်လ ၁၂ ရက်စွဲပါ စာအမှတ်နဲ့ ညွှန်ကြားမှုပြုခဲ့ပါတယ်။ အဲဒီလို ညွှန်ကြားခဲ့တဲ့အတွက် မြန်မာ့ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းကရရှိတဲ့ဝင်ငွေတွေကို Public Private Partnership- PPP နဲ့ သွားဖို့၊ နောက်တစ်ခါ ကိုယ့်ဝင်ငွေနဲ့ကိုယ် စီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ဒီ Other Account ကို ဖွင့်လှစ်ဆောင်ရွက်စေခဲ့ခြင်း ဖြစ်ပါတယ်။

၂၀၁၂-၂၀၁၃ မှာ စခဲ့တဲ့ ကျွန်တော်တို့ရဲ့ ဝင်ငွေတွေကို ၂၀၁၂-၂၀၁၃ မှာ ကုန်ကြမ်းဝယ်မှုအတွက် ကျွန်တော်တို့ငွေနဲ့ ကျွန်တော်တို့ ကျခံသုံးစွဲရပါတယ်။ ကျန်တဲ့ငွေတွေကိုတော့ နိုင်ငံတော်က ထောက်ပံ့ခဲ့ပါတယ်။ နောက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ကုန်ကြမ်းဝယ်ယူမှုတွေ၊ ဝင်ငွေခွန်တွေ၊ နိုင်ငံတော်ထည့်ဝင်ငွေကို ကိုယ်ပိုင်ငွေနဲ့ သုံးစွဲရပြီးတော့ ကျန်တဲ့ စရိတ်များကိုတော့ နိုင်ငံတော်က ထောက်ပံ့ခဲ့ပါတယ်။

၂၀၁၅-၂၀၁၆ မှာ ကုန်ကြမ်းဝယ်ယူတာတွေ၊ ဝင်ငွေခွန်တွေ၊ နိုင်ငံတော်ထည့်ဝင်ငွေနဲ့ ကမ်းလွန်စီမံကိန်း အသုံးစရိတ်တွေနဲ့ လူမှုစီးပွားအသုံးစရိတ်တွေကို ကိုယ်ပိုင်ငွေနဲ့ ကျခံသုံးစွဲရပါတယ်။ ကျန်တဲ့ငွေတွေကို နိုင်ငံတော်က ထောက်ပံ့ခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ မှာကျတော့ ကျွန်တော်တို့ ငွေကြေးစရိတ်ဖြစ်တဲ့ အတိုးကို နိုင်ငံတော်က ထောက်ပံ့ပြီးတော့ ကျန်တဲ့စရိတ်အားလုံးကို ကိုယ့်ငွေနဲ့ကိုယ် သုံးစွဲခဲ့ရပါတယ်။ ၂၀၁၇-၂၀၁၈ မှာတော့ အသုံးစရိတ်အားလုံးကို ကျွန်တော်တို့ ကိုယ်ပိုင်ငွေနဲ့ ကျခံသုံးစွဲဆောင်ရွက်ခဲ့ပါတယ်။ ဒီလို ကျခံသုံးစွဲဆောင်ရွက်တဲ့နေရာမှာ ၂၀၁၂-၂၀၁၃ မှာဆိုရင် OA စာရင်းထဲမှာ ၁၇၈၅ ဒသမ ၄၅၆ ဘီလီယံ ရှိခဲ့ပါတယ်။

၂၀၁၃-၂၀၁၄ မှာဆိုရင် ၁၀၉၇ ဒသမ ၉၇၁ ဘီလီယံရရှိခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ မှာဆိုရင် ၁၁၇၉ ဒသမ ၂၀၃ ဘီလီယံရရှိခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ မှာဆိုရင် ၇၈၈ ဒသမ ၈၈၀ ဘီလီယံရရှိခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ မှာဆိုရင် ၇၄၇ ဒသမ ၄၂ ဘီလီယံရရှိခဲ့ပါတယ်။ ကျွန်တော်တို့ ၂၀၁၂-၂၀၁၃ ခုနှစ် OA စာရင်းထဲမှာ ထည့်ထားတဲ့ ငွေတွေဟာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကုန်ဆုံးတဲ့အခါမှာ ၅၅၉၈ ဒသမ ၉၃၄ ဘီလီယံရှိခဲ့ပါတယ်။

ကျွန်တော်တို့ ငါးနှစ်တာ စုဆောင်းငွေကို ကြည့်မယ်ဆိုရင် အစပိုင်းသုံးနှစ်မှာ နိုင်ငံတော်က ပံ့ပိုးပေးတဲ့ စရိတ်များကြောင့် ဝင်ငွေတွေ များနေပေမယ့် နောက်ပိုင်း နှစ်နှစ်မှာ ကိုယ့်ငွေနဲ့ကိုယ် သုံးစွဲရတာ ဖြစ်တဲ့အတွက် OA မှာရှိတဲ့ စာရင်းတွေမှာ လျော့နည်းမှုကို တွေ့ရှိရတာဖြစ်ပါတယ်။

ကျွန်တော်တို့ OA လက်ကျန်ငွေတွေ သုံးစွဲဖို့အတွက် ကျွန်တော်တို့က နှစ်စဉ်ဘတ်ဂျက် ရေးဆွဲရပါတယ်။ ဘတ်ဂျက်ရေးဆွဲ အကောင်အထည်ဖော်ပြီးတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနရဲ့ စိစစ်ဆေးမှုကို ဦးစွာခံယူရပါတယ်။ အဲဒီနောက် ဘဏ္ဍာရေးကော်မရှင်ကို ထပ်မံတင်ပြရပါတယ်။ ဘဏ္ဍာရေးကော်မရှင်က ထောက်ခံချက်နဲ့ ပြည်ထောင်စုလွှတ်တော်ကို ပေးပို့အတည်ပြုချက် ရယူရပါတယ်။

ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေမှာ ရေးဆွဲပြဋ္ဌာန်းပြီးမှ သုံးစွဲခွင့်ရရှိတာဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ မြန်မာ့ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းရဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာရှိတဲ့ OA စာရင်းတွေကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက တစ်နှစ်နှစ်ကြိမ် စစ်ဆေးပါတယ်။ စစ်ဆေးပြီးတော့ရရှိတဲ့ ကိန်းဂဏန်းတွေကို အတည်ပြုပါတယ်။ ပြီးတော့မှ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြအတည်ပြုပြီးတော့ ခွင့်ပြုပြီးတော့မှ OA Account ထဲကို ထည့်သွင်းခြင်း လုပ်ပြီး နောက်နှစ်တွေအတွက် ဆက်လက်သယ်ဆောင်သွားခြင်း ဖြစ်ပါတယ်။

**ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**

နောက်တစ်ခု ထပ်ပြီး မေးချင်ပါတယ်။ တချို့မေးမြန်းကြတာ၊ ရေးသားကြတာ ရှိပါတယ်။ MOGE ရဲ့ OA Account တွေဟာ မြန်မာ့စီးပွားရေးဘဏ်မှာသာမက အခြားဘဏ်တွေမှာ၊ နိုင်ငံခြားဘဏ်တွေမှာ ဖွင့်ထားတာတွေတောင်ရှိတယ်ဆိုပြီး ပြောကြပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ဆရာ့အနေနဲ့ ရှင်းပြပေးပါ။

**ဦးမောင်မောင်ခန့်**
**ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)**

မြန်မာ့ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းရဲ့ OA Account တွေကို နိုင်ငံတော်ပိုင် မြန်မာ့စီးပွားရေးဘဏ်မှာပဲ စာရင်းဖွင့်လှစ်ခြင်း ဖြစ်ပါတယ်။ နိုင်ငံခြားဘဏ်မှာ ဖွင့်လှစ်ခြင်းမရှိသလို ပြည်တွင်း ပုဂ္ဂလိက ဘဏ်တွေမှာတောင် ဖွင့်လှစ်ခြင်းမရှိပါဘူး။

**ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**

ဆရာမ ဒေါ်စီစီပြုံးအနေနဲ့ ကျွန်တော်တို့ ဆွေးနွေးကြတဲ့ SEE တွေရဲ့ UFA-OA တွေဟာ ဘတ်ဂျက်မှာလည်း ပါပြီးသားဖြစ်ပါတယ်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေထဲကိုလည်း ဝင်ရောက်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအပ်ငွေစာရင်းထဲကိုလည်း အသားတင်ဝင်ရောက်ပါတယ်။ နိုင်ငံတော်ကလည်း နှစ်စဉ်ဘတ်ဂျက်လိုငွေပြတဲ့ဘတ်ဂျက်နဲ့ သွားနေတဲ့အတွက်

*စာမျက်နှာ ၁၁ သို့*

❖ **နိုင်ငံတော်ရဲ့ လိုငွေဖြည့်ဆည်းတယ်ဆိုတာ တကယ်တော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကနေ ထိန်းသိမ်းထားတဲ့ ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်းကို ဖြည့်ဆည်းပေးခြင်းဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်မှာရှိတဲ့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း၊ ဒီစာရင်းကြီးတစ်ခုလုံးကို အပတ်စဉ်၊ လစဉ်၊ နှစ်စဉ် စာရင်းတွေကို ညှိနှိုင်းတယ်၊ စာရင်းချုပ်တယ်။ ပြီးရင် ဒီစာရင်းတွေကနေ ပေါ်ပေါက်လာတဲ့ ပိုငွေ၊ လိုငွေစာရင်းက ဗဟိုဘဏ်မှာရှိတဲ့ ပြည်ထောင်စုအစိုးရအပ်ငွေစာရင်းကို ရောက်ရှိလာတယ်။ ပြီးရင် ဒီစာရင်းတွေကို စုစည်းပြီး ရှင်းလင်းတာဖြစ်ပါတယ်။ ဒီလိုလုပ်တဲ့အတွက် SEE OA မှာ လက်ကျန်တဲ့ ငွေတွေက ပြည်ထောင်စုအစိုးရအပ်ငွေစာရင်းကို အလိုအလျောက် ဖြည့်ဆည်းပြီးသားဖြစ်**

**ဒေါ်စီစီပြုံး**

# ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

*(ယမန်နေ့မှအဆက်)*

**အပိုင်း၃**

**နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

**အခန်း(၁)**

**ရငွေများနှင့်သုံးငွေများ**

၁၉။ (က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည်နိုင်ရေးမူနှင့်အညီ ဆောင်ရွက်ကြရာတွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေလက်ကျန်အခြေအနေအရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ သာမန်အသုံးစရိတ်အားလုံး၊ ငွေလုံးငွေရင်းအသုံးစရိတ်အားလုံးနှင့်ကြွေးမြီအသုံးစရိတ်အားလုံးတို့ကို လုပ်ငန်းသုံးရင်းနှီးငွေအဖြစ်မိမိတို့၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့်သော်လည်းကောင်း၊ သာမန် အသုံးစရိတ်အောက်ရှိ ကုန်ကြမ်းပစ္စည်းဝယ်ယူခြင်းအသုံးစရိတ်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေ၊ ကုန်ထုတ် လုပ်မှုစရိတ်/လုပ်ငန်းဆောင်ရွက်မှုစရိတ်၊ စီမံနှင့်သုတေသနစရိတ်နှင့် ရောင်းချဖြန့်ဖြူးမှုစရိတ်တို့ကို လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် မိမိတို့၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့်သော်လည်းကောင်း၊ သာမန်အသုံးစရိတ်အောက်ရှိ ကုန်ကြမ်းပစ္စည်းဝယ်ယူခြင်းအသုံးစရိတ်၏ ၅၀ ရာခိုင်နှုန်း၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ထည့်ဝင်ငွေ၊ ကုန်ထုတ်လုပ်မှုစရိတ်/ လုပ်ငန်းဆောင်ရွက်မှုစရိတ်၊ စီမံနှင့်သုတေသနစရိတ်နှင့် ရောင်းချဖြန့်ဖြူးမှုစရိတ်တို့ကို လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် မိမိတို့၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့်သော်လည်းကောင်း ဆောင်ရွက်ကြရမည်။ လုပ်ငန်းသုံးရင်းနှီးငွေကို မိမိတို့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရန်မလုံလောက်ပါက မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရတည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များမှ သတ်မှတ်ချက်နှင့်အညီ ငွေချေးယူသုံးစွဲနိုင်သည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပုဒ်မခွဲ (က)တွင် ဖော်ပြထားသည့် မိမိတို့၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေဖြင့် သုံးစွဲရမည့် အသုံးစရိတ်များမှအပ ပြည်ပသို့ ကြွေးမြီပြန်လည်ပေးဆပ်ရန် အသုံးစရိတ်၊ ကျန်သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၂၀။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၂၁။ (က) ဇယား(၇)နှင့်(၈)တို့တွင် ဖော်ပြထားသည့်ရငွေများနှင့် သုံးငွေများသည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၇) နှင့် (၈) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကိုစီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း(၂)**

**နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ**

၂၂။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် စီးပွားရေးဆန်ဆန်ဆောင်ရွက်ရမည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား (၇) တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းများကို လုပ်ငန်းအရ လိုအပ်လျှင်ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား (၈) အရ ခွင့်ပြုထားသော သုံးငွေများကို လုပ်ငန်းအရ လိုအပ်လျှင် စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် သုံးငွေများကို အောက်ပါအတိုင်းပြောင်းလဲပေးခြင်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်-

(၁) အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများ ပြောင်းလဲသုံးစွဲခြင်း၊

(၂) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့်ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်း၊

(၃) ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်း။

(ဃ) ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(င) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

(စ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

(ဆ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များမှ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ လုပ်ပိုင်ခွင့်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား အပ်နှင်းနိုင်သည်။

(ဇ) ပုဒ်မခွဲ (ဆ)ပါ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းဆိုသည့် စကားရပ်တွင် မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များနှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ မပါဝင်စေရ။

**အခန်း(၃)**

**နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များ**

၂၃။ (က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၇) နှင့် (၈) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏ လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

---

*စာမျက်နှာ ၁၀ မှ*

SEE တွေရဲ့ UFA-OA တွေဟာ ဘတ်ဂျက်မှာပါခဲ့ရင် လိုငွေပေါ်မှာ ဘယ်လိုအကျိုးသက်ရောက်မှုရှိတယ်။ မပါခဲ့ရင် လိုငွေပေါ်မှာ ဘယ်လိုအကျိုးသက်ရောက်မှု ရှိမယ်ဆိုတာ ဘဏ္ဍာရေးရှုထောင့်ကနေ ဆွေးနွေးပေးစေလိုပါတယ်။

**ညွှန်ကြားရေးမှူးချုပ် ဒေါ်စီစီပြုံး**

နိုင်ငံတော်ရဲ့ လိုငွေဖြည့်ဆည်းတယ်ဆိုတာ တကယ်တော့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကနေ ထိန်းသိမ်းထားတဲ့ ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်းကို ဖြည့်ဆည်းပေးခြင်းဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်မှာရှိတဲ့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း၊ ဒီစာရင်းကြီးတစ်ခုလုံးကို အပတ်စဉ်၊ လစဉ်၊ နှစ်စဉ်စာရင်းတွေကို ညှိနှိုင်းတယ်၊ စာရင်းချုပ်တယ်။ ပြီးရင် ဒီစာရင်းတွေကနေ ပေါ်ပေါက်လာတဲ့ ပိုငွေ၊ လိုငွေစာရင်းက ဗဟိုဘဏ်မှာရှိတဲ့ ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်းကို ရောက်ရှိလာတယ်။ ပြီးရင် ဒီစာရင်းတွေကို စုစည်းပြီး ရှင်းလင်းတာဖြစ်ပါတယ်။ ဒီလိုလုပ်တဲ့အတွက် SEE OA မှာလက်ကျန်တဲ့ငွေတွေက ပြည်ထောင်စုအစိုးရအပ်ငွေစာရင်းကို အလိုအလျောက် ဖြည့်ဆည်းပြီးသားဖြစ်သွားပါတယ်။

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် အစိုးရဌာနအဖွဲ့အစည်းတွေရဲ့ ရငွေ၊ သုံးငွေတွေကြောင့် ဖြစ်ပေါ်လာတဲ့ လိုငွေ၊ ပိုငွေတွေပါ။ လိုငွေဖြစ်ပေါ်လာခဲ့ရင် SEE OA က လက်ကျန်ငွေက တစ်စိတ်တစ်ဒေသ ဖြည့်ဆည်းပေးတဲ့ သဘောဖြစ်ပါတယ်။ တစ်နည်းအားဖြင့် SEE တွေမှာ နှစ်အလိုက်စုဆောင်းလာတဲ့ OA လက်ကျန်တွေရှိပါတယ်။ ဒီ OA လက်ကျန်တွေဟာ ပြည်ထောင်စု အစိုးရအပ်ငွေစာရင်းရဲ့လိုငွေကို ဖြည့်ဆည်းပေးနေတဲ့ သဘောရှိပါတယ်။ တကယ်လို့သာ SEE လက်ကျန်ငွေမရှိခဲ့ဘူးဆိုရင် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်းရဲ့ လိုငွေဟာ ပိုမိုလာမှာဖြစ်ပြီးတော့ နိုင်ငံတော်မှာ ကြွေးမြီတွေ၊ ကြွေးမြီပေါ်မှာ ပေးရတဲ့ အတိုးစရိတ်တွေဟာ မြင့်မားလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ ပြောချင်တာ ကတော့ SEE လက်ကျန်ငွေတွေဟာ လိုငွေဖြည့်ဆည်းမှုကို တစ်စိတ်တစ်ဒေသ အထောက်အကူဖြစ်နေတာကို ပြောကြားလိုပါတယ်။

**ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**

နောက်တစ်ခုမေးချင်တာက ဆရာမ ဒေါ်နွဲ့နွဲ့ဝင်းကိုပါ။ နိုင်ငံတော်ရဲ့ဘတ်ဂျက်ကို ရေးဆွဲအကောင်အထည်ဖော်နေတဲ့ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ်။ ဒါကြောင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေရဲ့ ရှေ့အလားအလာကို ဆရာမတို့ ဆောင်ရွက်နေတဲ့ အနေအထားနဲ့ သုံးသပ်ပြောကြားပေးစေလိုပါတယ်။

**ညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်း**

နိုင်ငံတော်ရဲ့ ဘတ်ဂျက်မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မတိုင်မီက SEE ရဲ့ ရငွေက စုစုပေါင်းရငွေရဲ့ ခြောက်ဆယ်ရာခိုင်နှုန်းကျော်လောက်ရှိပါတယ်။ အခုချိန်မှာ SEE ရငွေဟာ စုစုပေါင်း ရငွေရဲ့ ၄၉ ရာခိုင်နှုန်းလောက်ပဲ ရှိပါတယ်။ SEE ရငွေလျော့နည်းသွားတယ်။ SEE ရငွေတွေ၊ အသုံးစရိတ်တွေကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနကနေ စိစစ်သုံးသပ်လျက်ရှိပါတယ်။

ကမ္ဘာ့ဘဏ်နဲ့ ပူးပေါင်းပြီး ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး စီမံချက်အောက်မှာ PER ဆိုတာရှိပါတယ်။ public expenditure review ပါ။ အစိုးရအသုံးစရိတ်ပြန်လည်သုံးသပ်ခြင်းမှာလည်း SEE ကို အခန်းကဏ္ဍတစ်ခုအနေနဲ့ စိစစ်သုံးသပ်လျက်ရှိပါတယ်။ နောက် ပြည်ထောင်စုလွှတ်တော်ကလည်း SEE သုံးသပ်ဖို့အဖွဲ့ဖွဲ့ပြီး ဆောင်ရွက်နေပါတယ်။ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနကရော၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အောက်မှာပါ UFOTA က နေပြီး Advisor ရှိပါတယ်။ ဒီ Advisor နဲ့လည်း SEE တွေကို ကြီးကြပ်ဖို့အတွက် SEE Monitoring Manual ကို ရေးဆွဲနေတာ ရှိပါတယ်။ SEE တွေဟာ တစ်ချိန်ကျ မိမိငွေကြေးပေါ်မှာ ရပ်တည်နိုင်ပြီဆိုရင် တချို့သော SEE တွေကိုတော့ Corporatization အနေနဲ့ ပြောင်းလဲဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါပေမယ့် တချို့ကိုတော့ နိုင်ငံပိုင်အဖြစ် ဆက်လက်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

**ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**

ကျေးဇူးတင်ပါတယ်။

ဒီနေ့ ကျွန်တော်တို့ ဆွေးနွေးပွဲကနေ ရရှိလာတဲ့ အချက်များကို အနှစ်ချုပ်တင်ပြရရင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများရဲ့ OA စာရင်းတွေဟာ နိုင်ငံတော်ရဲ့ ဘတ်ဂျက်မှာ အပြည့်အဝပါဝင်ပါတယ်။ နောက်တစ်ခုက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေရဲ့ စာရင်းထဲမှာပဲရှိတဲ့ စာရင်းတွေဖြစ်ပါတယ်။ ဒီစာရင်းတွေဟာ နိုင်ငံပိုင်တွေဖြစ်ပြီး နိုင်ငံတော်ကနေ အစိုးရဌာနအားလုံး စာရင်းဖွင့်ရမယ်လို့ သတ်မှတ်ထားတဲ့ မြန်မာ့စီးပွားရေးဘဏ်မှာပဲ စာရင်းဖွင့်ထားတဲ့ စာရင်းတွေပဲဖြစ်ပါတယ်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရဲ့ ပုံမှန်စာရင်းစစ်ဆေးမှုကိုလည်း အပြည့်အဝခံယူရတဲ့ စာရင်းတွေ ဖြစ်ပါတယ်။ နောက် OA စာရင်းများကို သက်ဆိုင်ရာ နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများက သူတို့သဘောနဲ့သူတို့ စီမံခန့်ခွဲသုံးစွဲလို့ မရပါဘူး။ နှစ်စဉ် လွှတ်တော်က အတည်ပြုတဲ့ ဘတ်ဂျက်ဥပဒေအတိုင်း၊ ဘတ်ဂျက်ဥပဒေမှာပါတဲ့ အသုံးစရိတ်အတိုင်းပဲ သတ်မှတ်ချက်နဲ့ ထုတ်ယူသုံးစွဲရတဲ့ စာရင်းတွေ ဖြစ်ပါတယ်။ စီမံခန့်ခွဲမှုကတော့ နိုင်ငံတော်ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနက စီမံခန့်ခွဲမှုနဲ့ OA စာရင်းများကို လည်းပတ်ဆောင်ရွက်ရတာ ဖြစ်ပါတယ်။

အိမ်တစ်အိမ်ရဲ့ ဥပမာနဲ့တင်ပြရရင် မိဘနဲ့ သားသမီးလိုပါပဲ။ နိုင်ငံတော်က မိဘသဖွယ်ဖြစ်ပြီး သူ့မှာရှိတဲ့ သားသမီးတွေထဲက ဝင်ငွေရှာပေးတဲ့ သားသမီးရှိသလို ဝင်ငွေရှာဖွေမပေးနိုင်ပေမယ့် တခြားတာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်ပေးတဲ့ သားသမီးတွေရှိမှာပါ။ ကျွန်တော်တို့ရဲ့ ဘတ်ဂျက်ကလည်း ကျွန်တော်တို့ ဆွေးနွေးခဲ့တဲ့ အတိုင်းပဲ ဗဟိုအဖွဲ့အစည်းတွေကစပြီး နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးယန္တရားကြီး လည်ပတ်အောင် ဆောင်ရွက်တဲ့နေရာမှာ ဝန်ကြီးဌာနတွေ၊ ဦးစီးဌာနတွေ၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းတွေဆိုပြီး ရှိပါတယ်။

နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းတွေကတော့ မိဘသဖွယ်ဖြစ်တဲ့ နိုင်ငံတော်ကို ဝင်ငွေရှာဖွေပေးတဲ့ ဌာနတွေဖြစ်ပါတယ်။ ဝင်ငွေရှာဖွေမပေးနိုင်သော်လည်း လုံခြုံရေးတာဝန်၊ ကာကွယ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတာဝန်၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသဖြင့် ဒီဌာနတွေကလည်း ရငွေရှာဖွေမပေးနိုင်သော်လည်း တာဝန်ထမ်းဆောင်နေကြပါတယ်။ မိဘသဖွယ် နိုင်ငံတော်က စီမံခန့်ခွဲပြီးတော့ ရငွေရှာဖွေပေးတဲ့ SEE တွေအတွက် သုံးရသလို ရငွေရှာဖွေမပေးနိုင်ပေမယ့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေကြတဲ့ ဌာန၊ အဖွဲ့အစည်းတွေကိုလည်း သုံးစွဲရတာရှိပါတယ်။ ဒါကြောင့် နှစ်စဉ် ဘတ်ဂျက်ရေးဆွဲပြီး သုံးစွဲနေရတာ ဖြစ်ပါတယ်။

ပကတိအခြေအနေအတိုင်း တင်ပြရရင် နိုင်ငံတော်ရဲ့ရငွေဟာ သုံးငွေကိုကာမိခြင်း၊ လုံလောက်ခြင်းမရှိသေးပါဘူး။ လိုငွေဖြစ်ပေါ်တဲ့ ဘတ်ဂျက်ဖြစ်ပါတယ်။ လိုငွေဖြစ်ပေါ်တဲ့ ဘတ်ဂျက်ကို မများအောင် လိုငွေနဲ့ GDP အချိုးကို ငါးရာခိုင်နှုန်းအောက်မှာ ရှိနေအောင်လို့ ထိန်းသိမ်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုငါးရာခိုင်နှုန်းထက် မကျော်အောင် ထိန်းသိမ်းပြီး ဆောင်ရွက်နေတဲ့အထဲမှာ ခုနက တင်ပြခဲ့တဲ့ SEE တွေရဲ့ OA ငွေတွေ ရှိနေတဲ့အတွက်ကြောင့် ကျွန်တော်တို့ရဲ့ လိုငွေကို ထိန်းသိမ်းရာမှာ အများကြီး အထောက်အကူပြုပါတယ်။

ဒီ OA တွေ ဒီလိုလက်ကျန်တွေ ဖြစ်ပေါ်နေသော်လည်းပဲ တကယ်တော့ ဘဏ္ဍာရေးနှစ်နဲ့ နိုင်ငံတော်က သုံးစွဲတဲ့အထဲမှာ ပါရှိပြီးသား ဖြစ်ပါတယ်။ မိဘသဖွယ် နိုင်ငံတော်အနေနဲ့ကတော့ ဘယ်သူက ဘယ်လောက်ရှာဖွေပေးထားတယ်ဆိုတာကို ကိန်းဂဏန်းအနေနဲ့ မှတ်တမ်းတင်ထားတဲ့ သဘောပါ။ တစ်ချိန်မှာ သားသမီးလိုဖြစ်တဲ့ SEE တွေ သူ့ဝင်ငွေနဲ့သူ ရပ်တည်တဲ့အချိန် ထောက်ပံ့ပေးနိုင်အောင်လည်း ဖြစ်ပါတယ်။ အလားတူ SEE OA ထဲကနေ ခွဲပေးခဲ့တဲ့ သာဓကတွေရှိပါတယ်။ ရန်ကုန်နဲ့ မန္တလေးမှာရှိတဲ့ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တွေ ဘတ်ဂျက်အပြင်ကိုထွက်ပြီး လုပ်နေကြပါပြီ။ ဘတ်ဂျက်အပြင်မှာ ဆောင်ရွက်တဲ့အခါ ပေးသင့်ပေးထိုက်တဲ့ OA လက်ကျန်ကို ခွဲဝေပေးတာရှိပါတယ်။ ဒါတွေနဲ့ သူတို့လည်ပတ်နေပါတယ်။ ဥပမာ တင်ပြတာပါ။

OA စာရင်းတွေနဲ့ပတ်သက်ပြီး ပြည့်စုံရှင်းလင်းသွားမယ်လို့ ထင်ပါတယ်။ မေးမြန်းလိုတာရှိရင်လည်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ငွေတိုက်ဦးစီးဌာနနဲ့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတွေကို အချိန်မရွေး ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ရှင်းလင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

# ဘဏ္ဍာနှစ်မကုန်မီ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံကျော် ရောက်ရှိပြီး သမိုင်းတစ်လျှောက် ကုန်သွယ်မှုစံချိန်သစ်တင်

**မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံမှ ဖွံ့ဖြိုးပြီး နိုင်ငံတစ်နိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်ရန်အတွက် အစိုးရနှင့်ပြည်သူ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ရင်း ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ပကုန်သွယ်မှုကဏ္ဍသည်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုလျက် ရှိသော အခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်နေသောကြောင့် ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့်လည်း မိမိတို့ဝန်ကြီးဌာန၏ ချမှတ်ထားသည့် မျှော်မှန်းချက်၊ ရည်ရွယ်ချက်များနှင့်အညီ ပို့ကုန်များအား ခိုင်မာသော စျေးကွက်များ ကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်ရေး၊ စျေးကွက်သေချာသည့် ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရေး၊ ပို့ကုန်တင်ပို့မှု လွယ်ကူလျင်မြန်စေရေးနှင့် နိုင်ငံ၏ ပြည်ပကုန်သွယ်မှုကဏ္ဍအား နှစ်စဉ် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။**

### ပြည်ပကုန်သွယ်မှုသမိုင်းတစ်လျှောက် စံချိန်သစ်တင်

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုတွင် ပင်လယ်ရေကြောင်းမှ နိုင်ငံတကာနှင့် ဆောင်ရွက်သည့်နည်းတူ နယ်စပ်မှ အိမ်နီးချင်းနိုင်ငံများနှင့်လည်း ဆောင်ရွက်လျက်ရှိပါတယ်။ ယင်းသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော် စီးပွားရေးမူဝါဒနှင့်အညီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ဆက်စပ်ဝန်ကြီးဌာနများ၊ UMFCCI နှင့် ညီနောင်အသင်းများ၊ လုပ်ငန်းရှင်များ၊ တောင်သူများ အပါအဝင် Stakeholder အားလုံးနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ပေးခြင်းတို့ ပြုလုပ်ခဲ့မှုကြောင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မကုန်မီတွင် ပြည်ပကုန်သွယ်မှု တန်ဖိုး အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံ ကျော်လွန်ပြီး ပြည်ပကုန်သွယ်မှုသမိုင်း တစ်လျှောက် စံချိန်သစ်တင်နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုအခြေအနေဟာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လ ၂ ရက်အထိ) ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံကျော်၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံဖြစ်တဲ့အတွက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံကျော် ဆောင်ရွက်နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် ပို့ကုန် ၂ ဘီလီယံ၊ သွင်းကုန် ၂ ဘီလီယံ အပါအဝင် ကုန်သွယ်မှုပမာဏ ၄ ဘီလီယံခန့် ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း ကုန်သွယ်ရေးဦးစီးဌာန၏ ကုန်သွယ်မှုစာရင်းဇယားများအရ သိရှိရပါတယ်။

ပြည်ပပို့ကုန်ကဏ္ဍကို ကြည့်မယ်ဆိုရင် ဒီနှစ်မှာ လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့မှုက အမေရိကန်ဒေါ်လာသန်း ၂၇၈၄ ကျော် တင်ပို့နိုင်ခဲ့ကြောင်း၊ အဓိက တင်ပို့တဲ့ လယ်ယာထွက်ကုန်ပစ္စည်းတွေကတော့ ပဲအမျိုးစုံ တန်ချိန် ၁ ဒသမ ၂ သန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၈၀၇ သန်း၊ ဆန်နှင့် ဆန်ကွဲ တင်ပို့မှုက တန်ချိန် ၃ ဒသမ ၂ သန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၃၅ သန်း၊ ရော်ဘာ တင်ပို့မှု တန်ချိန် ၀ ဒသမ ၁၃၆ သန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇၉ သန်း၊ သစ်သီးဝလံမျိုးစုံတင်ပို့မှု တန်ချိန် ၁ သန်းခန့်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆၉ သန်းနှင့် ပြောင်းတင်ပို့မှုတန်ချိန်၁ ဒသမ ၃ သန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၇၂ သန်း တင်ပို့နိုင်ခဲ့ပါတယ်။ ဒီနှစ် ဒီအချိန်ထိတော့ မြန်မာနိုင်ငံရဲ့ဆန်နှင့် ဆန်ကွဲ တင်ပို့မှုက ယခင်နှစ် ကာလတူထက် တန်ချိန် ၁ ဒသမ ၇ သန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၄၅ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပြီး နှစ်ပေါင်း ၇၀ အတွင်း စံချိန်သစ် တင်ပို့နိုင်တာကို တွေ့ရပါတယ်။ ပြောင်းတင်ပို့မှုကလည်း ယခင်နှစ်ထက် တန်ချိန် နှစ်သိန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၈ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခု ၂၀၁၈ ခုနှစ် မတ်လ ၂ ရက်အထိ သဘာဝဓာတ်ငွေ့တင်ပို့မှု တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဘီလီယံကျော် တင်ပို့နိုင်ပြီး ပြည်ပပို့ကုန်တင်ပို့မှုတွင် ပထမနေရာတွင်ရှိနေကြောင်း၊ CMP စနစ်ဖြင့် ချုပ်ပြီးအထည် တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၃၂ ဘီလီယံနဲ့ ဒုတိယနေရာတွင် ရှိနေကြောင်း သိရှိရပါတယ်။

### ရေထွက်ပစ္စည်းများ တင်ပို့မှု

ရေထွက်ပစ္စည်းတင်ပို့မှုတွင် ယခု ၂၀၁၈ ခုနှစ် မတ်လ ၂ ရက်အထိ စုစုပေါင်း တန်ချိန် ငါးသိန်းကျော် တန်ဖိုး အမေရိကန်ဒေါ်လာ ၆၃၄ သန်းထိ တင်ပို့နိုင်ပြီး ယခင်ဘဏ္ဍာနှစ်ကာလတူထက် တန်ချိန် ခြောက်သောင်းခန့် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၄ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ရေထွက်ပစ္စည်းများ တင်ပို့မှုတွင် အဓိက တင်ပို့နိုင်သည့် အမယ်များမှာ ငါးမျိုးစုံတန်ချိန် ၃ ဒသမ ၅ သိန်းကျော် တန်ဖိုး အမေရိကန်ဒေါ်လာ ၃၆၀ သန်း၊ ပုစွန်တန်ချိန် တစ်သောင်းရှစ်ထောင်ခန့်နှင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၆၇ သန်း၊ ကဏန်းတန်ချိန် တစ်သောင်းရှစ်ထောင်ကျော် တန်ဖိုး အမေရိကန်ဒေါ်လာ ၆၉ သန်း၊ ငါးရှဉ့်တန်ချိန် ကိုးထောင်ကျော် တန်ဖိုး အမေရိကန်ဒေါ်လာ ၂၈ သန်းနှင့် အခြားရေထွက်ပစ္စည်းများအနေဖြင့် စုစုပေါင်း တန်ချိန် တစ်သိန်းခန့် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၈ သန်း တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါတယ်။

ရေထွက်ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်သည့်အပြင် ယခုဘဏ္ဍာနှစ်တွင် တိရစ္ဆာန်ထွက် ပစ္စည်းများလည်း ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုဘဏ္ဍာနှစ် မတ်လ ၂ ရက်အထိ တိရစ္ဆာန်ထွက်ပစ္စည်းများ တင်ပို့နိုင်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်း ၄၄ သန်းကျော် တင်ပို့နိုင်ပြီး ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၃၅ သန်း ပိုမိုတင်ပို့နိုင်ကြောင်း သိရှိရပါတယ်။ ယခုကဲ့သို့ ပိုမိုတင်ပို့နိုင်ခဲ့သည့် အကြောင်းရင်းမှာ နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လွတ်လပ်သည့် စျေးကွက်ကို ဖော်ဆောင်နိုင်ရန် တရားမဝင်တင်ပို့မှုများအား တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန်၊ မွေးမြူရေးတောင်သူများ ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် တောင်သူလယ်သမားတို့၏ အကျိုးစီးပွားကို ပိုမိုဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျွဲ၊ နွားအရှင်များအား စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ပြုသည့်အမိန့်အား ဝန်ကြီးရုံး၏ ၉-၁၀-၂၀၁၇ ရက်စွဲပါ အမိန့် ကြော်ငြာစာ ၄၉/၂၀၁၇ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ထို့ကြောင့် အမိန့်ကြော်ငြာစာ ထွက်ပြီးသည့် နောက်ပိုင်းမှစ၍ တင်ပို့နိုင်တဲ့ သိုးအရှင်ကောင်ရေ ၂၅၀၀ တန်ဖိုး အမေရိကန် ဒေါ်လာ ၀ ဒသမ ၀၄၅ သန်း၊ ကျွဲအရှင်ကောင်ရေ ၁၈၆၃ တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၄၂ သန်းနှင့် နွားအရှင်ကောင်ရေ ၁၃၉၇၆ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၇၇၁ သန်း တင်ပို့နိုင်ခဲ့ပါတယ်။

ယခုဘဏ္ဍာနှစ် ပို့ကုန်ကဏ္ဍတွင် ယခင်ဘဏ္ဍာနှစ်ကာလတူထက် ထူးခြားတင်ပို့မှုအနေနဲ့ သတ္တုတွင်းထွက် ပစ္စည်းတင်ပို့မှုဟာ ဧပြီလမှ မတ်လ ၂ ရက်အထိ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၁၄ သန်း တင်ပို့နိုင်ပြီး ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၅၀၃ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ အဓိကတင်ပို့သည့် သတ္တုတွင်းထွက် ပစ္စည်းများမှာ သတ္တုနှင့် သတ္တုရိုင်းများဖြစ်ပြီး တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၆၁၄ သန်း၊ ဒုတိယအနေဖြင့် ကျောက်စိမ်းတင်ပို့မှု တန်ဖိုး အမေရိကန်ဒေါ်လာ ၄၃၉သန်း အများဆုံး တင်ပို့နိုင်ခဲ့ပါတယ်။

### သွင်းကုန်တင်သွင်းမှု

သွင်းကုန်တင်သွင်းမှုမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လ ၂ ရက်အထိ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၉၇၅ ဘီလီယံရှိပြီး ယခင်နှစ် ကာလတူ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃၃၅ ဘီလီယံရှိတဲ့အတွက် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဓိက တင်သွင်းတဲ့ ပစ္စည်းတွေကတော့ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်အပိုပစ္စည်းများ အမေရိကန်ဒေါ်လာ ၁၄၄၅ သန်း၊ ရင်းနှီးမြှုပ်နှံမှုပစ္စည်းတွေဖြစ်တဲ့ စက်နှင့်စက်ပစ္စည်း အမေရိကန်ဒေါ်လာ ၁၁၂၁ သန်း၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်း အမေရိကန်ဒေါ်လာ ၆၅၅ သန်း၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးပစ္စည်းများ အမေရိကန်ဒေါ်လာ ၃၉၄ သန်းဖြစ်ပြီး လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများဖြစ်တဲ့ ရေနံထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၃၂၉၅ သန်း၊ ပလတ်စတစ် ကုန်ကြမ်းပစ္စည်း အမေရိကန်ဒေါ်လာ ၅၆၈ သန်း၊ ဓာတ်မြေသြဇာ အမေရိကန်ဒေါ်လာ ၂၉၅ သန်း၊ ဓာတုဗေဒချည်ခင်များ အမေရိကန်ဒေါ်လာ ၂၃၉ သန်းဖြစ်ကြောင်း၊ လူသုံးကုန်ပစ္စည်းအနေဖြင့် ဆေးဝါးပစ္စည်းများ အမေရိကန်ဒေါ်လာ ၄၈၃ သန်းတို့ကို နိုင်ငံတော်ရဲ့ လိုအပ်ချက်နှင့်အညီ အဓိကအများဆုံး တင်သွင်းနေတာကို တွေ့ပါတယ်။

> **“ မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ တွန်းအားပေးဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး ဥက္ကဋ္ဌ အဖြစ် ဒုတိယသမ္မတ-၁ ဦးဆောင်ပြီး စီးပွားရေးလုပ်ငန်းရှင် များ၏ အခက်အခဲများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝိုင်းဝန်းကူညီဖြေရှင်းပေးနိုင်ရေး လစဉ်ပုံမှန်တွေ့ဆုံ ဆွေးနွေးပွဲများ ပြုလုပ်၍ ညှိနှိုင်းအဖြေရှာမှုများ ပြုလုပ်လျက်ရှိ ”**

ဒါ့အပြင် ယခင်နှစ် ကာလတူထက် ပိုမိုတင်သွင်းနိုင်တဲ့ပစ္စည်းတွေကတော့ ရေနံထွက် ပစ္စည်းတွေဖြစ်တဲ့ ဒီဇယ်ဆီ၊ ဓာတ်ဆီ၊ လေယာဉ်ဆီနှင့် လေယာဉ်အပိုပစ္စည်းများ၊ စက်နှင့် စက်ပစ္စည်းများ၊ ဓာတုဗေဒချည်ခင်များ၊ ဆေးဝါးပစ္စည်းများ ပိုမိုတင်သွင်းလာတာကို တွေ့ရှိရပါတယ်။ ဒီလိုတင်သွင်းတဲ့ပစ္စည်းတွေဟာ နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်တဲ့ ရင်းနှီးမြှုပ်နှံမှုပစ္စည်းတွေ၊ SME လုပ်ငန်းအတွက် လိုအပ်တဲ့ ကုန်ကြမ်းပစ္စည်း၊ စက်ပစ္စည်းများနဲ့ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆေးဝါးပစ္စည်းများ တင်သွင်းရတယ်ဆိုတာဟာ သိသာထင်ရှားလှပါတယ်။

ဒီလိုကုန်သွယ်မှုကဏ္ဍ တိုးတက်လာအောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဟာ ပို့ကုန် သွင်းကုန် လိုင်စင်ဆိုင်ရာ ဖြေလျှော့ပြောင်းလဲမှုတွေ ဆောင်ရွက်ပေးပြီး သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်စာရင်း Negative List ကို HS Code လိုင်းပေါင်း ၄၈၁၈ လိုင်းသာ ကျန်ရှိပြီး ၎င်းတို့အား ထပ်မံဖြေလျှော့နိုင်ရေးအတွက် ဆက်စပ်ဌာနများ၊ အသင်းအဖွဲ့များ၏ သဘောထား အကြံပြုချက်များ ဆွေးနွေးရယူလျက်ရှိကြောင်း သိရှိရပါတယ်။

### ပို့ကုန် သွင်းကုန်လိုင်စင်များကို ခွင့်ပြုထုတ်ပေး

ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရန်နှင့် ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းများအား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် ပို့ကုန် သွင်းကုန်လိုင်စင်များအား စျေးနှုန်းစိစစ်ခြင်းမပြုဘဲ ကုမ္ပဏီများမှ တင်ပြလာတဲ့ စျေးနှုန်းနှင့် ကုန်ပစ္စည်းတန်ဖိုး မှန်ကန်ကြောင်း ဝန်ခံကတိဖြင့် စီးပွားရေး ကျင့်ဝတ်နှင့်အညီ တင်ပြလာသည့် Invoice နှင့် Sale Contract ပါ စျေးနှုန်းများအတိုင်းသာ ပို့ကုန် သွင်းကုန်လိုင်စင်များကို ခွင့်ပြုထုတ်ပေးခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပြီး လွယ်ကူလျင်မြန်အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြည်ပမှ တင်သွင်းလာသော ကုန်စည်ပမာဏ များပြားလာခြင်းကြောင့် ပြည်တွင်းရှိ အလားတူ ကုန်စည်ထုတ်လုပ်သူများ ထိခိုက်နစ်နာမှုဖြစ်ပေါ်ခြင်းမှ ကာကွယ်ကုစားနိုင်ရန်အတွက် ကုန်သွယ်ရေးဦးစီးဌာနအနေနှင့် သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ(မူကြမ်း) Safeguard Law on Increased Import အား ရေးဆွဲလျက်ရှိကြောင်းနှင့် လျှော့စျေးဖြင့် စုပုံတင်ပို့ခြင်းနှင့် အစိုးရထောက်ပံ့မှု ရယူတင်ပို့ခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော ပြည်တွင်းကုန်စည်ထုတ်လုပ်သူများ၏ ထိခိုက်နစ်နာမှုကို ကာကွယ်ကုစားပေးမှု Antidumping and Countervailing Law ဥပဒေ(မူကြမ်း) အား ရေးဆွဲလျက်ရှိပြီး ကုန်သွယ်မှုကဏ္ဍတွင် WTO သတ်မှတ်ချက်နှင့်အညီ မိမိနိုင်ငံသားလုပ်ငန်းရှင်များအား ဥပဒေနှင့်အညီ ကာကွယ်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါတယ်။

ကုန်သွယ်မှုနှင့်သက်ဆိုင်သည့် နိုင်ငံတော်သို့ ပေးသွင်းရမည့် ငွေကြေးပေးသွင်းမှုများကို မြန်မာနိုင်ငံသားများဘဏ် MCB နှင့် ချိတ်ဆက်၍ e-Payment စနစ်ဖြင့် ၂၀၀၇ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာမှ ယခုအခါ ကုန်သွယ်မှုဆိုင်ရာငွေကြေးပေးသွင်းမှု ဆောင်ရွက်ရာတွင် ငွေသားကိုင်ဆောင်ပေးသွင်းရသည့် စနစ်အစား ဘဏ် (၂၃) ခုနှင့်ချိတ်ဆက်ထားသည့် MPU-Myanmar Payment Union စနစ်ဖြင့် ၂၀၁၇ ခုနှစ် ဇွန် ၁၉ မှ စ၍ နေပြည်တော် ရုံးအမှတ်(၃)နှင့် ရန်ကုန်တို့တွင် စတင်ဆောင်ရွက်လျက်ရှိပါတယ်။ နယ်စပ်စခန်းများရှိ မူဆယ်ကုန်သွယ်ရေးဇုန်နှင့် မြဝတီကုန်သွယ်ရေးဇုန်များတွင်လည်း ၂၀၁၇ ခုနှစ်၊ စက်တင်ဘာ ၁ ရက်မှစတင်၍ Online ကြေးနှင့် သွင်းကုန်လိုင်စင်ကြေးနှစ်မျိုးအား MPU စနစ်ဖြင့် ငွေကြေးပေးသွင်းမှုအား စတင်ဆောင်ရွက်နိုင်ခဲ့ပြီး ကျန်စခန်းများတွင် ဆောင်ရွက်ရန် စီမံထားကြောင်း သိရှိရပါတယ်။ ဒါ့အပြင် နိုင်ငံတော်သို့ ပေးသွင်းရသည့် အခြားငွေစာရင်းခေါင်းစဉ်များကိုလည်း ဆက်လက်ဆောင်ရွက်နိုင်ရေး စီစဉ်လျက်ရှိပါတယ်။

### စိန်ခေါ်မှုအခက်အခဲများ

ထို့အပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မည်မျှပင် ကုန်သွယ်မှု အဆင်ပြေချောမွေ့စေရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးနေပေမယ့်လည်း စိန်ခေါ်မှုအခက်အခဲများကတော့ ရင်ဆိုင်နေရဆဲဖြစ်ပါတယ်။ ဒီစိန်ခေါ်မှုတွေကတော့ နိုင်ငံရဲ့အဓိကတင်ပို့နေတဲ့ လယ်ယာထွက်ကုန်ပစ္စည်းများကို စိုက်ပျိုးထုတ်လုပ်တင်ပို့ရာမှာ ရာသီဥတု၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်း၊ သွင်းအားစု ကုန်ကျစရိတ် မြင့်မားခြင်း၊ သီးနှံ မျိုးကောင်းမျိုးသန့်ရရှိရန် လိုအပ်ခြင်း၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်များ မြင့်မားခြင်း၊ အရည်အသွေးမြင့် ထုတ်ကုန်များ (Value Added) ထုတ်လုပ်မှုနည်းပါးခြင်း၊ နိုင်ငံတကာစျေးကွက်နှင့် ဝယ်လိုအားအပေါ် တည်မှီနေရခြင်း၊ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ၊ ရိတ်သိမ်းမှုစနစ်များ၊ ထုတ်လုပ်မှုစနစ်များ လိုအပ်နေခြင်း စတဲ့အချက်များဟာ လက်ရှိ လယ်ယာထွက်ကုန် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချရာမှာ ရင်ဆိုင်နေရတဲ့ အခက်အခဲများ၊ စိန်ခေါ်မှုများပဲ ဖြစ်ပါတယ်။

ပို့ကုန်ပစ္စည်းထုတ်လုပ်မှု ကွင်းဆက်ရဲ့ Supply Chain တစ်လျှောက်လုံးမှာ ဒေသတွင်း နိုင်ငံတွေနဲ့ မယှဉ်နိုင်တဲ့အချက်ကတော့ ကုန်စည်သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ် (Logistic Cost) တွေ မြင့်တက်နေတာပဲဖြစ်ပါတယ်။ ပြည်ပသို့ ဆန်၊ ဆန်ကွဲများနဲ့ အခြားသော ကုန်စည်များကို ပင်လယ်ရေကြောင်းမှတစ်ဆင့် တင်ပို့ရာမှာ ဆိပ်ကမ်းများ၌ အခက်အခဲများရှိနေဆဲ ဖြစ်ပါတယ်။

### စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများ

အစိုးရသစ်လက်ထက်တွင် မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ တွန်းအားပေးဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး ဥက္ကဋ္ဌအဖြစ် ဒုတိယသမ္မတ-၁ ဦးဆောင်ပြီး စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဝိုင်းဝန်းကူညီ ဖြေရှင်းပေးနိုင်ရေး လစဉ်ပုံမှန်တွေ့ဆုံ ဆွေးနွေးပွဲများ ပြုလုပ်၍ ညှိနှိုင်းအဖြေရှာမှုများ ပြုလုပ်လျက်ရှိကြောင်း သိရှိရပါတယ်။

ယင်းကဲ့သို့ ဆောင်ရွက်လျက်ရှိသောကြောင့် ပြည်ပကုန်သွယ်မှုတိုးမြှင့်ရေး ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့်အညီ သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ခြင်း၊ မိမိနိုင်ငံ၏ ကုန်သွယ်ဘက်နိုင်ငံများနှင့် နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာကိစ္စများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊ ကုန်သွယ်မှု Mission များ စေလွှတ်ခြင်း၊ စျေးကွက်သစ်များ ရှာဖွေပြီး ထိုးဖောက်ဝင်ရောက်ခြင်း၊ ကုန်သွယ်မှုဆိုင်ရာ ပြင်ဆင်ဖြေလျှော့မှုများ ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် ပြည်ပကုန်သွယ်မှုမှာ သမိုင်းတစ်လျှောက် အများဆုံး ကုန်သွယ်မှုပမာဏအဖြစ် အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံကျော် ရောက်ရှိခဲ့ပြီး ဘဏ္ဍာနှစ် မကုန်မီမှာပင် ယခင်ကာလတူ ဘဏ္ဍာနှစ်ထက် ဒေါ်လာ လေးဘီလီယံခန့် ပိုမိုဆောင်ရွက်နိုင်ကြောင်း လေ့လာသုံးသပ်အကြံပြု ရေးသားတင်ပြလိုက်ရပါတယ်။ ။

## မြန်မာ့ရုပ်မြင်သံကြား

၁၅ -၃-၂၀၁၈ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၉း၁၀ - "မျှော်လင့်ခြင်းနေ့သစ်များ"
၉း၂၅ - လှပစုံလင်အာဆီယံတစ်ခွင်
၁၁း၃၅ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ကိုကိုယောက်ျားကောင်း"
၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ **ကြမ္မာနံ့** (Interview) မင်းဦး၊ ဖိုးသောကြာ၊ စုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ ဇော်ဇော် (ဒါရိုက်တာ-အောင်သြဘာ)
၁၃း၀၅ - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-I) (ပုသိမ်မြို့) (ဒုတိယပိုင်း)

**ညပိုင်း**

၁၆း၃၅ - **ရှမ်းပြည်နယ်တောင်ပိုင်း ခရီးသွားမြှင့်တင်ရေး** (အပိုင်း-၃)
၁၇း၁၅ - **ကြယ်ရောင်လမ်း**(အပိုင်း-၃)
၁၇း၃၅ - လူမှုစီးပွားမြင်ကွင်းများ
၁၈း၂၀ - NHK Programme "ရွှေ့လျားမှုကိုလေ့လာခြင်း" (တစ်သမတ်တည်း လည်ပတ်ရွှေ့လျားခြင်း)
၁၈း၃၅ - မျက်မှောက်ရေးရာအဖြာဖြာ
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ Union Fund Account (UFA) Other Account(OA) အကြောင်းသိကောင်းစရာ"
- America's Got Talent (25)
- နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြွေးရာဇဝင်** (အပိုင်း-၁၇)
- မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၃)




## MFF Futsal Open Cup ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် မတ် ၁၄**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် MFF Futsal Open Cup ပြိုင်ပွဲ အုပ်စု သတ္တမနေ့ကို ယနေ့ နံနက်ပိုင်းမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ဆက်လက်ကျင်းပသည်။

ယနေ့ ကျင်းပသည့်ပွဲများတွင် GV Altheltic က မြို့မလှသီတာကို ကိုးဂိုး-တစ်ဂိုး၊ MGG က ရိပ်သာကို သုံးဂိုး-နှစ်ဂိုး၊ ရွှေမြဝတီက Montaungကို ၁၈ ဂိုး- ဂိုးမရှိ၊ မြို့မက ဂန္ဓမာကို ၁၀ ဂိုး-တစ်ဂိုး၊ VUC Youth က SAKA ကို ငါးဂိုး-နှစ်ဂိုး၊ ရွှေခရမ်းက KWC ကို ရှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲရင့်ရှိန်း**

## စစ်တုရင်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် မတ် ၁၄**

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး စစ်တုရင်ဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား စစ်တုရင်ပြိုင်ပွဲကို မတ် ၁၃ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် တစ်ဦးချင်း အလွတ်တန်း Unrated နှင့် အသက် ၂၀ နှစ်အောက် ပြိုင်ပွဲများကို အပြည်ပြည်ဆိုင်ရာ စစ်တုရင် စည်းကမ်းသတ်မှတ်ချက်နှင့် ယှဉ်ပြိုင်ကြပြီး ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ် ငါးနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသားတံခွန်စိုက်တွင် ပါဝင်သည့် ကစားသမားများ ပါဝင်ယှဉ်ပြိုင်ခွင့်မပြုကြောင်း၊ ပြိုင်ပွဲတွင် ကစားသမား ၈၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး ဆုကြေးအဖြစ် အလွတ်တန်းတွင် ပထမမှ ဒသမအထိ လည်းကောင်း၊ Unrated နှင့် အသက် ၂၀ နှစ်အောက် ပထမ၊ ဒုတိယ၊ တတိယဆုများ ချီးမြှင့်သွားမည်ဖြစ်သည်။

**တင်စိုး(မြန်မာ့အလင်း)**

## ပြည်ထောင်စုလွှတ်တော်ရုံး ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုလွှတ်တော်ရုံးတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေးရာထူး (လစာနှုန်း ကျပ် ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀) ၂၀နေရာအတွက် အောက်ပါသတ်မှတ်ချက်နှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
- (ခ) တက္ကသိုလ်မှ အနည်းဆုံးဘွဲ့တစ်ခုခု ရရှိထားသူဖြစ်ရမည်။ (ဥပဒေ/စီးပွားရေး/နိုင်ငံတကာဆက်ဆံရေး/အင်္ဂလိပ်စာ/ကွန်ပျူတာ ဘွဲ့ရရှိသူများ ဦးစားပေးမည်)၊
- (ဂ) ကွန်ပျူတာအခြေခံတတ်ကျွမ်းရမည်၊
- (ဃ) ၃၁-၃-၂၀၁၈ရက်တွင် (၂၅)နှစ်ထက် မကျော်စေရ၊
- (င) မဟာဘွဲ့နှင့် မဟာသုတေသနဘွဲ့ရရှိသူများအတွက် ၃၁-၃-၂၀၁၈ ရက်တွင်၊ (၃၀)နှစ် ထက်မကျော်စေရ၊
- (စ) မဟာဘွဲ့နှင့် မဟာသုတေသနဘွဲ့ရရှိသူများအား ခန့်ထားခြင်းခံရပါကတစ်ဆင့်မြင့် ရာထူးတိုးမြှင့်ရေးအတွက် ခြွင်းချက်ဖြင့် စဉ်းစားပေးမည်၊
- (ဆ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၂။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များကို ဖော်ပြ၍ ကိုယ်တိုင်လက်မှတ်ရေးထိုးလျှောက်ထားရမည်-
- (က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (ခ) မွေးနေ့သက္ကရာဇ်(အသက်)
- (ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
- (ဃ) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်
- (င) အိမ်ထောင်ရှိ/မရှိ၊ အိမ်ထောင်ရှိလျှင် ဇနီး/ခင်ပွန်း၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာဖော်ပြရန်
- (စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်
- (ဆ) နေရပ်လိပ်စာ၊ ဖုန်းနံပါတ်

၃။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ ပူးတွဲပါရှိရမည်-
- (က) တစ်လအတွင်း ရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံ(နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)
- (ခ) ဘွဲ့လက်မှတ်(သို့မဟုတ်)သက်ဆိုင်ရာတက္ကသိုလ်၏ ထောက်ခံချက်မိတ္တူ၊
- (ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ၊
- (ဃ) ကွန်ပျူတာအခြေခံအောင်လက်မှတ်မိတ္တူ၊
- (င) (၆)လအတွင်းပြုလုပ်ထားသော အလုပ်သမား မှတ်ပုံတင်ကတ်ပြားမိတ္တူ၊
- (စ) တစ်လအတွင်း ရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်နှင့်ရဲစခန်း၏ ထောက်ခံချက်မူရင်း၊
- (ဆ) အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိပြုဝန်ခံချက်၊
- (ဇ) တစ်လအတွင်းပြုလုပ်ထားသည့် ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံချက်။

၄။ လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ရုံးအမှတ်(၂၀) နေပြည်တော်သို့ လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍သော်လည်း ကောင်း ၂၈-၃-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ ပေးပို့နိုင်သည်။

၅။ သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသော လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့် မကိုက်ညီသူများအား ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

၆။ ဖြေဆိုခွင့်ရရှိသူများစာရင်းကို ပြည်ထောင်စုလွှတ်တော် Websiteနှင့် Facebook Pageများတွင် ၃-၄-၂၀၁၈ရက်(အင်္ဂါနေ့)ညနေပိုင်းမှစ၍ ကြေညာမည်။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၆-၄-၂၀၁၈ရက်(သောကြာနေ့) မှစ၍ ရုံးအမှတ်(၂၀) နေပြည်တော်၌ ထုတ်ပေးမည်။

၈။ အရည်အချင်းစစ်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာ ရပ်များကို ၇-၄-၂၀၁၈ရက်(စနေနေ့)နံနက် ၉နာရီမှ ၁၂နာရီအထိ ပြည်ထောင်စုလွှတ်တော်ရုံး၊ နေပြည်တော်၌ ဖြေဆိုရမည်။

၉။ အရည်အချင်းစစ်စာမေးပွဲ အောင်မြင်သူများအား လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာလက်တွေ့စစ်ဆေးခြင်းကို ၂၃-၄-၂၀၁၈ရက်(တနင်္လာနေ့)နှင့် ၂၄-၄-၂၀၁၈ရက်(အင်္ဂါနေ့)တွင် နံနက် ၉း၃၀နာရီမှစ၍ ဆောင်ရွက်မည်။ လူတွေ့စစ်ဆေးချိန်တွင် အပိုဒ် ၃ပါ စာရွက်စာတမ်းမူရင်းများ တင်ပြရမည်။

၁၀။ အသေးစိတ်သိလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ စီမံရေးဌာနကြီး ဖုန်း-၀၆၇-၅၉၁၁၈၉ နှင့် ၀၆၇-၅၉၁၂၉၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပြီး ပြည်ထောင်စု လွှတ်တော် website:www.pyidaungsu.hluttaw.mmနှင့် Facebook page:myanmarunionpar liament တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## အများသိစေရန် ကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဆောက်လုပ်သည့်အဆောက်အအုံများကို ကြီးကြပ်ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အင်ဂျင်နီယာလိုင်စင်များအား စိစစ်ထုတ်ပေးထားခဲ့ရာ အဆိုပါလိုင်စင်များသည် ၃၁.၃.၂၀၁၈ ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး၊ ၂၀၁၈ ခုနှစ် ဧပြီလ(၁)ရက်နေ့မှစ၍ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာကောင်စီများတွင် မှတ်ပုံတင်ထားသော အင်ဂျင်နီယာ/ဗိသုကာများဖြင့်သာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကြီးကြပ်ဆောက်လုပ်ခွင့်ပြုမည်ဖြစ်ပါသည်။

၂။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကြီးကြပ်ဆောက်လုပ်ခွင့်ရရှိသည့် အင်ဂျင်နီယာ/ဗိသုကာများသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် မှတ်ပုံတင်ကြေးထပ်မံပေးဆောင်ရန် မလိုအပ်ကြောင်းနှင့် ကြီးကြပ်ဆောက်လုပ်ခွင့်ရှိသည့် အဆောက်အအုံ အမျိုးအစား၊ အဆောက်အအုံအမြင့်တို့ကိုလည်း သက်ဆိုင်ရာကောင်စီများ၏ သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အပိုဒ်(၁)နှင့် အပိုဒ်(၂)ပါအချက်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ပါသည်။ ထို့အပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ လိုင်စင်ရယူထားသော အင်ဂျင်နီယာများအနေဖြင့် သက်ဆိုင်ရာကောင်စီများနှင့် လိုအပ်သလို ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ဖြည့်စွက်ဖော်ပြအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဟန်စစ်မင်း ၃/ကကရ(နိုင်)၁၆၅၉၆၀၏ ပတ်စပို့နံပါတ် မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၄၄၁၆၈၉၂**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/6759 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(နေပြည်တော်)**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၁၃)ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ စက်မှုဇုန်အကွက်၊ ဦးပိုင်အမှတ်(L-၁၇၆)၊ ဧရိယာ (၀ဒသမ ၀၅၅) ဧကရှိမြေအား ဦးကျော်လွင်က မြေငှားဂရန်(အသစ်) ချထားပေးပါရန် လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှထွက်ရှိသော ဘေးထွက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များအား ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)တွင် ၁၅-၃-၂၀၁၈ရက် မှ ၂၀-၃-၂၀၁၈ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၂၀-၃-၂၀၁၈ရက် ညနေ ၄ နာရီဖြစ်ပါသည်။

၃။ သတ်မှတ်ချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၄၃-၂၀၂၃၀၆၈သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရောင်းချရေးအဖွဲ့**
**ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**စက်ရုံစုရပ်ကွက်၊ တပ်ထိန်းဂိတ်အနီး၊ စစ်တွေမြို့**

### CLAIMS DAY NOTICE

### M.V VIKING OCEAN VOY:NO(7)

Consignees of cargo carried by M.V VIKING OCEAN VOY:NO(7) are here by notified that the vessel will arrive on about 16-3-2018 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့်သင်္ဘောမှ ချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

### ရန်ကုန်စီးပွားရေးတက္ကသိုလ် ဓာတ်ပုံနှင့်ဆိုင်ခန်းများကြီးကြပ်ရေးအဖွဲ့ အိတ်ဖွင့်တင်ဒါများခေါ်ယူခြင်း

ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေနှင့်လှိုင်နယ်မြေ) တွင် စားသောက်ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချရေးအတွက် တစ်နှစ်ငှားရမ်းရောင်းချခွင့် အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။ တင်ဒါတင်သွင်းပုံစံများကို ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)ရှိ ငွေစာရင်းဌာနတွင် ရယူပြီး ၂၈-၃-၂၀၁၈ ရက် မွန်းတည့် ၁၂နာရီနောက်ဆုံးထား၍ တင်ဒါလျှောက်လွှာ တင်သွင်းနိုင်ပါသည်။

**ဓာတ်ပုံနှင့်ဆိုင်ခန်းများကြီးကြပ်ရေးအဖွဲ့**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

### ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၃-၂၀၁၈ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၁၃) အလိုရှိသည် ကြော်ငြာတွင် ချမ်းမြသာစည်မြို့နယ် အောင်သပြေမြို့သစ် အစား အောင်သာယာမြို့သစ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ပျောက်ဆုံးကြောင်း

ကျွန်တော် မင်းကျော်သူ ၁၀/ကမရ(နိုင်)၀၆၂၇၂၇ ၏ (Passport - No) မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၆၇၈၈၂၉၉**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4D/1666 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ပြင်ဆင်ဖတ်ရှုပါရန်

၉-၃-၂၀၁၈ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၄)တွင် ရောင်းရန် ကြော်ငြာစာ မန္တလေးခရိုင် တရားရုံး၊ ၂၀၀၆ ခုနှစ်၊ တရားမဇာရီမှု အမှတ်(၁၅၁)တွင် ၂၀၀၆ ခုနှစ် အစား ၂၀၁၆ ခုနှစ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၃-၂၀၁၈ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၃) အများသိစေရန် ကြေညာခြင်း ကြော်ငြာတွင် ဒေါ်ခမ်းလှိုင်၏ မှတ်ပုံတင်အမှတ်မှာ ၁၃/မဆတ(နိုင်)၁၀၆၀၅၆ အစား ၁၃/မဆတ(နိုင်)၀၀၆၀၅၆ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## သွေးသည် အသက်

# အဝေးထိန်းစနစ်ဖြင့် မျက်ကွယ်ဖတ်ရှုနိုင်မည့် မီတာစနစ်နှင့် မီတာအမျိုးအစားလေးမျိုးကို ကျင့်သုံးမည်

**နေပြည်တော် မတ် ၁၄**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနတွင် ကျင်းပသည်။ အဆိုပါအခမ်းအနားတွင် အိမ်သုံးမီတာများနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းသည် ယခင်က လျှပ်စစ်သံလိုက်နည်းဖြင့် မီတာလည်စေသည့် အန်နလော့ခ်မီတာများကို တပ်ဆင်အသုံးပြုခဲ့ပြီး ၂၀၁၃ ခုနှစ် အောက်တိုဘာလမှစတင်ကာ အိမ်သုံးဒစ်ဂျစ်တယ်မီတာအမျိုးအစားကို စတင်စမ်းသပ်အသုံးပြုခဲ့ကြောင်း သိရသည်။

မူလသုံးစွဲသည့် လျှပ်စစ်သံလိုက်နည်းမီတာများသည် မီတာဖတ်ရှုရာတွင် တိကျမှုအားနည်းခြင်း၊ ဓာတ်အားပျောက်ဆုံးမှု ဖြစ်ပေါ်ခြင်း၊ နှစ်ကာလကြာမြင့်ပါက ပြင်ပမှ ဖုန်၊ ရေငွေ့အစရှိသည်တို့ကြောင့် မီတာလည်ပတ်မှုနှေးကွေးခြင်းစသည့် အားနည်းချက်များရှိပြီး ဒစ်ဂျစ်တယ်မီတာများမှာမူ ပိုမိုတိကျ၍ ဓာတ်အားပျောက်ဆုံးမှုကို လျော့နည်းစေကြောင်း သိရသည်။ သို့သော် ဝန်ထမ်းအင်အားများစွာ အသုံးပြုကာ လိုက်လံဖတ်ရှုသည့် စနစ်ကိုသာ ကျင့်သုံးခဲ့သည်။ ယင်းစနစ်အား ပြောင်းလဲပြီး အသစ်တပ်ဆင်သုံးစွဲမည့် မီတာများအတွက် မီတာများ ဖတ်ရှုရာတွင် ပိုမိုတိကျ၍ ဝန်ထမ်းအင်အားများစွာမလိုအပ်ဘဲ အဝေးထိန်းစနစ်ဖြင့် မျက်ကွယ် ဖတ်ရှုနိုင်မည်ဖြစ်ပြီး ကျေးလက်တောရွာ၊ မြို့ငယ်၊ မြို့ကြီး၊ စက်မှုဇုန်နယ်မြေစသည်ဖြင့် မူတည်၍လည်းကောင်း၊ မီတာဈေးနှုန်းများ ခွဲခြားသက်သာစေမည့် ဒစ်ဂျစ်တယ်မီတာအမျိုးအစားများ သုံးစွဲနိုင်ရန် နည်းပညာနှင့် အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းချိုသာသည့် မီတာများကို ဝယ်ယူအကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲမှ သိရှိရသည်။

မီတာလေးမျိုးစနစ်အား ဧပြီလဆန်း ၁ ရက်တွင် စတင်ကျင့်သုံးမည်ဖြစ်ပြီး အဆိုပါအခမ်းအနားအတွင်း ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အတည်ပြုပြောကြားပြီး အဆိုပါ မီတာများသည် လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ Test Lab ဌာနမှ အဆင့်ဆင့်လေ့လာခဲ့ပြီး နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်များရရှိထားသည့် မီတာများဖြစ်ကြောင်း သိရှိရသည်။

မီတာလေးမျိုးမှာ ကျေးလက်ဒေသမှ လျှပ်စစ်သုံးစွဲသည့် ပြည်သူများအတွက် ဈေးနှုန်းသက်သာသည့် မီတာ၊ မြို့ငယ်လေးများအတွက် အိမ်သုံးမီတာ၊ မြို့ကြီးများတွင် အီလက်ထရွန်နစ်ပစ္စည်းများ သုံးစွဲသူများအတွက် မီတာနှင့် စက်မှုသုံးမီတာဟူ၍ လေးမျိုးဖြစ်ပြီး ကြိုက်နှစ်သက်သည့် မီတာအမျိုးအစားအား ရွေးချယ်သုံးစွဲခွင့်ရရှိမည်ဖြစ်သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲအတွင်း အိမ်သုံးမီတာလေးမျိုးအပြင် ကမ်းလွန်လုပ်ကွက်များမှ သဘာဝဓာတ်ငွေ့ထုတ်ယူနိုင်မည့် အခြေအနေများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုမိုထုတ်လုပ်နိုင်ရေးများ၊ ထုတ်လုပ်ဆဲ သဘာဝဓာတ်ငွေ့များတွင် ထုတ်လုပ်မှုမကျဆင်းစေရေး ဆောင်ရွက်မှုများ၊ အာဆီယံစွမ်းအင်ဆိုင်ရာ ဆုပြိုင်ပွဲများတွင် မြန်မာနိုင်ငံမှ စိတ်ပါဝင်စားသည့် အဖွဲ့အစည်းများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ဆောင်ရွက်သည့် အခြေအနေများနှင့် စက်သုံးဆီ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် လျှောက်ထားရာတွင် လွယ်ကူစေမည့် ဖြေလျှော့မှုများကို သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများက ဆွေးနွေးသတင်းထုတ်ပြန်ပေးခဲ့ကြသည်။

**ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**




# ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦး ရုံးထုတ်သက်သေနှစ်ဦး စစ်ဆေး

**ရန်ကုန် မတ် ၁၄**

၁၉၂၃ ခုနှစ် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များအက်ဥပဒေ ပုဒ်မ ၃(၁)(ဂ)ဖြင့် တရားစွဲခံထားရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက် သက်ဦးမောင်(ခ)ဝလုံးနှင့် ကျော်စိုးဦး (ခ)မိုးအောင်တို့နှစ်ဦးကို မတ် ၁၄ ရက် ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးသို့ ရုံးထုတ်ရောက်ရှိခဲ့ ပြီးနောက် အမှုနှင့်ပတ်သက်သော လိုပြသက်သေနှစ်ဦးအား ဒုတိယခရိုင်တရားသူကြီး-၆ ဦးရဲလွင်က စစ်ဆေးမှုပြုလုပ်ခဲ့ကြောင်း အဆိုပါတရားရုံးမှ သိရှိရသည်။

ယနေ့ရုံးထုတ်စစ်ဆေးဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်၍ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ဒုတိယ ခရိုင်တရားသူကြီး-၂ သတင်းနှင့်ပြန်ကြားရေးအရာရှိ ဦးအုန်းခိုင်က “ဒီကနေ့မှာ လိုပြသက်သေ နှစ်ဦး စစ်ဆေးပါတယ်၊ အဲဒါက ဖမ်းဆီးခံရသူ သက်ဦးမောင်(ခေါ်)ဝလုံး နေထိုင်တဲ့ မရမ်းကုန်းမြို့နယ်-၉ ရပ်ကွက် ညောင်ပင်လမ်း အိမ်အမှတ်-၂၅၃/ခ အိမ်ကို သွားရောက်ရှာဖွေတဲ့အခါ အတူပါဝင်ခဲ့တဲ့ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမင်းအောင်နဲ့ ရာအိမ်မှူး ဦးမင်းမင်းတို့ကို ရှာဖွေသက်သေအဖြစ် စစ်ဆေးတယ်၊ သူတို့ ဆောင်ရွက်ခဲ့ရတဲ့အပိုင်း ထွက်ဆိုသွားတာပါ ။

နောက်ရုံးချိန်းကတော့ မတ် ၂၁ ရက် ဗုဒ္ဓဟူးနေ့ပဲ ချိန်းဆိုထားတယ်၊ အမှုလိုက်ဥပဒေအရာရှိကို လိုပြသက်သေ သုံးဦး တင်ပို့ပေးပါလို့ မှာလိုက်တာလည်းရှိပါတယ်၊ တရားစွဲဆိုတင်ပို့တဲ့ ရုံးချိန်းအပါအဝင် စုစုပေါင်းရုံးချိန်း ကိုးချိန်းမှာ တင်ပို့ထားတဲ့ သက်သေ ၂၅ ဦးအနက် ယနေ့ထိ လိုပြသက်သေ ၁၂ ဦး စစ်ဆေးပြီးပါပြီ”ဟု ရှင်းလင်းပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## တိမ်အသင့်အတင့် ဖြစ်ထွန်း

**နေပြည်တော် မတ် ၁၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် နှစ်ပေမှ လေးပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

▲ *ကျော့ဖုံးမှ*

ပြည်နယ်ရွေးတံဆိပ်ဆုရှင် ထွန်းနိုင်ဦး(မြန်မာ)နှင့် ဖူထိုင်း(ထိုင်း)၊ ဒီရေ (A.M.T) နှင့် ဒါဝိတ်(ဒေါင်းမြန်မာ)၊ ဖိုက်တာ (S.T.C)နှင့် ဝမ်ချုံး (ဖီးနစ်/မြောင်းမြ)၊ ဘိုဘိုအောင် (A.M.T)နှင့် ဒေါင်းစတ္တ (ဒေါင်းမြန်မာ)၊ ဇင်မိုးမြင့်(တွံတေး)နှင့် စောပိုင်လေး(ထော့မဲပါ)၊ အောင်ထီလာနိုင် (A.M.T-2)နှင့် သတ္တိသွေး (ဒေါင်းမြန်မာ)တို့က မတ် ၂၅ ရက်တွင်လည်းကောင်း ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်သည်။ ရုံဝင်ကြေးအဖြစ် မတ် ၂၄ ရက်တွင် ငွေကျပ် ၅၀၀၀၊ မတ် ၂၅ ရက်တွင် ငွေကျပ် ၇၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ထီးချိုင့်မြို့နယ် အလယ်တောကျေးရွာဘော်ဒါဆောင် လက်လုပ်မိုင်းထောင်သူဖမ်းမိ

**ထီးချိုင့် မတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် အလယ်တောကျေးရွာ ဖူးပွင့်ဝေဆာ ဘော်ဒါဆောင်အား လက်လုပ်မိုင်းထောင်သူကို ဖမ်းမိခဲ့သည်။

မတ် ၁၂ ရက် မွန်းလွဲ ၁ နာရီခန့်တွင် ထီးချိုင့်မြို့နယ် အလယ်တောကျေးရွာရှိ



ဖူးပွင့်ဝေဆာ ဘော်ဒါဆောင်အတွင်း လက်လုပ်မိုင်းများ တွေ့ရှိရကြောင်း သတင်းအရ တာဝန်ရှိသူများ လာရောက်စစ်ဆေးပြီး မိုင်းရှင်းလင်းရေးဆောင်ရွက်စဉ် မိုင်းတစ်လုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျူရှင်ဆရာမ မအေးအေးမင်းအား စစ်မေးခဲ့ရာ ရွှေဘိုမြို့ အမှတ်-၂ ရပ်ကွက် ဒိုဘီတန်းနေသူ မျိုးကိုကို **(ဝဲပုံ)**က ၎င်းထံ ဖုန်းမက်ဆေ့ချ်ပေးပို့ခဲ့ကြောင်း၊ ယင်းနှင့် ဆက်စပ်၍ ထီးချိုင့်မြို့မရဲစခန်းနှင့် ရွှေဘိုမြို့မရဲစခန်းတို့ ဆက်သွယ်ဆောင်ရွက်ပြီး မျိုးကိုကိုအား ရှာဖွေဖမ်းဆီးခဲ့ရာ လူကို သေစေရန်အကြံဖြင့် လက်လုပ်မိုင်းခုနစ်လုံးထောင်ခဲ့သူ မျိုးကိုကိုအား အခင်းဖြစ်ညတွင် ရွှေဘိုမြို့မရဲစခန်းက ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

## နိုင်ငံတကာသတင်း

# ကမ္ဘာ့အကျော်ကြားဆုံး ရူပဗေဒပညာရှင်တစ်ဦးဖြစ်သူ စတီဗင်ဟော့ကင်း ကွယ်လွန်

လန်ဒန် မတ် ၁၄

**နာမည်ကျော်ရူပဗေဒပညာရှင် စတီဗင် ဟော့ကင်းသည် အသက် ၇၆နှစ်အရွယ် တွင် နေအိမ်၌ ကွယ်လွန်ခဲ့ကြောင်း မိသားစုပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက မတ် ၁၄ ရက်က ပြောခဲ့သည်။**




ပါမောက္ခ စတီဗင်ဟော့ကင်းသည် ကိန်းဘရစ်ချ်မြို့ရှိ ၎င်း၏ နေအိမ်တွင် အိပ်နေရင်းနှင့်ပင် ငြိမ်းချမ်းစွာကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

စတီဗင်ဟော့ကင်းသည် ယခုခေတ်ကာလပိုင်း၏ အကျော်ကြားဆုံးသော ရူပဗေဒပညာရှင်တစ်ဦးဖြစ်ပြီး နိုင်ငံတကာတွင် ဂုဏ်သတင်းကြီးမားသူတစ်ဦးလည်း ဖြစ်သည်။

၎င်းကို ၁၉၄၂ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် ဗြိတိန်နိုင်ငံ အောက်စ်ဖို့ဒ်မြို့တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ကိန်းဘရစ်တက္ကသိုလ်၏ ထင်ရှားသော ရူပဗေဒပညာရှင်တစ်ဦးလည်း ဖြစ်သည်။

၎င်းသည် အိုင်းစတိုင်းနောက်ပိုင်း အထူးချွန်ဆုံးသော ရူပဗေဒပညာရှင်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရပြီး ၁၉၇၉ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ လူကာရှန်ပရော်ဖက်ဆာအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

စတီဗင်ဟော့ကင်းသည် စကြဝဠာဗေဒနှင့် တွင်းနက်ကြီးများကို လေ့လာလျက်ရှိပြီး နှိုင်းယှဉ်နိယာမ၏ ထူးခြားဆန်းပြားသော သတ်မှတ်ချက်နှင့် တွင်းနက်ကြီးဓရိယာနှင့် ပတ်သက်သည့် အယူဝါဒများကို သက်သေပြနိုင်ခဲ့သည်။

၎င်းသည် ၁၉၆၃ ခုနှစ် အသက် ၂၁ နှစ်အရွယ်တွင် ဦးနှောက်နှင့် အာရုံကြောချို့ယွင်းသည့်ရောဂါ စတင်ရရှိခဲ့ပြီးနောက် ခန္ဓာကိုယ်လှုပ်ရှားနိုင်ခြင်း မရှိဖြစ်ကာ စကားလည်း မပြောနိုင်တော့ကြောင်း သိရသည်။

**ဆင်ဟွာ**



# အီရန် ဒုတိယသမ္မတဟောင်း ဟာမစ်ဘာဂါအီအား အကျင့်ပျက်ခြစားမှုဖြင့် ထောင်ဒဏ် ၁၅ နှစ်ချမှတ်

**တီဟီရန် မတ် ၁၄**

အီရန်နိုင်ငံ ဒုတိယသမ္မတဟောင်း ဟာမစ်ဘာဂါအီအား အကျင့်ပျက်ခြစားမှုဖြင့် အီရန်တရားရုံးတစ်ခုက ထောင်ဒဏ် ၁၅ နှစ်ချမှတ်ခဲ့ကြောင်း ပြည်တွင်းမီဒီယာတစ်ခုတွင်ဖော်ပြခဲ့သည်။

ဟာမစ်သည် သမ္မတဟောင်း မာမွတ်အမာဒီနီဂျက်၏ လက်အောက်တွင် ဒုတိယသမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ဘဏ္ဍာရေးဆိုင်ရာအကျင့်ပျက်ခြစားမှုတွင် ပြစ်မှုထင်ရှားကြောင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ၎င်းအား အီရန်တရားရုံးက ဒဏ်ကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၈ ဒသမ ၉၆သန်းနှင့်ညီမျှသော အီရန်ငွေရီရယ် ၄၃၀ ဘီလီယံပေးဆောင်ရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဆီးရီးယားကို စစ်ရေးအရ အရေးယူ ဆောင်ရွက်မည်ဟု အမေရိကန်သတိပေး

**ဝါရှင်တန် မတ် ၁၄**

ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံတမန်သည် ဆီးရီးယား၌ အစိုးရတပ်ဖွဲ့များက ဓာတုလက်နက်အသုံးပြုသည့် တိုက်ခိုက်မှုများပြုလုပ်နေမှုကို နိုင်ငံတကာအဖွဲ့အစည်းများက ကာကွယ်တားဆီးရန် လှုပ်ရှားဆောင်ရွက်မှုမရှိပါက ဆီးရီးယားနိုင်ငံအပေါ် စစ်ရေးအရ အရေးယူဆောင်ရွက်မှုများ ပိုမိုပြုလုပ်သွားမည်ဟု သတိပေးခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံတမန်နစ်ကီဟာလေက တနင်္လာနေ့က ပြုလုပ်ခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအရေးပေါ် အစည်းအဝေး၌ ထိုသို့သတိပေးပြောဆိုမှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လုံခြုံရေးကောင်စီသည် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၄ရက်တွင် ဆီးရီးယားနိုင်ငံတလွှား ရက် ၃၀ကြာ အပစ်အခတ်ရပ်စဲရေးကိုတောင်းဆိုသည့် ဆုံးဖြတ်ချက်ကို တစ်ခဲနက်အတည်ပြုခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ကလိုရင်းဓာတ်ငွေ့ဖြင့် တိုက်ခိုက်မှုနှင့်ပတ်သက်သည့် စွပ်စွဲချက်များကို အတည်ပြု နိုင်ခြင်းမရှိသေးသော်လည်း လျစ်လျူရှုထား၍ရသည့် ကိစ္စတစ်ခုမဟုတ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

---

### သီရိလင်္ကာသမ္မတ ဂျပန်နိုင်ငံသို့ လည်ပတ်

**တိုကျို မတ် ၁၄**

သီရိလင်္ကာသမ္မတ မိုက်သရီပါလာဆရီဆီနာသည် ဂျပန်နိုင်ငံသို့အလည်အပတ်ခရီးစဉ်ထွက်ခွာခဲ့ကြောင်း သိရသည်။ ၎င်းသည် လေးရက်ကြာ ခရီးစဉ်အတွင်း ဂျပန်ဘုရင်မင်းမြတ် အာခီဟီတို၊ ဝန်ကြီးချုပ်ရှင်ဇိုအာဘေးတို့နှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံသို့ မထွက်ခွာမီ သီရိလင်္ကာသမ္မတက ၎င်း၏ခရီးစဉ်သည် နှစ်နိုင်ငံရင်းနှီးဆက်ဆံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုခိုင်မာစေမည့် သင်ခန်းစာအသစ်တစ်ခုကိုဖွင့်လှစ်ရန် ရှေ့ပြေးခရီးစဉ်တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆရီဆီနာသည် ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီးယခင်အစိုးရ၏ တရုတ်နိုင်ငံကိုထောက်ခံသည့်မူဝါဒကို ပြန်လည်စဉ်းစားသုံးသပ်သွားမည်ဟု ကတိပေးအပ်ခဲ့ကြောင်း သိရသည်။ သီရိလင်္ကာသည် အိန္ဒိယသမုဒ္ဒရာအတွင်း၌ မဟာဗျူဟာကျသည့် အရေးကြီးသောတည်နေရာတစ်ခုကိုပိုင်ဆိုင်ထားသည်။ အရှေ့တောင်အာရှ၌ အကြီးဆုံးဖြစ်သည့် နိုင်ငံတောင်ပိုင်းရှိ ဆိပ်ကမ်းတည်ဆောက်မှုအတွက် တရုတ်နိုင်ငံက သီရိလင်္ကာကို ဒေါ်လာ တစ်ဘီလီယံ ချေးငွေပေးအပ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

---

# ပါပူဝါနယူးဂီနီနှင့် ကြုံမမြင်နိုင်သည့် သဘာဝဘေးအန္တရာယ်

**ကလျာမိုးမြင့်**



အင်အားပြင်းငလျင်တစ်ခု ပါပူဝါနယူးဂီနီနိုင်ငံမှာ လှုပ်ခတ်သွားခဲ့ပြီး ရက်သတ္တပတ် နှစ်ပတ်အကြာမှာ ငလျင်ဒဏ်အဆိုးရွားဆုံး ခံစားခဲ့ရတဲ့ ဝေးလံခေါင်သီသောဧရိယာမှာ အခြေအနေတွေ ဘယ်လိုရှိလဲဆိုတာကို အာဏာပိုင်တွေက ခုချိန်အထိ မသိရသေးပါဘူး။

**ထိတ်လန့်စရာ**

ဝေးကွာလှတဲ့ ဒီအရပ်မှာ လူတွေရဲ့ဘဝဟာ ထာဝရပြောင်းလဲသွားတော့မလားဆိုပြီး ထိတ်လန့်စရာတွေ ရှိလာပါတယ်။

မြေပြိုတာတွေဟာ ကြောက်ခမန်းလိလိကြီးမားတယ်လို့ ယူနီဆက်ဖ်နဲ့ တွဲဖက်လုပ်ကိုင်နေတဲ့ အကူအညီပေးလုပ်သားတစ်ဦးက ပြောပါတယ်။ ကျေးရွာတွေဖြစ်ခဲ့တဲ့ တောင်တန်းနေရာတစ်ခုလုံးလည်း ဘာမှ မကျန်တော့ပါဘူး။

ထိခိုက်အနာတရဖြစ်မှုတွေနဲ့ ဆာလောင်မွတ်သိပ်မှုတွေရဲ့အထွတ်အထိပ်မှာ အကြီးအကျယ် ပူဆွေးသောကရောက်ရမှုတွေ၊ ထိတ်လန့်တုန်လှုပ်မှုတွေနဲ့ ကြောက်ရွံ့အားငယ်မှုတွေ ရှိနေခဲ့ပါတယ်။

မြေငလျင် လှုပ်ခတ်မှုတွေဟာ ပစိဖိတ်ဒေသမှာ အတော်လေးဖြစ်ပွားပြီး ဒီကိစ္စနဲ့ ပတ်သက်တဲ့ သတင်းရယူဖော်ပြမှုတွေဟာလည်း အတော်လေးကို ရင်းနှီးကျွမ်းဝင်ပြီးသား သတင်းတွေဖြစ်နေပါပြီ။

မြေငလျင်ကြောင့်ဖြစ်ရတဲ့ တုန်ခါအက်ကွဲမှုတွေဟာ အာဏာပိုင်တွေက ခန့်မှန်းတွက်ချက်ထားတဲ့ ထိခိုက်ပျက်စီးမှုတွေနဲ့ တစ်ဆက်တည်း လိုက်ပါလာပါတယ်။

ထိခိုက်သေကျေပျက်စီးမှု ပမာဏဟာလည်း နောက်ထပ်နာရီအနည်းငယ်အကြာမှာ ပေါ်ထွက်လာပြီး ကောင်းကောင်းလေ့ကျင့်ထားတဲ့ ပြန်လည်ကယ်ဆယ် ထူထောင်ရေး ကြိုးပမ်းမှုတွေ လှုပ်ရှားသက်ဝင်လာပါတယ်။

**အပြေးအလွှားလှုပ်ရှားမှု**

ကြေကွဲဖွယ်ပုံရိပ်တွေနဲ့ အံ့မခန်းကယ်ဆယ်ရေး ဆောင်ရွက်မှုတွေဟာ ဘေးအန္တရာယ်ကျရောက်တဲ့ဇုန်ကို ကမ္ဘာ့ရှေ့ဆုံးစာမျက်နှာဆီကို ယူဆောင်သွားခဲ့ပြီး အပြေးအလွှားလှုပ်ရှားမှုတွေ ဝင်ရောက်လာစေခဲ့ပါတယ်။

ဒါပေမယ့် ပြင်းအား ၇ ဒသမ ၅ ရစ်ချ်တာစကေးရှိတဲ့ မြေငလျင်ဟာ ဖေဖော်ဝါရီ ၂၆ ရက် နံနက်ခင်းမှာ ပါပူဝါနယူးဂီနီကို လှုပ်ခတ်သွားခဲ့ပြီးနောက်မှာတော့ အထက်မှာ ဖော်ပြထားတာတွေရဲ့ ပမာဏအနည်းငယ်လောက်သာ စာမျက်နှာပေါ် ရောက်ရှိခဲ့တယ်။

ဘာကြောင့်လဲဆိုတော့ ငလျင်ဒဏ်အဆိုးရွားဆုံးထိခိုက်ခံစားခဲ့ရသူတွေဟာ ကမ္ဘာ့မြေပေါ်က အဝေးကွာဆုံးနေရာမှာ ရှိနေကြတဲ့ လူ့အဖွဲ့အစည်းတွေဖြစ်နေကြလို့ပါပဲ။

ငလျင်ကို ခေါင်းကြီးပိုင်းသတင်းအဖြစ် ဖော်ပြမယ်ဆိုရင် မဖြစ်စလောက်နည်းပါးတဲ့ ပုံရိပ်တွေကသာ ငလျင်လှုပ်ပြီးအစောပိုင်းရက်တွေမှာ ပေါ်ထွက်လာမှာပါ။

**အရေးပေါ်အကူအညီလိုအပ်မှု ဘယ်လောက်တောင် ကြီးမားနေသလဲ**

လူဦးရေတစ်သန်းရဲ့ ထက်ဝက်လောက်နီးပါးရှိတဲ့ ပြည်သူတွေစုဝေးနေထိုင်ရာဖြစ်တဲ့ ကျယ်ပြောတဲ့ဧရိယာတွေမှာ လူပေါင်း ၂၇၅၀၀၀ လောက်ဟာ အရေးပေါ်အကူအညီလိုအပ်နေပြီး လူသုံးသိန်းလောက်ဟာဆိုရင် အမိုးအကာခိုလှုံရာမရှိဘဲ နေနေရတယ်လို့ ခန့်မှန်းထားပါတယ်။

ပြီးခဲ့တဲ့ သောကြာနေ့မှာ လူ ၁၀၀ ကျော် သေဆုံးခဲ့ကြောင်း အတည်ပြုခဲ့ပြီ။ ဒါပေမယ့် လူသူကင်းမဲ့ပြီး ဝေးကွာလှတဲ့ တောင်တန်းဧရိယာမှာ တစ်ယောက်ယောက်အသက်ရှင် လွတ်မြောက်နေဦးမလားဆိုတာကို သိရဖို့ကတော့ အခုချိန်အထိ မဖြစ်နိုင်သေးပါဘူး။

**ပြိုလဲကုန်**

တောင်တန်းတွေပေါ်က ဒီအိမ်တွေအများစုကို ခြေတံရှည်သစ်သားတိုင်တွေပေါ်မှာ ဆောက်ထားတာမို့ အိမ်တိုင်းက ပြိုလဲကုန်တယ်လို့ အကူအညီပေး လုပ်သားတစ်ဦးဖြစ်တဲ့ မစ္စအလန်က ဘီဘီစီသို့ ပြောခဲ့ပါတယ်။

နေအိမ်တွေ၊ ဥယျာဉ်ခြံမြေတွေ၊ လမ်းတွေမှာ မြစ်ရေလျှံတက်လာမှုကြောင့် ရေလွှမ်းမိုးသွားစေခဲ့တယ်လို့ အလန်က ပြောခဲ့ပါတယ်။

ပါပူဝါနယူးဂီနီမှာ နှစ်ပေါင်း ၁၀၀ လောက်ကြာတဲ့အထိ ဒီလိုမြေငလျင်လှုပ်ခတ်မှုပုံစံမျိုး မရှိခဲ့ဘူးလို့ မြေငလျင်ပညာရှင်တွေက သုံးသပ်ခဲ့ကြပါတယ်။

ပါပူဝါနယူးဂီနီမှာ နှစ် ၁၀၀ လောက်အသက်ရှည်တဲ့သူ မရှိဘူး။ ဒါကြောင့် ဘယ်သူကမှ ဒီအတွက် ကြိုတင်ပြင်ဆင်ထားဖို့ အမှတ်ရကြမှာ မဟုတ်ဘူး။

အိမ်ရာအတည်တကျမရှိဘဲ နေထိုင်ကြသလို ယာမြေတွေနဲ့ ဝေးကွာတဲ့နေရာမှာ နေထိုင်ကြတဲ့ သူတို့ရဲ့ကျေးရွာလေးတွေမှာ လမ်းပန်းဆက်သွယ်ရေးဆိုတာလည်း တစ်ခါမှ မရှိခဲ့ဘူး။

**ခက်ခဲကြမ်းတမ်း**

တောတွင်းက လမ်းကြောင်းတွေ တောင် ပျောက်ကုန်ပြီး လူတွေကို ၎င်းတို့ရဲ့ ကလေးတွေနဲ့ သိမ်းဆည်းထားတဲ့ ပိုင်ဆိုင်မှုတွေကို သယ်ဆောင်ပြီး ခက်ခဲကြမ်းတမ်းစွာခရီးနှင်ရတဲ့ အခြေအနေကို ရောက်စေခဲ့ပါတယ်။

ပြီးတော့လည်း မြေပြင်တုန်ခါနေတာဟာ မရပ်တော့ဘူး။ ပထမတစ်ကြိမ် မြေငလျင်လှုပ်ပြီးနောက် နောက်ထပ် မြေငလျင်ကြီး အချို့လှုပ်ခတ်ခဲ့ပြီး တုန်ခါမှုပေါင်း ၁၀၀ ကျော်လောက်ဖြစ်ခဲ့ပါတယ်။

ငလျင်လှုပ်တဲ့ပထမရက်အနည်းငယ်အတွင်းမှာ တုန်ခါမှုတွေ ဆက်ဖြစ်နေသေးတာကြောင့် လူတွေဟာမြေကြီးပေါ်မှာပဲ ကြောက်လန့်တကြား လဲလျောင်းနေခဲ့ကြရတယ်။

**ဒေသခံတွေတစ်ဦးနဲ့တစ်ဦး ဘယ်လိုကူညီခဲ့ကြသလဲ**

လူ ၂၀၀၀ ကျော်လောက်ဟာ အဲဒီနေရာကို စုဝေးရောက်ရှိလာခဲ့ကြပြီး မျိုးနွယ်တူလူစုတွေရဲ့ မျိုးဆက်သစ်ကလေးငယ်တွေကို ရွှေ့ပြောင်းပေးခဲ့ကြပါတယ်။

အဲဒီအထဲမှာ အသက် ၁၅ နှစ်အရွယ် ကောင်လေး တစ်ယောက်ပါရှိပြီး သူ့မိသားစုဝင်တွေကတော့ သေဆုံးသွားခဲ့ပါတယ်။



**စီစဉ်ဆောင်ရွက်**

စောင့်ရှောက်ရေးစင်တာက အကူအညီတွေပေးနေပေမယ့် အစာနဲ့ ရေ နည်းနည်းပဲရှိပါတယ်။ အစိုးရက ဒီနေရာကို ဝင်ရောက်လာနိုင်ဖို့ ခက်ခဲတဲ့အတွက် လူတွေဟာ သူတို့ကိုယ်တိုင်ပဲ စီစဉ်ဆောင်ရွက်ကြရပါတယ်။

မိုဘိုင်းဖုန်းတွေပေါ်မှာ လိုင်းပေါ်လာပြီဆိုတာနဲ့လူတွေက ဒီနေရာမှာ ကျွန်ုပ်တို့တွေလူ ၂၀၀၀ လောက်ရှိနေတယ်။ အစာနဲ့ရေမရှိဘူး။ အကူအညီပို့ပေးနိုင်မလားဆိုတဲ့ မက်ဆေ့တွေကိုပဲ ပို့နေကြရပါတယ်။

အကူအညီပို့ပေးမှုတွေဟာဆိုရင် စိတ်ပျက်စရာကောင်းလောက်အောင် နှေးကွေးလွန်းနေခဲ့တယ်။သဘာဝဘေးစီမံခန့်ခွဲမှု အေဂျင်စီကလူတွေက အဆက်မပြတ်အကူအညီ တောင်းဆိုနေချိန်မှာ သဘာဝဘေးအန္တရာယ်တစ်ခုကို လွှမ်းခြုံမိကာမိအောင် ကြိုတင်ပြင်ဆင်ထားမှု မရှိသလိုပါဘဲ။

**ကယ်ဆယ်ရွှေ့ပြောင်း**

လူတွေဆီ ပျံသန်းထွက်ခွာတဲ့အခါ လေယာဉ်ကွင်းအပြင်ဘက်မှာ စောင့်ဆိုင်းနေကြသူတွေက ဘာကြောင့် လေယာဉ်တွေ အထောက်အပံ့ပစ္စည်းတွေနဲ့ ဆင်းသက်လာတာကို မမြင်ရတာလဲ။ ဘာလို့လူတွေကို ကယ်ဆယ်ရွှေ့ပြောင်းပေးတာကို မမြင်ရတာလဲလို့ မေးမြန်းနေကြပါတယ်။

ဒါပေမယ့် တာရီနဲ့အနီးအနားက မန်ဒီတို့မှာလည်း အခြေခံပစ္စည်းတွေ နည်းပါးနေပြီး ဒီနေရာတွေမှာလည်း အတော်လေး ထိခိုက်ပျက်စီးထားပါတယ်။

လူအများအပြား သေဆုံးထားပြီး မန်ဒီမှာရှိတဲ့သေးငယ်တဲ့ဆေးရုံဟာ တစ်စိတ်တစ်ပိုင်းလောက်သာ လည်ပတ်နိုင်သေးတယ်။ တာရီမှာဆိုရင် ဆရာဝန် သုံးယောက်လောက်သာရှိပြီး ငလျင်လှုပ်ကတည်းက သူတို့တွေလည်း တစ်စက်ကလေးမှ မနားရသေးပါဘူး။

ဝန်ကြီးချုပ် ပီတာအိုနေးလ်က မြန်မြန်ဆန်ဆန် အကောင်းအတိုင်း ပြန်ဖြစ်မှာ မဟုတ်ပါဘူး။ အပျက်အစီးတွေကို ပြန်ပြင်ဖို့ လနဲ့ရော နှစ်နဲ့ပါချီပြီး ကြာမြင့်လိမ့်မယ်လို့ အသိပေးခဲ့ပါတယ်။ ကျွန်ုပ်တို့ရဲ့ လူမှုအဖွဲ့အစည်းအတွင်းမှာ ဖြစ်ပျက်သွားတဲ့ ထိခိုက်မှုဟာ ကြီးမားတယ်။

ဒီငလျင်ဟာ နောင်လာမယ့် မျိုးဆက်သစ်တွေအတွက် ဝမ်းနည်းကြေကွဲဖွယ်ရာ အရင်းအမြစ်တစ်ခု ဖြစ်လာလိမ့်မယ်လို့ မြေငလျင်ဖြစ်ပွားမှုဇုန်ကို လာရောက်ချိန်မှာ ဝန်ကြီးချုပ်က ပြောကြားခဲ့ပါတယ်။ ။

**ကိုးကား-အေအက်ဖ်ပီ၊ ဘီဘီစီ**

# ကလေးကစားကွင်းလုပ်မည့် မြေနေရာကို ကျူးကျော်သဖြင့် ပြည်သူများက ကန့်ကွက်သွားမည်

**မြဝတီ မတ် ၁၄**

မြဝတီမြို့ အမှတ် ၅ ရပ်ကွက်အတွင်း သောင်ရင်းမြစ်ကမ်းနံဘေးရှိ ပြည်သူပိုင် မြေနေရာကို အဖွဲ့အစည်းတစ်ခုက ဝင်ရောက်ကျူးကျော်သဖြင့် မြဝတီ လူမှုကွန်ရက်အဖွဲ့က ကန့်ကွက်ဆန္ဒဖော်ထုတ်သွားမည်ဖြစ်ကြောင်း ဒေသခံအချို့၏ ပြောကြားချက်များအရ သိရသည်။

"ဒီနေရာက အရင်က တစ်မြို့လုံးအမှိုက် ပစ်တဲ့နေရာပါ၊ အဲသလိုအမှိုက်ပစ်တာကို တစ်ဖက်နိုင်ငံက သောင်ရင်းမြစ်ထဲကျတယ်ဆိုပြီး ကန့်ကွက်လို့ အမှိုက်ဆက်မပစ်တော့ဘဲ ကလေးအားကစားကွင်းလုပ်ဖို့ စက်တွေနဲ့ထိုးပြီး ရှင်းလင်းခဲ့ပါတယ်၊ မြေအကျယ်ကတော့ တစ်ဧကခွဲလောက်တော့ ရှိတာပေါ့၊ အဲဒါကို ဒီသုံးလေးရက်အတွင်းမှာ အဖွဲ့အစည်းတစ်ခုက ကျူးကျော်ပြီး သွပ်တွေကာရံခဲ့ပါတယ်၊ ဒါကို သက်ဆိုင်ရာကို တင်ပြထားပါတယ်"ဟု မြဝတီမြို့အမှတ်(၅)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးကပြောသည်။

မြဝတီလူမှုကွန်ရက်အဖွဲ့မှ ကိုသန့်ဇင်ကလည်း "ဒီနေရာက ကလေးအားကစားလေ့ကျင့်ကွင်းဖောက်ဖို့ နေရာဖြစ်တယ်လို့ သိရပါတယ်၊ ဒါကို အခုရက်ပိုင်းအတွင်းမှာပဲ အဖွဲ့အစည်းတစ်ခုက ကျူးကျော်ပြီး ခြံခတ်ပါတယ်၊ ဒါကို ကျွန်တော်တို့ မြဝတီကွန်ရက်အဖွဲ့အနေနဲ့ လက်မခံပါဘူး၊ ဒီနေ့ ဒါကို လာရောက်ကွင်းဆင်းကြည့်ရှုတာပါ၊ ပြည်သူပိုင်နေရာကို အခုလို ကျူးကျော်လို့မရပါဘူး၊ ကျွန်တော်တို့အနေနဲ့ သက်ဆိုင်ရာကိုတင်ပြပြီး စောင့်ကြည့်သွားမှာဖြစ်ပါတယ်၊ သက်ဆိုင်ရာက ဘာမှလုပ်မပေးဘူးဆိုရင်တော့ တရားဝင် ခွင့်ပြုမိန့်တင်ပြီး ဆန္ဒဖော်ထုတ်သွားမှာဖြစ်ပါတယ်"ဟု ပြောသည်။



ထိုနေရာနှင့် ပတ်သက်၍ ယခင်က အမှတ် ၅ ရပ်ကွက် အုပ်ချုပ်ရေးမှူးဟောင်းဖြစ်သူ ဦးစိန်သောင်းအား မေးမြန်းကြည့်ရာ ၎င်းက ထိုနေရာသည် ကလေးကစားကွင်း နေရာအဖြစ် ဖော်ထုတ်ရန် ကိုယ်တိုင်ရှင်းလင်းခဲ့သည့် နေရာဖြစ်ပြီး ယခုလက်ရှိ အမှတ် ၅ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးထံသို့ လွှဲပြောင်းပေးခဲ့သည့်နေရာဖြစ်ကြောင်း ရှင်းလင်းပြောကြားထားသည်။

**ထိန်လင်းအောင်**

# ကျေးလက်အထိ အိမ်တိုင်ရာရောက်ရေပေးဝေ

**ဘိုကလေး မတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မဂူကျေးရွာအုပ်စု သမစိတ္တကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်ဖ်တို့ ပူးပေါင်းဆောင်ရွက်သည့် အိမ်တိုင်ရာရောက် ရေပိုက်လိုင်းဖြင့် ရေပေးဝေရေးလုပ်ငန်း အောင်မြင်စွာပြီးစီးသဖြင့် နေအိမ်များတွင် ရေရရှိကာ ကျေးရွာနေပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသမှာ ဧရာဝတီမြစ်ရေက သုံးလလောက် ရေငန်တက်တဲ့အတွက် နှစ်စဉ် နွေရာသီသုံးလမှာ ရေငန်သုံးကြရတယ်၊ အခုတော့ ဆိုလာစနစ်နဲ့ ရေတင်လှောင်ပြီး အိမ်တိုင်ရာရောက် ရေပိုက်လိုင်းစနစ်နဲ့ ရေဖြန့်ဝေပေးတဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်၊ ဒေသအတွက်ရေရရှိသလို တစ်ဖက်မှာလည်း ရန်ပုံငွေထပ်တိုးလာရင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေလုပ်လို့ ထပ်ပြီး အကျိုးရှိလာနိုင်ပါတယ်"ဟု ကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

သမစိတ္တကျေးရွာ အိမ်တိုင်ရာရောက်ရေပေးဝေရေးလုပ်ငန်း ဖွင့်ပွဲကို မတ် ၁၂ ရက်က ကျင်းပခဲ့ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဗိုလ်၊ ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဒေါ်ခင်အေးကြူ၊ မြို့နယ်ဦးစီးမှူး ဦးအောင်သက်ဦးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းဖွင့်

**လွိုင်ကော် မတ် ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ လွိုင်ကော်မြို့နယ် မှုံပြာကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စားသောက်ကုန် (ယို၊ ဆော့စ်၊ အချိုရည်) ထုတ်လုပ်နည်းသင်တန်းကို မတ် ၁၃ ရက်က ဖွင့်လှစ်ခဲ့သည်။

မှုံပြာကျေးရွာ ဖောင်တော်ဦး ပရိယတ္တိ စာသင်တိုက် ကျောင်းဆောင်၌ ကျင်းပသည့် သင်တန်းဖွင့်ပွဲတွင် လွိုင်ကော်မြို့ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးဒေါ်အိအိခင်က သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး မှုံပြာကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းက မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုလို ကျေးရွာအရောက် သင်တန်းလာရောက်ဖွင့်လှစ်ပေးသဖြင့် ကျေးဇူးတင်ကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တက်ရောက်လာသူများက သင်တန်းသူများ၏ လက်တွေ့လုပ်ဆောင်နေမှုများကို ကြည့်ရှုအားပေးကြသည်။



သင်တန်းတွင် ခရမ်းချဉ်သီး၊ စတော်ဘယ်ရီ၊ ရှားစောင်းလက်ပပ်၊ သင်္ဘောသီး၊ ပဲမှုန့်၊ နာနတ်သီး၊ မန်ကျည်းသီး၊ ကျောက်ဖရုံ၊ ပဲစသည့် သီးနှံများမှ တစ်ဆင့် ခရမ်းချဉ်သီး(ယို/ဆော့စ်)၊ စတော်ဘယ်ရီယို၊ ဂျယ်လီ၊ သင်္ဘောသီးယို (အစပ်/အချို)၊ စာကလေးခွေကြော်၊ နာနတ်သီးယို၊ မန်ကျည်းသီးတော်ဖီ၊ ကျောက်ဖရုံယို၊ ပဲနို့ စသည်တို့ ထုတ်လုပ်နည်းများကို သင်ကြားမည်ဖြစ်ပြီး သင်တန်းသို့ မှုံပြာကျေးရွာရှိ သင်တန်းသူ ၂၆ ဦး တက်ရောက်ကြကာ သင်တန်းကာလမှာ မတ် ၁၆ ရက်အထိ ငါးရက်ဖြစ်သည်။

မှုံပြာကျေးရွာမှာ ပြည်နယ်၏မြို့တော်ဖြစ်သည့် လွိုင်ကော်မြို့အနီးတွင်ရှိပြီး အင်းတိုင်းရင်းသားများ နေထိုင်ကြကာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်၍ သီးနှံများကို မြို့ပေါ်ဈေးများသို့ တင်ပို့ရောင်းချကြသည်။ ယခု သင်တန်းတွင် ဒေသမှထွက်သည့် လတ်ဆတ်သော သီးနှံများဖြင့် တန်ဖိုးမြှင့်စားသောက်ကုန်များဖြစ်သည့် ယို၊ ဆော့စ်၊ အချိုရည် ထုတ်လုပ်နည်းများကို သင်ကြားပေးသဖြင့် ဝင်ငွေတိုးပွားလာအောင် ပို၍ရှာဖွေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

# မိတ္ထီလာမြို့၌ ဂျပန်ခေတ် စက်သေနတ်ဟောင်းတစ်လက် တွေ့ရှိ

**မိတ္ထီလာ မတ် ၁၄**

မိတ္ထီလာမြို့ ကျီတော်ကုန်းရပ်ကွက် နယ်မြေ ၇ တွင် ဂျပန်ခေတ်က စစ်လက်နက်ဟု ယူဆရသော စက်သေနတ်ဟောင်းတစ်လက်ကို မတ် ၁၂ ရက်က မြေတူးရာမှ တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါရပ်ကွက်နေ ဒေါ်စိန်(၇၃)နှစ်၏ နေအိမ်၌ အိမ်သာမြေကျင်းတူးစဉ် အနက်သုံးပေအရောက်တွင် သံချေးများနှင့် သဲများပိတ်နေသော သေနတ်ဟောင်းတစ်လက်ကို တွေ့ရှိ၍ မိတ္ထီလာအမှတ်(၂)နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်လှမျိုးသူပါဝင်သော ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့က သွားရောက်စစ်ဆေးကြည့်ရှုရာ ဂျပန်ခေတ်ကဟု ယူဆရသည့် သံချေးများတက်ကာ ကျိုးပဲ့ပျက်စီးနေပြီး လုံးဝအသုံးပြု၍မရတော့သော စက်သေနတ်ဟောင်းကို တွေ့ရှိခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ သေနတ်ဟောင်းကို မိတ္ထီလာတပ်နယ်သို့ လွှဲပြောင်းအပ်နှံသွားနိုင်ရန် ဆက်လက်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# ကျောက်ချောလမ်းခင်းပြီး၍ ဒေသပိုမိုဖွံ့ဖြိုးလာမည်

**ကျုံပျော် မတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ကုန်းမဲဇလီကျေးရွာတွင် မြေသားရွှံ့ညွှန်လမ်းမှ ကျေးရွာတွင်းကျောက်ချောလမ်းသစ်ကို ဖွင့်လှစ်နိုင်ခဲ့သဖြင့် ကျေးလက်ဖွံ့ဖြိုးမှုပိုမိုအားကောင်းလာမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါလမ်းသစ်ကို မတ် ၉ ရက်က ဖွင့်လှစ်ထားခြင်းဖြစ်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမန်းဂျော်နီ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီတာ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့ကြခြင်းဖြစ်သည်။

ကုန်းမဲဇလီကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားသည့် ကျေးရွာတစ်ခုဖြစ်ပြီး ယင်းလမ်းမကြီးသည် မြေသားလမ်းမကြီးဖြစ်သောကြောင့် မိုးတွင်းကာလတွင် ရွှံ့ညွှန်ထူထပ်ပြီး ကျောင်းသားကျောင်းသူများ နေ့စဉ်ကျောင်းတက်ရန်ပင် အခက်အခဲဖြစ်ခဲ့ရသည်။ လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် ကျေးရွာအတွင်း ကျန်းမာရေး၊ လူမှုရေးနှင့် အခြားလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း နှောင့်နှေးခဲ့ကြသည်။ ယခုအခါ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေ ချောမွေ့လာပြီဖြစ်သည့်အပြင် ကျေးရွာအတွင်းရှိ အိမ်ခြေ ၁၅၀ ကျော် လူဦးရေ ၇၀၀ ကျော်တို့၏ ကျန်းမာရေး၊ လူမှုရေး စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် များစွာအထောက်အကူဖြစ်လာမည်ဟု မျှော်လင့်ကြောင်း ဒေသခံများက ပြောကြားသည်။

ယင်းကျောက်ချောလမ်းသစ်သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲမှုအရ ဆောင်ရွက်သည့်လမ်းဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူလူထုမှ ငွေကျပ်သိန်း ၄၀ ပေါင်းစည်းကာ ဆောင်ရွက်ခဲ့ပြီး ကျေးရွာပြည်သူများ၏ လုပ်အားဒါနဖြင့် တည်ဆောက်သည့်လမ်းလည်းဖြစ်ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နွေရာသီ၌ သောက်သုံးရေ ရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် ကြိုတင်စီမံ ဆောင်ရွက်ထား

**ပုလဲ မတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မြို့နယ်အတွင်းမှ ကျေးရွာများတွင် နွေရာသီကာလအတွင်း သောက်သုံးရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် ကြိုတင်စီမံဆောင်ရွက်လျက်ရှိသလို ရေရှားပါးမှု စတင်ကြုံတွေ့နေရသော ကျေးရွာများသို့လည်း လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်အလှူရှင်များနှင့် ပူးပေါင်း၍ သောက်သုံးရေများ လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးအောင်က "နှစ်စဉ်နှစ်တိုင်း ခွင့်ပြုရန်ပုံငွေများဖြင့် သောက်သုံးရေ ရရှိရေးလုပ်ငန်းများကိုဆောင်ရွက်ပေးနိုင်ခဲ့သလို ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၃၄၀ နဲ့ မင်းတိုင်ပင်ကျေးရွာမှာ စက်ရေတွင်း၊ Fiber Tank ရေစင်နဲ့ ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း၊ ခွင့်ပြုရန်ပုံငွေ ကျပ် ၄၅ သိန်းနဲ့ တနယ်ကျေးရွာမှာ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း၊ ခွင့်ပြုရန်ပုံငွေ ကျပ် ၂၁ သိန်းနဲ့ ပုထိုးသာကျေးရွာမှာ စက်ရေတွင်း ရေတင်စနစ် ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်း၊ ခွင့်ပြုရန်ပုံငွေကျပ် ၁၃၇သိန်း ပြည်သူထည့်ဝင်ငွေ ကျပ် ၄၈ သိန်းနဲ့ မဲဇရပ်ကျေးရွာမှာ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ခွင့်ပြုရန်ပုံငွေကျပ် ၁၈၅ သိန်းနဲ့ ပန်းရွာကျေးရွာမှာ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၅၀ နဲ့ မုံသွင်ကျေးရွာမှာ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနေပြီဖြစ်လို့ ယခုနှစ် နွေရာသီမှာတော့ ကျေးရွာများမှာ သောက်သုံးရေ ရှားပါးပြတ်လပ်မှုက နည်းနိုင်ပါတယ်၊ သို့သော်လည်း သောက်သုံးရေပြတ်လပ်မှု ဖြစ်ပေါ်လာလို့ ကျေးရွာများက ဆက်သွယ်ပြီး အကူအညီတောင်းခံလာခဲ့ရင် အချိန်နှင့် တစ်ပြေးညီ သောက်သုံးရေများ ပို့ဆောင်နိုင်ရေးအတွက် ရေဘူးကြီးများကို အဆင်သင့် ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်"ဟု ပြောသည်။

ပုလဲမြို့နယ်၌ နွေရာသီတွင် သောက်သုံးရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက ကျေးရွာများသို့ ကွင်းဆင်း၍ ရေအရင်းအမြစ်များ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် သတိပြုရမည့်အချက်များ အသိပေးခြင်း၊ စက်ရေတွင်းများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းနည်းစနစ်များနှင့် စိမ့်စမ်းရေများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းနည်းစနစ်များ ပညာပေးဆွေးနွေးခြင်း၊ သောက်သုံးရေရှားပါးမှု မဖြစ်ပေါ်စေရန် လိုက်နာရမည့်အချက်များနှင့် ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့်နည်းလမ်းများ ပါရှိသည့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် သောက်သုံးရေ ရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်လာပါက ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၇၁ - ၃၅၀၉၆ နှင့် ၀၉-၉၇၀၄၀၆၃၀၀ သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ပုလဲမြို့နယ် တနယ်ကျေးရွာ၌ စက်ယန္တရားများဖြင့် မြေသားရေကန် တူးဖော်နေစဉ်

# အမျိုးသမီးများအခန်းကဏ္ဍမြှင့်တင်ခြင်း ပညာပေး

**ငပုတော မတ် ၁၄**

မြို့ပြများတွင် နေထိုင်ကြသည့် အမျိုးသမီးများသာမက ကျေးလက်ဒေသများနှင့် ဖွံ့ဖြိုးမှုအရှိန်ယူရဆဲဒေသများမှ အမျိုးသမီးများအတွက် ဘဝမြင့်မားရေး ကြိုးစားအကောင်အထည်ဖော်ရန် အားလုံးတွင်တာဝန်ရှိကြောင်း အမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနားမှ သိရှိရသည်။ ငပုတောမြို့နယ်၌လည်း အမျိုးသမီးများ ဘဝမြှင့်တင်ဖို့ ကျေးလက်နှင့်မြို့ပြတက်ကြွလှုပ်ရှားသူများပူးပေါင်းလို့ ယခုပင်ဆောင်ရွက်ကြပါစို့ဟူသည့် ဆောင်ပုဒ်အတိုင်း အမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ် ၈ ရက်တွင် ကျင်းပခဲ့ပြီး ကျန်ရက်များတွင်လည်း အမျိုးသမီးများအခန်းကဏ္ဍ ပိုမိုမြင့်မားလာစေရေးအတွက် ပညာပေးအစီအစဉ်များ ဆက်တိုက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရှိရသည်။

အမျိုးသမီးများ ဘဝမြင့်မားရေးအတွက် ပညာပေးဟောပြောပွဲများ၊ သင်တန်းအစီအစဉ်များကိုလည်း ပြုလုပ်ပေးရန်ရည်ရွယ်ထားပြီး ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းအကောင်အထည်ဖော်ကာ လူထုဗဟိုပြုစီမံကိန်းမှ ဦးဆောင်သည့် အမျိုးသမီးများနေ့ အခမ်းအနားကိုလည်း မြို့နယ်အတွင်းရှိ တာဝန်ရှိသူများ၊ အမျိုးသမီးအဖွဲ့အစည်းများ အားလုံး စုပေါင်းတက်ရောက်ပြီး ငပုတောမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် မတ် ၈ ရက်က စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ (အပိုင်း-၂၄)

သိပ္ပံစာရေးဆရာကိုကိုအောင်

### ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များ

မျက်မှောက်ကမ္ဘာကြီး၌ စက်မှုလုပ်ငန်းများ အလွန်တိုးတက် ထွန်းကားနေသည့် အားလျော်စွာ စက်မှုလုပ်ငန်းအသီးသီးတို့က နေ့စဉ် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ မက်ထရစ်တန် သန်းပေါင်းများစွာကို စွန့်ထုတ်လျက် ရှိနေကြသည်။ ထို့အတူပင် ကမ္ဘာအရပ်ရပ်၌ မောင်းနှင်သွားလာနေကြသော မော်တော်ကားများနှင့် အင်ဂျင်စက်အမျိုးမျိုးတို့ကလည်း စက္ကန့်နှင့်အမျှ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များကို စွန့်ထုတ်လျက်ရှိနေကြသည်။

ဤကဲ့သို့ အကြောင်းမျိုးမျိုးဖြင့် စွန့်ထုတ်နေကြသော ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များကို သစ်ပင်သစ်တောများက စုပ်ယူနေကြသလို...ပင်လယ်နှင့်သမုဒ္ဒရာ ရေပြင်များကလည်း အများအပြား စုပ်ယူနေကြရသည်။ သစ်ပင်သစ်တောများနှင့် ပင်လယ်သမုဒ္ဒရာတို့က စုပ်ယူခြင်းမပြုနိုင်သော ပိုလျှံ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များသည် ကမ္ဘာ့လေထုအပေါ်ယံလွှာသို့ ရောက်ရှိကာ ဖန်လုံအိမ်တစ်ခု အဖြစ် ကမ္ဘာကြီးကို အုပ်မိုးကာရံထားလိုက်ကြတော့သည်။

### ကာဗွန်နစ် အက်စစ်များ

ကမ္ဘာပေါ်၌ ထုတ်လွှတ်နေကြသော ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ပမာဏ စုစုပေါင်း၏ လေးပုံ တစ်ပုံကို ပင်လယ်နှင့်သမုဒ္ဒရာရေပြင်တို့က စုပ်ယူနေကြရသည်။ ထိုကဲ့သို့ စုပ်ယူနေရသော ဖြစ်စဉ်ကြောင့် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များ သည် ပင်လယ်ရေ၊ သမုဒ္ဒရာရေများနှင့်ဓာတ်ပြုကာ ကာဗွန်နစ် အက်စစ်များ အဖြစ်သို့ ပြောင်းလဲသွားသည်။ ဤသို့အားဖြင့် ပင်လယ်နှင့်သမုဒ္ဒရာရေများသည် တစ်နေ့ တခြား ကာဗွန်နစ်အက်စစ်ပါဝင်နှုန်း လွန်ကဲများပြားလာကာ အချဉ်ဓာတ် မြင့်မားလာတော့သည်။

စက်မှုလုပ်ငန်း တိုးတက်ထွန်းကားနေမှုများကြောင့် ကမ္ဘာ့လေထုထဲ၌ ကာဗွန်ဒိုင်အောက်ဆိုက် ပါဝင်နှုန်းသည် နှစ်စဉ် သုံးရာခိုင်နှုန်းတိုးလျက်ရှိနေသည်။ ထို့အတူ ပင်လယ်နှင့်သမုဒ္ဒရာရေတို့၏ အချဉ်ပေါက်နှုန်းကလည်း စက်မှုတော်လှန်ရေးကာလ မတိုင်မီကထက် ၃၀ ရာခိုင်နှုန်း ပို၍မြင့်မားလာလျက် ရှိနေသည်။ ဤနှုန်းအတိုင်း ဆက်သွားမည်ဆိုပါက လာမည့် ဆယ်စုနှစ်တစ်စုအတွင်းမှာပင် ပင်လယ်ရေနှင့် သမုဒ္ဒရာရေများ၏ အချဉ်ပေါက်နှုန်းမှာ အဆမတန်မြင့်တက်လာဖွယ် ရှိနေသည်။

### အချဉ်ဓာတ်လွန်ကဲနေသော ပင်လယ်ရေ

အကျိုးဆက်များအဖြစ် ခရုကဲ့သို့သောရေသတ္တဝါငယ်များ၏ အခွံများနှင့် ရေသတ္တဝါတို့၏ ရုပ်ကြွင်းများသည် အချဉ်ဓာတ်သင့်၍ ပျက်စီးသွားလိမ့်မည်ဖြစ်သည်။ သန္တာကျောက်တန်းများသည်လည်း အချဉ်ဓာတ်လွန်ကဲနေသော ပင်လယ်ရေများကြောင့် ပြိုကွဲပျက်စီးသွားကြလိမ့်မည် ဖြစ်သည်။ ထို့အတူ ရေသတ္တဝါတို့၏ဥများ အကောင်မပေါက်ပွားနိုင်တော့ခြင်း၊ ပေါက်ပွားပြီးသားရေသတ္တဝါများ ကြီးထွားဖွံ့ဖြိုးမှု မရှိတော့ခြင်း စသည်တို့ကိုပါ ကြုံတွေ့ရဖွယ်ရှိပြီး ရေသတ္တဝါများ မျိုးသုဉ်းပျောက်ကွယ်မှုဆီသို့ ဦးတည်သွားလိမ့်မည်ဖြစ်သည်။

အေးမြသောရေသည် ပူနွေးသောရေထက် ကာဗွန်ဒိုင်အောက်ဆိုက်ကို ပိုမိုစုပ်ယူနိုင်စွမ်းရှိသည့် အားလျော်စွာ ဝင်ရိုးစွန်းဒေသရှိ ပင်လယ်ရေနှင့်သမုဒ္ဒရာရေများသည် အပူပိုင်းဒေသရှိ ပင်လယ်ရေနှင့် သမုဒ္ဒရာရေတို့ထက် ကာဗွန်ဒိုင်အောက်ဆိုက်ကို ပိုမိုစုပ်ယူကြခြင်းဖြင့် ကာဗွန်နစ်အက်စစ်ပါဝင်နှုန်း ပို၍မြင့်တက်လျက် ရှိနေသည်။ ထိုအခြေအနေသည် ဝင်ရိုးစွန်းဒေသရှိရေသတ္တဝါများ၊ သန္တာကျောက်တန်းများကို ပျက်သုဉ်းစေမည့်အန္တရာယ်နှင့် ကြုံတွေ့ရနိုင်သော အခွင့်အလမ်းကို ပိုမို အလေးသာစေလိမ့်မည် ဖြစ်သည်။ ဝင်ရိုးစွန်းဒေသရှိ ပင်လယ်နှင့်သမုဒ္ဒရာရေများ အချဉ်ပေါက်နှုန်း ဆက်လက်မြင့်တက်နေမည်ဆိုပါက သန္တာကျောက်တန်းများ၏ အသစ်ဖြစ်ထွန်းမှုသည် ပြိုကွဲပျက်စီးမှုနှုန်းကို အမီလိုက်နိုင်တော့မည် မဟုတ်ပေ။

### အဏ္ဏဝါဂေဟစနစ်ကို ပျက်စီးစေ

ပင်လယ်နှင့်သမုဒ္ဒရာရေများ အချဉ်ပေါက်နှုန်း မြင့်မားလာခြင်းသည် ရေသတ္တဝါတို့၏ အစာကွင်းဆက်ဖြစ်စဉ်ကို ပြတ်တောက်စေလျက် အဏ္ဏဝါဂေဟစနစ်ကို ပျက်စီးသွားစေသည်။ ပင်လယ်ရေအောက် အစာကွင်းဆက်ဖြစ်စဉ်၏ အခြေခံ အကျဆုံး ရေသတ္တဝါတစ်မျိုးဖြစ်သော ပက်ထရိုပေါ့ ခရုငယ်များ၏ ပေါက်ပွား ရှင်သန်မှုကို ပင်လယ်ရေအချဉ်ပေါက်နှုန်း မြင့်မားနေခြင်းက ဖျက်ဆီးလျက် ရှိနေသည်။

ပက်ထရိုပေါ့ခရုငယ်များကို ပလန်တန်ငါး၊ ပင်လယ်ပျော်ငှက်နှင့် ရေနေနို့တိုက်သတ္တဝါတို့က အာဟာရအဖြစ် စားသုံးကြသည်။ ပလန်တန်ငါးကို ဝေလငါးမန်းများက တိုက်ရိုက်စားသုံးသလို... အချို့သော ရေသတ္တဝါများကလည်း တစ်ဆင့်ခံစားသုံးကြသည်။ ပလန်တန်ငါးငယ်ကလေးများကို တိုက်ရိုက်စားသုံးသော ရေသတ္တဝါများထဲတွင် ပုစွန်ဆိတ်များက ပမာဏအများဆုံး ဖြစ်ပြီး ထိုပုစွန်ဆိတ်များကို အခြားသော ငါးမျိုးစိတ်အများအပြားတို့က ထပ်ဆင့်စားသောက်ကြသည်။

သို့ဖြစ်၍ ပင်လယ်ရေအချဉ်ပေါက်နှုန်း မြင့်မားမှုကြောင့် ပက်ထရိုပေါ့ခရုများ ပျက်သုဉ်းရမှုသည် ရေအောက်အစာကွင်းဆက်ကို ဆက်တိုက်ထိခိုက်စေပြီး အစာကွင်းဆက် ဖြစ်စဉ်တစ်လျှောက်ရှိ ရေသတ္တဝါများ ရှင်သန်ပေါက်ပွားမှုကိုပါ ဖျက်ဆီးရာ ရောက်နေသည်။ ထိုကဲ့သို့ အစာကွင်းဆက်ဖြစ်စဉ်ကြီး ကစဉ့်ကလျားဖြစ်မှုကြောင့် ငါးနှင့်ရေသတ္တဝါများ လျော့နည်းကျဆင်းသွားခဲ့လျှင် ယင်းတို့ကိုစားသုံးသော ပင်လယ်ဖျံများ၊ ပင်လယ်ပျော်ငှက်များစသည်တို့ပါ အကောင်ရေ ကျဆင်းသွားလိမ့်မည်ဖြစ်သည်။ အကောင်ရေကျဆင်းမှုနှုန်း လွန်ကဲမြင့်မားလာမည်ဆိုလျှင် လူတို့အတွက် အစာရိက္ခာရှားပါးမှုနှင့် ကြုံတွေ့ကြရလိမ့်မည် ဖြစ်သည်။

### သိသာထင်ရှားသော ပျက်စီးမှုတချို့

ပင်လယ်ရေအချဉ်ပေါက်နှုန်း မြင့်မားလာခြင်းကြောင့် သိသာထင်ရှားသော ပျက်စီးမှုတချို့ကို လက်ရှိအားဖြင့်လည်း ကြုံတွေ့နေကြရပြီဖြစ်သည်။ သာဓကအားဖြင့် အန္တာတိကပင်လယ်အတွင်းရှိ ဖိုရာမီနီဖဲရဟုခေါ်သည့် အလွန်သေးငယ်သော ဇီဝရုပ်ကလေးများသည် လွန်ခဲ့သော ဆယ်စုနှစ်တစ်စုအတွင်းက ၃၅ ရာခိုင်နှုန်းခန့် ပျက်သုဉ်းလျော့ပါးသွားခဲ့ပြီ ဖြစ်သည်။ နောက်ထပ် သာဓကတစ်ခုအဖြစ် ဩစတြေးလျ ကမ်းလွန်ရှိ မဟာသန္တာကျောက်တန်းကြီး(Great Barrier Reef)၏ ဖြစ်တည် ကြီးထွားနှုန်းသည်လည်း ၁၉၉၀ ပြည့်နှစ်မှစ၍ နှစ်ပေါင်း ၁၅ နှစ်တာကာလ အတွင်း ၁၄ ဒသမ ၂ ရာခိုင်နှုန်း လျော့နည်းကျဆင်းသွားခဲ့ပြီဖြစ်သည်။

ပင်လယ်နှင့်သမုဒ္ဒရာရေများက ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူသည့်အခါ ကာဗွန်နစ်အက်စစ်နှင့် ဟိုက်ဒရိုဂျင်အိုင်းယွန်းများ ဖြစ်လာကြသည်။ သို့ဖြစ်၍ ဟိုက်ဒရိုဂျင်အိုင်းယွန်းများ၏ ပမာဏသည် ပင်လယ်ရေ၏ အချဉ်ပေါက်နှုန်း အဆင့်ပင်ဖြစ်သည်။ လက်ရှိ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်နေမှုများကို ထိန်းချုပ်ခြင်းမပြုလုပ်နိုင်ပါက ထိုသို့သော အချဉ်ပေါက်နှုန်းအဆင့်သည် ၇ ဒသမ ၈ မှ ၇ ဒသမ ၉ အထိ ရောက်ရှိလာမည်ဖြစ်ပြီး အဏ္ဏဝါသက်ရှိများအားလုံး၏ သုံးပုံ တစ်ပုံမှာ ပျက်စီးလျော့နည်းသွားနိုင်ကြောင်း သိပ္ပံပညာရှင်တို့က ခန့်မှန်းထားကြသည်။

### လူတို့ဖန်တီးသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ

ကမ္ဘာတစ်ဝန်းလုံး၌ သဘာဝအလျောက် တည်ရှိနေကြသောမီးတောင်များ ပေါက်ကွဲပွင့်အန်မှုနှင့် အခိုးအငွေ့များ မှုတ်ထုတ်မှုတို့ကြောင့်လည်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ထွက်ရှိလာနိုင်သည့်တိုင် မျက်မှောက်ကမ္ဘာကြီးတွင် ထွက်ပေါ်နေသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့အများစုတို့ကမူ လူတို့ဖန်တီးသော စက်ကိရိယာများနှင့် စက်မှုလုပ်ငန်းများကြောင့်သာလျှင် ဖြစ်သည်။

တစ်နည်းဆိုရသော် ပင်လယ်ရေနှင့်သမုဒ္ဒရာရေများကို အချဉ်ဖောက်နေသူများမှာ အသိဉာဏ် အရှိဆုံးနှင့် အဆင့်အမြင့်ဆုံးသော နို့တိုက်သတ္တဝါဖြစ်သည်ဟု ကြွေးကြော်နေကြသည့် လူသားများပင် ဖြစ်ပေတော့သည်။

### ဒီရေရောက်တောတွေကို ကာကွယ်ကြဖို့

ကမ္ဘာအရပ်ရပ်ရှိ ပင်လယ်ကမ်းရိုးတန်း ဒေသများတွင် ဒီရေရောက်တောများကို နေရာအနှံ့ တွေ့ရှိနိုင်သည်။ အထူးသဖြင့် ဖွံ့ဖြိုးမှုနောက်ကျသောဒေသများရှိ ပင်လယ်ကမ်းရိုးတန်းများ၌ ရှည်လျားကျယ်ပြန့်လှသော ဒီရေရောက်တောများကို တွေ့မြင်နိုင်သည်။

ကမ်းရိုးတန်းဒေသများ ဖွံ့ဖြိုးလာသည့်အခါ ရေနက်ဆိပ်ကမ်းများ တည်ဆောက်ခြင်း၊ ဒီရေလှိုင်းကိုသုံး၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများတည်ဆောက်ခြင်း၊ အဆင့်မြင့် ရေထွက်ပစ္စည်းထုတ်လုပ်ခြင်း၊ ပင်လယ်ကမ်းခြေအားကစားရွာများ တည်ဆောက်ခြင်း၊ သင်္ဘောဆိပ်များ တည်ဆောက်ခြင်းစသည့် ဖွံ့ဖြိုးရေး ဆိုင်ရာလုပ်ငန်းများကို လုပ်ဆောင်လာကြသည့်အတွက် ဒီရေရောက်တောများကို ခုတ်ထွင်ရှင်းလင်းလေ့ရှိကြသည်။ ထို့ကြောင့် ပင်လျှင် ဖွံ့ဖြိုးမှုအရှိန်အဟုန်ကောင်းသော ပင်လယ်ကမ်းခြေများ၌ ဒီရေရောက်တောများကိုတွေ့မြင်ရမှု လျော့နည်းသွားခြင်း ဖြစ်သည်။



ဒီရေရောက်တောများ၌ ပေါက်ရောက်နေကြသည့်အပင်များ၏ ထူးခြားသော အမြစ်ဖွဲ့စည်းပုံသည် ရည်ရွယ်ချက်ရှိရှိဖြင့် မြေလုန်ဖျက်ဆီးခြင်းမျိုးမှတစ်ပါး အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာသည့် သဘာဝ ဘေးအန္တရာယ်ကြောင့် လွယ်လင့်တကူ ပျက်စီးပြုန်းတီးသွားခြင်းမရှိအောင် ကာကွယ်ပေးထားလျက်ရှိသည်။

### အလွန်ထူးခြားသည့် အပင်များ

ပင်လယ်ကမ်းစပ်ရှိ နုန်းမြေများထဲ၌ မြဲမြံစွာ ထိုးစိုက်တည်ရှိနေရုံမျှမက ဒီရေတက်လာသည့်အခါ၌လည်း လေကိုစုပ်ယူနိုင်ရန် ရှုံ့ညွန်မျက်နှာပြင်ပေါ်သို့ သိသာစွာ ထိုးထိုးထောင်ထောင် ထွက်ပေါ် နေသောအမြစ်များကြောင့် ဒီရေရောက်တောများသည် ကမ္ဘာ့ပေါ်၌ ပေါက်ရောက်ရှင်သန်လျက်ရှိသော သစ်ပင်မျိုးစိတ်များအနက် အလွန်ထူးခြားသည့် အပင်များဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

ဒီရေရောက်တောများ ပေါက်ရောက်ရာ နေရာဒေသအနေအထားအရ သာမန် အချိန်များတွင် ပင်လယ်ထဲသို့စီးဝင်သော မြစ်ချောင်းများ၏ မြစ်ရေချောင်းရေများ ဖြတ်သန်းစီးဆင်းမှုကို ခံနေရသလို... ဒီရေတက်ချိန်၌လည်း ပင်လယ်ရေ၏ဖုံးလွှမ်းမှုကို မကြာခဏဆိုသလို ခံကြရသည်။ ရှုံ့ညွန်များအတွင်း၌ ရှင်သန် ပေါက်ရောက်နေကြသော ဒီရေရောက်တောများသည် ရေချိုနှင့်ရေငန်နှစ်မျိုးစလုံး၏ ဖုံးလွှမ်းမှုဒဏ်ကို ခံနိုင်သော အရည်အသွေးနှင့် ပြည့်စုံရုံမျှမက၊ ရေ၏ချဉ်ဖန်နှုန်း ပြောင်းလဲမှုဒဏ်ကိုပါ ခံနိုင်သော အစွမ်းသတ္တိနှင့်လည်း ပြည့်စုံကြသည်။

### သဘာဝ၏ လက်ဆောင်မွန်

ဒီရေရောက်တောများကို သာမန်အမြင်ဖြင့်ကြည့်လျှင် ပင်လယ်ကမ်းစပ်များ၌ အလေ့ကျ ပေါက်ရောက်နေကြသော တန်ဖိုးမဲ့သစ်ပင်များဟုသာ ထင်ရသော်လည်း တကယ့်လက်တွေ့၌မူ လူနှင့် သတ္တဝါတို့၏အကျိုးစီးပွားကို ဘက်စုံထောင့်စုံက ထိထိရောက်ရောက် ကာကွယ်ပေးနေကြသော သဘာဝ၏ လက်ဆောင်မွန်များသာ ဖြစ်သည်ကို တွေ့ရှိကြရမည်ဖြစ်သည်။

ဒီရေရောက်တောများသည် ဒီရေလှိုင်း၏ရိုက်ပုတ်မှုဒဏ်ကို ကောင်းစွာ ခံနိုင်ရည်ရှိသည့်အတွက် ကမ်းပြိုခြင်းမှ ကာကွယ်ပေးထားလျက်ရှိသည်။ ထူးခြားသည့်အမြစ်ဖွဲ့စည်းပုံနှင့် အုပ်စုဖွဲ့ပေါက်ရောက်မှုတို့ကြောင့်လည်း မြေတိုက်စားမှုကို တားဆီးကာကွယ်ပေးထားလျက်ရှိသည်။ ရေတက်ချိန်နှင့် ရေပြန်ကျချိန်များ၌ ပင်လယ်ကမ်းနဖူးကို ဒီရေ၏ဖျက်ဆီးမှုမှလည်း ကောင်းစွာ ကာကွယ်ပေးထားသလို... မုန်တိုင်းနှင့် လေပြင်းများ တိုက်ခတ်သည့်ဒဏ်မှလည်း အကာအကွယ်ပြုထားပေးလျက် ရှိသည်။

ယုတ်စွအဆုံး အဖျက်စွမ်းအား အလွန်ကြီးမားလှသော ဆူနာမီလှိုင်းတံပိုးကြီးများ ကမ်းခြေသို့ ဝင်ရောက်ချိန်၌ လှိုင်း၏အရှိန်ကို များစွာလျော့ကျစေခြင်းဖြင့် လူနှင့် သတ္တဝါတို့၏ အသက်အိုးအိမ်ကို တတ်နိုင်သမျှ စောင့်ရှောက် ကာကွယ်ပေးထား လျက်ရှိသည်။ ရေနေသတ္တဝါများအတွက်သာမက ရေလုပ်သားများအတွက်ပါ အန္တရာယ်ဖြစ်စေနိုင်သော ခဲနှင့်အာဆင်းနစ်စသည့် အဆိပ်အတောက်များ ကိုလည်း စုပ်ယူပေးထားနိုင်စွမ်း ရှိကြသည်။

ဒီရေရောက်တောများသည် ရေချိုငါးနှင့်ပုစွန်များ၊ ရေငန်ငါးနှင့်ပုစွန်များ၊ ရေချိုနှင့်ရေငန် နှစ်မျိုးစလုံး၌ ရှင်သန်သော ငါး၊ပုစွန်စသည်တို့၏ မှီခိုကျက်စားရာ၊ ဥချရာ၊ သားပေါက်ရာ၊ မျိုးပွားရာ အသိုက်အမြုံကြီးတစ်ခုလည်း ဖြစ်သည်။ ဒီရေရောက်တောများ၌ ရေသတ္တဝါများသာမက ဝက်ဝံ၊ ရှဉ့်၊ ဖျံစသည့် သတ္တဝါများကပါ မှီခိုရှင်သန် နေထိုင်ကျက်စားလျက် ရှိနေသည့်အတွက် ငါးနှင့်ပုစွန်များ၊ သားရဲတိရစ္ဆာန်တို့၏ သားရေ၊ အရိုးနှင့်အစွယ်များစသည့် ရေထွက်သယံဇာတများနှင့် သစ်တောထွက် သယံဇာတများကိုလည်း ဒီရေရောက်တောများ၌ ထုတ်ယူရရှိနိုင်သည်။

### ဒီရေတောများ ပျက်စီးပြုန်းတီးလာခြင်း

ကမ္ဘာအရပ်ရပ်တွင် ဒီရေရောက်တောများသည် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးပြုန်းတီးလျက် ရှိနေကြသည်။ စိုက်ပျိုးမြေများချဲ့ထွင်ခြင်း၊ လူနေမြို့ရွာများ ချဲ့ထွင်ခြင်း၊ ကမ်းခြေစီမံကိန်းများပြုလုပ်ခြင်း စသည်တို့သည် ဒီရေတောများကို ပျက်စီးပြုန်းတီးစေသော အကြောင်းရင်းများဖြစ်ကြသည်။ ထို့ပြင် ဆားကွင်းများ ဖော်ထုတ်၍ ပင်လယ်ကမ်းခြေဆားချက်လုပ်ငန်း လုပ်ကိုင်ခြင်းကြောင့်လည်း ဒီရေရောက်တောများ ဖျက်ဆီးခြင်းခံနေကြရသလို...သစ်ထုတ်လုပ်မှုကို အလွန်အကျွံ ဆောင်ရွက်ခြင်းများကြောင့်လည်း ဒီရေတောများ ပြုန်းတီးနေကြရသည်။

အလားတူပင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် စွန့်ပစ်ပစ္စည်းများနှင့် ဓာတု အညစ်အကြေးများ စုပုံလာခြင်းသည်လည်း ဒီရေရောက်တောများကို ပျက်စီးစေသော အကြောင်းရင်းများ ဖြစ်ကြသည်။ ခေတ်သစ် စိုက်ပျိုးရေးလုပ်ငန်းများ၌ အလွန်အကျွံသုံးစွဲနေကြသော ဓာတ်မြေဩဇာ အကြွင်းအကျန်များက စိုက်ခင်းများမှတစ်ဆင့် ရေစီးကြောင်းနှင့်လိုက်ပါလျက် ဒီရေရောက်တောများတွင် လာရောက် စုဝေးနေကြခြင်းသည်လည်း ဒီရေတောများကို ဖျက်ဆီးနေသော အကြောင်းရင်းများ ဖြစ်ကြသည်။

ပင်လယ်ကမ်းပြိုခြင်းနှင့် ရေတိုက်စားခြင်းများသည် ဒီရေတောများကို သွယ်ဝိုက်သောနည်းဖြင့် ပျက်စီးစေနိုင်သော အကြောင်းရင်းများဖြစ်ကြသည်။ ပင်လယ်ရေအောက်ရှိ သန္တာကျောက်တန်းများသည် အောက်လွှာရေစီးကြောင်းနှင့်အတူ မျောပါလာသော နုန်းနှင့်အနည်အနှစ်များကို စစ်ထုတ်ပေးနေကြသည့် အားလျော်စွာ၊ အကယ်၍ သန္တာကျောက်တန်းများ ပျက်စီးသွားမည်ဆိုပါကလည်း နုန်းနှင့်အနည်အနှစ်များကို စစ်ထုတ်ပေးခြင်း မပြုနိုင်တော့သည့်အတွက် အဆိုပါ နုန်းအနည်အနှစ်များအားလုံးသည် ဒီရေရောက်တောများ၌ လာရောက်စုပုံနေခြင်းဖြင့် ဒီရေတောများ၏ ရှင်သန်ပေါက်ရောက်ဖွံ့ဖြိုးမှုကို သိသာစွာ ထိခိုက်စေလိမ့်မည်ဖြစ်သည်။

ပင်လယ်ပြင်၌ ခုတ်မောင်းသွားလာလျက်ရှိကြသော ရေနံနှင့်ဓာတုပစ္စည်းများ တင်ဆောင်ထားသည့် သင်္ဘောများ နစ်မြုပ်ပျက်စီးသည့်အခါနှင့် ရေနံဓာတုပစ္စည်းများ ယိုဖိတ်သည့်အခါမျိုးများ၌လည်း ပင်လယ်ရေပြင်ပေါ်၌ စုပုံမျောပါနေသော ရေနံနှင့် ဓာတုပစ္စည်းများသည် ပင်လယ်ကမ်းစပ်ရှိ ဒီရေရောက်တောများ၌ လာရောက် စုစည်းကြလေ့ရှိကြသည်။ ထိုဖြစ်ရပ်မျိုးသည်လည်း ဒီရေရောက်တောများကို ပျက်စီး ပြုန်းတီးစေနိုင်သော သွယ်ဝိုက်သည့် အကြောင်းတရားများဖြစ်ကြသည်။

ကမ္ဘာကြီး ပူနွေးလာနေခြင်းကြောင့် ဝင်ရိုးစွန်းရေခဲလွှာများ ထုထည်ပမာဏ များပြားစွာ အရည်ပျော်ကျကာ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းသည်လည်း ဒီရေရောက်တောများကို အစုလိုက်အပြုံလိုက် ပျက်သုဉ်းသွားစေသည့် အကြောင်းရင်းများဖြစ်ကြသည်။

### ကမ္ဘာကြီးပူနွေးလာမှုကို လျော့ကျစေ

ကမ္ဘာ့အပူပိုင်းဒေသ၌ ပေါက်ရောက်နေကြသော ဒီရေရောက်တောများသည် အခြားဒေသများရှိ သစ်တောများထက် ကာဗွန်ဒိုင်အောက်ဆိုက်ကို ပိုမိုစုပ်ယူ သိုလှောင်ပေးထားနိုင်ကြသည်။ ကမ္ဘာ့အပူပိုင်း ဒေသရှိ သစ်တောဧရိယာ၏ ၀ ဒသမ ၇ ရာခိုင်နှုန်းသည် ဒီရေရောက်တောများဖြစ်ကြပြီး အပူပိုင်း မုတ်သုံသစ်တောများ ထက် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ဖြစ်သော ကာဗွန်ဒိုင်အောက်ဆိုက်ကို နှစ်ဆမှ လေးဆခန့်အထိ ပိုမိုစုပ်ယူ သိုလှောင်ပေးထားကြခြင်းဖြင့် ကမ္ဘာကြီးပူနွေးလာမှုကို လျော့ကျအောင် စွမ်းဆောင် ပေးလျက်ရှိနေကြသည်။

သို့ရာတွင် ဒက္ခိဏယဉ်စွန်းတန်းနှင့် ဥတ္တရယဉ်စွန်းတန်းကြား၊ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ရှိ ဒီရေရောက်တောများ၏ စုစုပေါင်းဧရိယာသည် ကမ္ဘာ့လူဦးရေ တိုးပွားလာမှုကြောင့် လွန်ခဲ့သောရာစုနှစ်ဝက် အတွင်းက ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ ယုတ်လျော့ကျဆင်းသွားခဲ့သည်။

အကယ်၍ ကမ္ဘာပေါ်ရှိ အပူပိုင်းဒေသ ဒီရေရောက်တောများအားလုံး ပျက်စီးသွားခဲ့မည်ဆိုလျှင် တစ်ကမ္ဘာလုံးရှိ သစ်တောများပြုန်းတီးမှုကြောင့် ထွက်ပေါ်လာမည့် ကာဗွန်ဓာတ်ငွေ့စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းနှင့်ညီမျှသောပမာဏကို လေထုထဲသို့ ပြန်လည်ထုတ်လွှတ်လိမ့်မည် ဖြစ်သည်။ ထိုအခါ ကမ္ဘာကြီးကလည်း ပိုမိုဆိုးရွားပြင်းထန်စွာ ပူပြင်းလာလိမ့်မည်ဖြစ်သည်။

သို့ဖြစ်၍ လူနှင့်သတ္တဝါတို့၏ အကျိုးစီးပွားကို ထိရောက်စွာကာကွယ်ပေးနေသော... ကမ္ဘာကြီး ပူနွေးလာမှုကို ဟန့်တားထားနိုင်စွမ်းရှိသော... ရေထွက် သယံဇာတနှင့်သစ်တောထွက်သယံဇာတများကို ထုတ်လုပ်ပေးနေသော...အန္တရာယ်ရှိအဆိပ်အတောက်များကို စုပ်ယူ စစ်ထုတ်ပေးနိုင်စွမ်းရှိသော ဒီရေရောက်တောများ ပြုန်းတီးသွားခြင်းမရှိဘဲ ထာဝရ ရှင်သန်ဖွံ့ဖြိုးနေအောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရင်း အခြားတစ်ဖက်တွင်လည်း ပင်လယ်ကမ်းစပ်ဒေသများ၌ ဒီရေရောက်တောများကို အများအပြား ထပ်မံတိုးချဲ့စိုက်ပျိုးသွားကြရမည်ဖြစ်ပေသည်။ ။

# အသေးစားနှင့် အလတ်စား ဒေသထွက်ကုန်ပစ္စည်းများ ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပမည်

**မကွေး မတ် ၁၄**
မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့ ပူးပေါင်း၍ အငယ်စား၊ အသေးစားနှင့် အလတ်စား ဒေသထွက်ကုန်ပစ္စည်းများ ပြပွဲ၊ ပြိုင်ပွဲများ ကို မကွေးမြို့၌ ကျင်းပသွားမည်ဖြစ်ပြီး ပြပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲကို မတ် ၁၂ ရက်က မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ ရခိုင်ပြည်နယ် SME ဌာနမှ တာဝန်ရှိသူများနှင့် ချင်းပြည်နယ် SME ဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးချက်များအရ မကွေး၊ ရခိုင်နှင့် ချင်းပြည်နယ်တို့ ပူးပေါင်း၍ အငယ်စား၊ အသေးစားနှင့် အလတ်စား ဒေသထွက်ကုန်ပစ္စည်းများ ပြပွဲ၊ ပြိုင်ပွဲကို မကွေးမြို့ ဗိုလ်ချုပ်ပန်းခြံလမ်းကြား၌ မတ် ၂၄ မှ ၂၆ ရက်အထိ သုံးရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲပြိုင်ပွဲများ ကျင်းပနိုင်ရန်အတွက် အခမ်းအနားပြင်ဆင်ရေး၊ ဖိတ်ကြားရေး၊ ကြိုဆိုရေး၊ ဆုချီးမြှင့်ရေး၊ အကဲဖြတ်အမှတ်ပေးရေး၊ ရန်ပုံငွေရှာဖွေရေး၊ ညှော်ခံကျွေးမွေးရေး၊ ပြန်ကြားရေး၊ ဖျော်ဖြေရေးနှင့် လုံခြုံရေးစသည့် ဆပ်ကော်မတီ ၁၀ ခု ဖွဲ့စည်းဆောင်ရွက်ထားကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးဝေဇင်ထွန်းက ပြောသည်။



ပြပွဲတွင် မကွေးတိုင်းဒေသကြီး၏ ထွက်ကုန်ပစ္စည်းများဖြစ်သည့် နှမ်း၊ မြေပဲ၊ ဆီ၊ ထန်းပရိဘောဂပစ္စည်းများစသည့် ထွက်ကုန်များနှင့် ချင်းပြည်နယ်မှ ချင်းရိုးရာပစ္စည်းများ၊ ရခိုင်ပြည်နယ်မှ ရေထွက်ကုန်ပစ္စည်းများဖြစ်သည့် ပုစွန်ခြောက်၊ ငါးခြောက်များနှင့် ရခိုင်ရိုးရာပစ္စည်းများ ပြသမည့် လုပ်ငန်း ၄၈ မျိုး ပါဝင်ပြီး ဆိုင်ခန်းပေါင်း ၁၀၀ ခန့် ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲကျင်းပနိုင်ရေး အကြိုညှိနှိုင်းဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းက ပြပွဲကျင်းပမည့် အကြောင်းများကို အသေးစိတ် ဆွေးနွေးကာ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးက ပြပွဲကျင်းပရေးအတွက် ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ အသေးစား၊ အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာန တာဝန်ရှိသူများက ဒေသထွက်ကုန်များနှင့် ပြသမည့် ကုန်ပစ္စည်းများအကြောင်းကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် မြန်မာအလုပ်သမားများ နေ့စဉ်သွားရောက်မှု များပြားနေ

**မြဝတီ မတ် ၁၄**
တစ်ဖက်ထိုင်းနိုင်ငံအတွင်းသို့ MoU စနစ်ဖြင့် ထွက်ခွာကာ အလုပ်လုပ်နေသည့် မြန်မာအလုပ်သမားများ အရေအတွက်မှာ နေ့စဉ် များပြားလျက်ရှိပြီး နယ်စပ်မြဝတီမြို့မှတစ်ဆင့် ထိုင်းနိုင်ငံသို့ နေ့စဉ်ထွက်ခွာလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်က Tot Choice ကုမ္ပဏီနဲ့ စာချုပ်ချုပ်ပြီး လာတာပါ။ အလုပ်က ထိုင်းနိုင်ငံ လတ်ပူလီမြို့မှာ ဆောက်လုပ်ရေးလုပ်ငန်းလုပ်ရမယ်လို့ သိရပါတယ်၊ တစ်နေ့လုပ်အားခ ၃၁၀ ဘတ် ရမယ်လို့တော့ ပြောတယ်၊ ပွဲစားကိုတော့ ကျပ်ခြောက်သိန်း ပေးရတယ်၊ ရွာမှာက အလုပ်မရှိဘူး၊ အရင်လို လယ်နဲ့ကိုင်း လုပ်ရတာလည်း ထမင်းနပ်မမှန်ချင်ဘူး၊ ဒီတော့ ရှိတာ ပေါင်နှံပြီး လာရတာပါ၊ သူတို့ပြောသလို တစ်နေ့လုပ်အားခ ဘတ် ၃၁၀ သာ တကယ်ရမယ်ဆိုရင် ပင်ပန်းပါစေ၊ ကြိုးစားပြီး အလုပ်လုပ်မှာပါ၊ ကိုယ့်နိုင်ငံမှာသာ အလုပ်ပေါလို့ကတော့ မိသားစုကိုပစ်ပြီး မသွားချင်ပါဘူး"ဟု နတ်မောက်မြို့မှလာ၍ ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်မည့် ကိုတင်သိန်းကပြောသည်။



ပြည်တွင်း၌ စက်မှုဇုန်များ ဖော်ဆောင်နေသော်လည်း အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်မှု နည်းပါးနေခြင်းနှင့် လုပ်ခလစာ နည်းပါးခြင်းတို့ကြောင့် ထိုင်းနိုင်ငံသို့ ထွက်ခွာလျက်ရှိသည့် မြန်မာအလုပ်သမားအရေအတွက်မှာ စံချိန်တင်မြင့်တက်နေဆဲဖြစ်ကာ နှစ်လအတွင်း MoU ဖြင့် ထွက်ခွာကြသည့် အမျိုးသား၊ အမျိုးသမီး အလုပ်သမားအရေအတွက် ၃၂၀၉၇ ဦး ရှိခဲ့ကြောင်း မြဝတီအလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးမှ စာရင်းများအရ သိရသည်။

၂၀၁၈ ခုနှစ် ပထမလဖြစ်သော ဇန်နဝါရီလတွင် မြဝတီ-မဲဆောက်လမ်းမှတစ်ဆင့် အိမ်နီးချင်းထိုင်းနိုင်ငံသို့ MoU လုပ်သားအဖြစ် အမျိုးသား ၁၀၆၀၆ ဦးနှင့် အမျိုးသမီး ၆၃၈၂ ဦး၊ ဖေဖော်ဝါရီလတွင် အမျိုးသား ၈၆၉၂ ဦးနှင့် အမျိုးသမီး ၆၄၁၇ ဦးတို့ ထွက်ခွာခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်**

# ကျေးလက်ဒေသ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေ

**ဖလမ်း မတ် ၁၄**
ချင်းပြည်နယ် ဖလမ်းမြို့နယ် ရမ်ထလိုကျေးရွာတွင် ကျေးလက်ဒေသအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြည်ရေး၊ ကူးစက်ရောဂါကာကွယ်ရေး၊ အာဟာရ၊ ပညာရေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး စသည့် ကဏ္ဍကြီး ၅ ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်မှုများကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ကြည်ကြည်နှင့် အဖွဲ့ဝင်များက မတ် ၁၂ ရက်တွင် လာရောက်ကြည့်ရှုပြီး ကျေးရွာအခြေခံပညာအထက်တန်းကျောင်း၌ ဆယ်အိမ်စု စေတနာ့ဝန်ထမ်းများ၊ ဖလမ်းခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ အဖွဲ့ချုပ်ဥက္ကဋ္ဌက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေး၊ အိမ်တွင်းအိမ်ပြင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ယင်လုံအိမ်သာသုံးစွဲရေး၊ ရေကောင်း ရေသန့် ရရှိရေး၊ ကျန်းမာရေး(ကူးစက်ရောဂါကာကွယ်ရေး)၊ ပညာရေး၊ အာဟာရဖွံ့ဖြိုးရေး၊ သက်ကြီးရွယ်အို ကာကွယ်စောင့်ရှောက်ရေးစသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့သည်။

ရမ်ထလိုကျေးရွာတွင် အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရန်အတွက် ကျေးရွာအတွင်း ဆယ်အိမ်တစ်စု စေတနာ့ဝန်ထမ်း ၁၆ ဦးကို ရွေးချယ်ကာ ဖလမ်းမြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ဆင့်ပွားသင်တန်းကို ၂၀၁၇ ခုနှစ် မေလက ပို့ချပေးပြီး စီမံချက်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဆယ်အိမ်တစ်စု စေတနာ့ဝန်ထမ်းအဖွဲ့သည် မိမိအိမ်အပါအဝင် ဆယ်အိမ်ကို စီမံချက်ပါအမူအကျင့်များအတိုင်း ပြုမူဆောင်ရွက်စေရန် အိမ်တစ်အိမ်ချင်း အိမ်ထောင်စုများနှင့်သွားရောက်တွေ့ဆုံခြင်း၊ သင်တန်းမှရရှိလာသော ဗဟုသုတများကို အိမ်တစ်အိမ်ချင်းမှ အမျိုးသမီးတစ်ဦးစီထံ ပြန်လည်ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# မာန်အောင်မြို့၌ မြို့မြေတိုင်းတာရေး အသိပေးရှင်းလင်း

**မာန်အောင် မတ် ၁၄**
ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် မာန်အောင်မြို့နယ်အတွင်း မြို့မြေတိုင်းတာရေးဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ မတ်လ ၁၂ ရက်က ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်လယ်ယာမြေနှင့်စီမံခန့်ခွဲရေးစာရင်းအင်းဦးစီးဌာနမှူး ဦးအောင်ကျော်ညွန့်က မာန်အောင်မြို့ မြေတိုင်းတာမည့် စီမံချက်နှင့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အဖွဲ့ခေါင်းဆောင် ဦးသိန်းဝင်းအောင်က မြို့မြေတိုင်းတာမည့် အစီအစဉ်များ အသေးစိတ်ကို ပြောကြားပြီး မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက သိလိုသည်များကို မေးမြန်းကာ မြို့မြေတိုင်းတာရေး အဖွဲ့ခေါင်းဆောင်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## မှုခင်းသတင်းတိုများ

### မြင်းခြံမြို့တွင် မူးယစ်ဆေးပြား ကျပ်သိန်း ၂၀ ဖိုးခန့် ဖမ်းမိ

မြင်းခြံမြို့တွင် မတ် ၁၁ ရက် ညနေပိုင်းက မူးယစ်ဆေးဝါးရောင်းချသူ သုံးဦးအား သတင်းအရ ရှာဖွေစစ်ဆေးရာမှ မူးယစ်ဆေးပြား တန်ဖိုးကျပ်သိန်း ၂၀ ခန့်ကို ဖမ်းဆီးရမိကြောင်း သိရသည်။ မူးယစ်ဆေးဝါးသတင်းအရ မှုခင်းနှိမ်နင်းရေးခရိုင်ရဲတပ်ဖွဲ့ဝင်များ၊ မြင်းခြံနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ ကူရွာကျေးရွာ ရွှေဂူကြီးဘုရားအနီး စောင့်ဆိုင်းရှာဖွေစဉ် ရှမ်းပြည်နယ်တောင်ပိုင်း မိုးမိတ်မြို့နေ မျိုးမင်းမြတ်ဆိုသူ မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရာ မူးယစ်ဆေးဝါးများ ရောင်းချရန် လာရောက်ခြင်းဖြစ်ကာ အဖော်နှစ်ယောက်ပါကြောင်း သိရသဖြင့် ၎င်းအားဖမ်းဆီးထားပြီး ဆက်လက်စောင့်ဆိုင်းရာ ရေစကြိုမြို့နယ် နေရင်းကျေးရွာနေ ဖိုးရှိန်း(ခ)ရှိန်းထက်အောင် မောင်းနှင်ပြီး အောင်အောင်(ခ)အောင်အောင်ဦး နောက်မှလိုက်ပါလာသည့် ဆိုင်ကယ်ကို ထပ်မံဖမ်းမိခဲ့သည်။ ရှိန်းထက်အောင်နှင့် အောင်အောင်ဦးတို့အား စစ်ဆေးချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများကို မြင်းခြံမြို့ရှိ ထန်းရည်ဆိုင်တစ်ဆိုင်တွင် ဝှက်ထားကြောင်း သိရသဖြင့် သွားရောက်ရှာဖွေရာ တန်ဖိုး ကျပ်သိန်း ၂၀ ခန့်ရှိ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြားများကို ဖမ်းမိခဲ့၍ မြင်းခြံနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

### ရေနွေးအိုးတည်ထားသောမီးဖိုမှ မီးလောင်မှုဖြစ်ပွား

ကလေးမြို့နယ် နတ်ချောင်းကျေးရွာတွင် ရေနွေးအိုးတည်ထားသောမီးဖိုမီးမှ မီးလောင်ကျွမ်းမှု မတ် ၁၂ ရက် မွန်းလွဲ ၂ နာရီက ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါရွာရှိ ဒေါ်နီနီ(၇၂ နှစ်)၏နေအိမ်၌ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကာ နတ်ချောင်းနယ်မြေမီးသတ်စခန်းနှင့် ကလေးခရိုင် မီးသတ်စခန်းတို့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်များနှင့်အတူ ပြည်သူများနှင့် ပူးပေါင်း၍ သွားရောက်ငြိမ်းသတ်ခဲ့ရကြောင်း၊ မီးလောင်မှုကြောင့် ဝါးကပ်ကာ၊ ပျဉ်ခင်း၊ သွပ်မိုး မြေစိုက်လူနေအိမ်တစ်လုံးနှင့် ရှေ့မျက်နှာစာတွင်ဆောက်လုပ်ထားသော သွပ်မိုး၊ သွပ်ကာ၊ ပျဉ်ခင်း ဆိုင်ကယ်ပြင်ဆိုင်ခန်းတစ်ခန်း၊ ဆိုင်ခန်းအတွင်းရှိ ဆိုင်ကယ် ၁၀ စီးတို့ မီးလောင်ကျွမ်းဆုံးရှုံးသွားကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ မီးပေါ့ဆသူ အိမ်ရှင် ဒေါ်နီနီ(၇၂ နှစ်)အား ကလေးမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**ချင်းတွင်းသား**

### ဆိုင်ကယ်ကို ၁၀ ဘီးကားက နောက်မှဝင်တိုက်၍ လူနှစ်ဦးသေဆုံး

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် သရက်ကုန်ကျေးရွာအနီးတွင် မတ် ၁၁ ရက် ညနေပိုင်းက ဆိုင်ကယ်ကို ၁၀ ဘီးကားက နောက်မှဝင်တိုက်မှု ဖြစ်ပွားခဲ့၍ ဆိုင်ကယ်ပေါ်ပါသူနှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။ ညောင်လေးပင်မြို့မရဲစခန်းမှ ဒုရဲအုပ်ကျော်ဆန်းလင်း၏ သွားရောက်စစ်ဆေးချက်အရ ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်းအေးမင်းထွန်း မောင်းနှင်လာသည့် ၁၀ ဘီးကားက အရှိန်မထိန်းနိုင်ဘဲ ရှေ့မှ ကိုအုပ်စိုးသူ(နေရပ်စုံစမ်းဆဲ)နှင့် မနှင်းဦးဝေတို့ စီးနင်းလာသော ဆိုင်ကယ်ကို ဝင်တိုက်မိသဖြင့် ဆိုင်ကယ်ပေါ်ပါသူ နှစ်ဦးလုံးမှာ နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ အေးမင်းထွန်းအား ညောင်လေးပင်မြို့မရဲစခန်း၌ ဖမ်းဆီးအမှုဖွင့်ထားကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကျင်းပ

**စလင်း မတ် ၁၄**
မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် အင်ကျင်းပင်လှအုပ်စု ဂွင်ကျင်းကျေးရွာ၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို မြို့နယ်ရဲတပ်ဖွဲ့က ကြီးမှူး၍ မတ် ၁၂ ရက်က ကျင်းပခဲ့သည်။

ဂွင်ကျင်းကျေးရွာ ရွာခွဲတာဝန်ခံ ဦးတိုင်းမင်း၏ နေအိမ်၌ ကျင်းပသည့် ဟောပြောပွဲတွင် ကန်ပြားရဲစခန်းမှူး ရဲအုပ်ခိုင်လင်း ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များနှင့် အင်ကျင်းပင်လှအုပ်ချုပ်ရေးမှူး ဦးကျော်နိုင်တို့ ပါဝင်သော မှုခင်းကျဆင်းရေး အသိပညာပေးအဖွဲ့က ကျေးရွာနေပြည်သူများအား မှုခင်းကျဆင်းရေးဆိုင်ရာများ၊ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးအတွက် သတိပြုဖွယ်ရာများ၊ ပြစ်မှုကျူးလွန်သူများအတွက် ပြစ်မှုပြစ်ဒဏ်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို ဟောပြောခဲ့သလို နွေရာသီကာလ ရောက်ရှိနေပြီဖြစ်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များကိုပါ ဟောပြောဆွေးနွေးခဲ့ကာ ဟောပြောပွဲသို့ ကျေးရွာနေ ပြည်သူအင်အား ၆၀ ကျော် တတ်ရောက်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**



မတ် ၁၂ ရက်က လှိုင်မြို့နယ် ၁၆ ရပ်ကွက် မေတ္တာဝါဒီဘုန်းကြီးကျောင်းတွင် မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ဝင်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူး သိန်းဆွေမြင့်တို့က မူးယစ်ဆေးဝါး အန္တရာယ်၊ လူကုန်ကူးမှုနှင့် သက်ငယ်မုဒိမ်းမှု ပပျောက်ရေးအတွက် ဆွေးနွေးဟောပြောခဲ့ကြစဉ်။

မီးမီး (လှိုင်)

# အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်စာရင်း ကောက်ယူလျက်ရှိ

**ရန်ကုန် မတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်း အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်စာရင်း(Small & Medium sized-Enterprise-SMEs) ကောက်ယူရေး ရွေ့ပြောင်းပရောဂျက်ကို တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးထွန်းနိုင်ကို ဦးဆောင်၍ ၂၀၁၇ ဒီဇင်ဘာ ၅ ရက်မှ စတင်ဆောင်ရွက်လျက်ရှိခဲ့ရာ လက်ရှိ အချိန်တွင် ၂၉ မြို့နယ်အထိ စာရင်းကောက်ပြီးဖြစ်ကြောင်း သိရသည်။

ဒုတိယ ညွှန်ကြားရေးမှူးက "ကျွန်တော်တို့ ဒီကနေ့ မတ် ၁၂ ရက်နဲ့ ၁၃ ရက်မှာ မရမ်းကုန်းမြို့နယ်အတွင်း အဖွဲ့ခွဲကောက်နေတယ်၊ စာရင်းလာရောက်ပေးသွင်းသူဟာ လုပ်ငန်း လိုင်စင်တစ်ခုခု ကိုင်ဆောင်ထားသူကိုယ်တိုင် ဖြစ်ရပါမယ်၊ ကိုယ်တိုင်မလာနိုင်ခဲ့ရင် ကိုယ်တကယ်နေထိုင်တဲ့ ရပ်ကွက်အုပ်ရေးမှူးဆီက ကိုယ်စားလှယ်လွှဲတဲ့အကြောင်း ထောက်ခံစာ ယူလာရမယ်၊ စာရင်းပြုစုပြီးတာနဲ့ SME စမတ်ကတ် ထုတ်ပေးမယ်၊ ဘာအခွန်အခမှ ပေးစရာ မလိုဘူး၊ ကျွန်တော်တို့ ၂၀၁၈ ခုနှစ် နှစ်ကုန်အထိ ရန်ကုန်တိုင်း ၄၄ မြို့နယ်မှာ အပြီးကောက်သွားမှာပါ၊ အခု ၂၉ မြို့နယ် ပြီးသွားပါပြီ၊ ဒီကနေ့ မရမ်းကုန်းမှာ ကောက်ခံရရှိပြီးအပါအဝင်ဆို SME စမတ်ကတ် ၁၆၀၀၀ ကျော် ရှိသွားပြီ၊ အခုမတ်လထဲမှာတော့ အနောက်ပိုင်းခရိုင် ၁၃ မြို့နယ်ထဲမှာရှိမယ်"ဟု ပြောသည်။



အဆိုပါ စာရင်းကောက်ယူသည့် လုပ်ငန်းစဉ်မှာ အခွန်စည်းကြပ်ခြင်းနှင့် မသက်ဆိုင်ဘဲ စာရင်းသွင်းသော လုပ်ငန်းရှင်များအတွက် အကျိုးရှိစေမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယ ညွှန်ကြားရေးမှူးက "ကျွန်တော်သိသလောက်ဆို ရန်ကုန်တိုင်းအတွင်း အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင် ၅၀၀၀၀ လောက်ရှိမယ်လို့ ထင်ပါတယ်၊ အမှန်တော့ ဒါက အခွန်စည်းကြပ်တာနဲ့ မဆိုင်ဘူး၊ ခု စမတ်ကတ်ထုတ်ယူရရှိသူဟာ တရားဝင်လုပ်ငန်းလုပ်ကိုင်သူအဖြစ် မှတ်ပုံတင်ထားပြီးသူအဖြစ် အကျုံးဝင်ပါတယ်၊ အကျိုးလည်း ရရှိပါလိမ့်မယ်၊ ဘာလဲဆိုတော့ ကျွန်တော်တို့က အသေးစား နဲ့ အလတ်စား စီးပွားရေးလုပ်ငန်း လုပ်နေရာကနေ အကြီးစားလုပ်ငန်း တိုးချဲ့ထူထောင်နိုင်ဖို့ ၂၀၁၈ ခုနှစ် မေလကုန်အပြီး ကောက်ပြီးရင် ဇွန်လအတွင်းမှာ ချေးငွေထုတ်ပေးဖို့ စီစဉ်ထားလို့ပါ၊ အခု ကျွန်တော်တို့ ကွင်းဆင်းကောက်ယူတဲ့အခါ မသိလိုက်လို့ပဲဖြစ်ဖြစ်၊ အကြောင်းအမျိုးမျိုးကြောင့် မလာနိုင်လို့ပဲဖြစ်ဖြစ် ကိုယ့်မြို့နယ်အုပ်ချုပ်ရေးမှူးထံ သတင်းပေးပို့ပါ၊ ကျွန်တော်တို့အဖွဲ့ ရောက်နေတဲ့မြို့နယ်ကို စုစည်းပြီး လာရောက်စာရင်းပေးသွင်းနိုင်ပါတယ်" ဟု မရမ်းကုန်းမြို့နယ် အမှတ် ၃ ရပ်ကွက် အောင်သဇင် ဆွမ်းလောင်းဓမ္မာရုံ၌ စာရင်းများကောက်ယူနေစဉ် ပြောကြားသည်။

**သတင်းနှင့်ဓာတ်ပုံ - မျိုးမင်းသိန်း(မရမ်းကုန်း)**

## လုပ်ငန်းခွင်အရောက် ဘီပိုးကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုပေး

**နေပြည်တော် မတ် ၁၄**

ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား အသည်းရောင်အသားဝါ(ဘီ)ပိုး ရှိ မရှိ စမ်းသပ်စစ်ဆေးပေးခြင်းနှင့် စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေးများ ထိုးနှံပေးခြင်းတို့ကို Mobile အဖွဲ့ဖြင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မြို့ကြီးများတွင် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဝန်ဆောင်မှုပေးရာတွင် ၂၀၁၇ စက်တင်ဘာ ၂၅ ရက်မှ ၂၀၁၈ ဖေဖော်ဝါရီ ၂၅ ရက်အထိ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများသို့လည်းကောင်း၊ ပုဂ္ဂလိကကုမ္ပဏီ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများသို့လည်းကောင်း ထိုးနှံပေးခြင်းဖြစ်ကြောင်း၊ အရည်အသွေးမြင့်မားပြီး ဘေးထွက်ဆိုးကျိုးမရှိသည့် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးများကို ထိုးနှံပေးခဲ့ရာ ပထမအကြိမ်တွင် လူကြီး ၃၀၁၀၊ ကလေး ၁၁၆ ဦး၊ ဒုတိယအကြိမ်တွင် လူကြီး ၂၆၀၈ ဦး၊ ကလေး ၁၀၄ ဦးနှင့် Mooster Dose အဖြစ် လူကြီး ၆၅၄ ဦး၊ ကလေး ၂၈ ဦးတို့ကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။

အသည်းရောင်အသားဝါ (ဘီ)ပိုး ရှိ မရှိ စမ်းသပ်စစ်ဆေးခြင်းအတွက် လူကြီး၊ ကလေးတစ်ဦးလျှင် ငွေကျပ် ၂၀၀၀ ကျသင့်မည်ဖြစ်ပြီး (ဘီ) ပိုးမရှိပါက ကာကွယ်ဆေးထိုးနိုင်မည်ဖြစ်ကာ ကာကွယ်ဆေးတစ်လုံးလျှင် လူကြီးတစ်ဦး ကျပ် ၅၇၀၀ နှင့် ကလေးတစ်ဦး ကျပ် ၃၆၀၀ နှုန်းဖြစ်ကြောင်း သိရသည်။ ထို့အပြင် ဆေးဝါးစက်ရုံ (အင်းစိန်) ရှိ ဆေးဝါးအရောင်းဆိုင် ဆေးခန်း၌လည်း (ဘီ)ပိုးရှိ မရှိ စမ်းသပ်စစ်ဆေးခြင်းနှင့် (ဘီ) ပိုး ကာကွယ်ဆေးထိုးနှံမှုကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပိတ်ရက်မရှိ ဝန်ဆောင်မှုပေးလျက်ရှိရာ လာရောက်စစ်ဆေးပြီး ကာကွယ်ဆေးထိုးနိုင်မည်ဖြစ်သည့်အပြင် ကာလအပိုင်းအခြားအလိုက် ကာကွယ်ဆေးထိုးနှံရန်အတွက် ကြိုတင်အကြောင်းကြားပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မီးဘေးသင့်အိမ်ထောင်စု ၇၁ စုအတွက် ယာယီအိမ်ရာများ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေ

**ရန်ကုန် မတ် ၁၄**

လှိုင်သာယာမြို့နယ် စက်မှုဇုန် ၄ မင်းကြီးမဟာမင်းခေါင်လမ်းဘေးတွင် နေထိုင်သော ကျူးကျော်တဲ ၇၁ လုံးမှာ ဇန်နဝါရီ ၂၃ ရက်က မီးလောင်မှုဖြစ်ပွားသောကြောင့် ပျက်စီးဆုံးရှုံးခဲ့ပြီးနောက် အဆိုပါ မီးဘေးသင့် အိမ်ထောင်စုများအတွက် အမှတ် ၁၉ ရပ်ကွက် ကျန်စစ်သားလမ်းမကြီးပေါ်ရှိ ရွှေလင်ပန်းချောင်းဘေး စည်ပင်သာယာပိုင်မြေနေရာတွင် ဖေဖော်ဝါရီလမှ စတင်ကာ ယာယီအိမ်ခန်းများ ဆောက်လုပ်ပေးလျက်ရှိရာ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဘယ်တော့နေထိုင်ခွင့်ရမလဲတော့ မသိသေးဘူး၊ စည်ပင်က နေရာပြန်ချပေးမှာပါ၊ လတ်တလော အိမ်ထောင်စု ၇၁ စုကို ကျူးကျော်စမတ်ကတ် ရှိ၊မရှိ ပြန်စစ်ပြီးမှ နေရာချထားပေးမယ်လို့ သိရပါတယ်၊ ကယ်ဆယ်ရေးစခန်းအနေနဲ့ ခေတ္တ နေရာပြန်ချပေးတာပါပဲ၊ စည်ပင်က ကြီးကြပ်ဆောင်ရွက်နေပါတယ်"ဟု မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက ပြောသည်။

အမှတ် ၁၉ ရပ်ကွက် ပေါင်းကူးလမ်းနှင့် ကျန်စစ်သားလမ်းရှိ ရွှေလင်ပန်းတံတားအနီးတွင် ယာယီကယ်ဆယ်ရေးစခန်းကို တည်ဆောက်လျက်ရှိရာ ယခုအခါ ပြီးစီးလုနီးပါးဖြစ်နေသည်ကို တွေ့ရပြီး (၉×၁၉)ပေ အကျယ်အခန်းနှင့် လေးပေပတ်လည် သန့်စင်ခန်းပါသော လေးခန်းတွဲ ၁၈ ဆောင် စုစုပေါင်း ၇၂ ခန်း တည်ဆောက်ထားကြောင်းသိရသည်။

"အားလုံး အင်တိုက်အားတိုက် လုပ်နေကြပါတယ်၊ ပုံစံတစ်ခုကိုတော့ ကုမ္ပဏီက တည်ဆောက်ပြီး ကျန်တဲ့



၇၂ လုံးကို ပုံစံတူဆောက်ထားတာ ၉၀ ရာခိုင်နှုန်းကျော် ပြီးနေပါပြီ"ဟု လုပ်ငန်းခွင်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ SAE ကိုကျော်စွာဝင်းက ပြောသည်။

တစ်ခန်းလျှင် (၉×၁၉)ပေ အကျယ်ရှိ သွပ်မိုး၊ ကျောက်ပြားကာ၊ ၁၀ ထပ်သားခင်း အဆောက်အအုံများမှာ ပြီးစီးလုနီးပါးဖြစ်၍ အချောသပ်ဆောင်ရွက်လျက်ရှိပြီး အခန်းများအတွက် ရေတံုကင်၊ သန့်စင်ခန်းများ ပါဝင်ကာ အသင့်နေထိုင်နိုင်ရန် စီမံဆောင်ရွက်ထားကြောင်းသိရသည်။

**သန်းထိုက်(လှိုင်သာယာ)**
**ဓာတ်ပုံ -သန်းစိုး**

## တွင်းနက်စက်ရေတွင်း စမ်းသပ်တူးဖော်မှု အောင်မြင်



**မိုးနဲ မတ် ၁၄**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ်ရှိ တောင်ပေါ်ဒေသတစ်ခုဖြစ်သည့် ကုန်းလွန်းကျေးရွာအုပ်စု ကုန်းလုံကျေးရွာတွင် နှစ်စဉ် ဆောင်းရာသီနှင့် နွေရာသီကာလများ၌ ရေရှားပါးမှုနှင့် ကြုံတွေ့နေရသဖြင့် ယခုနှစ်တွင် ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တွင်းနက်စက်ရေတွင်းကို စမ်းသပ်တူးဖော်ပေးခဲ့ရာ သုံးနေရာ မြောက်ပြောင်းရွှေ့တူးဖော်မှုတွင် မြေအောက်ရေ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

စက်ရေတွင်းတူးဖော်ခြင်းနှင့်အတူ ကျေးရွာနေပြည်သူများ သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ဂါလန် ၃၀၀၀ ဆံ့ ရေလှောင်ကန်တစ်လုံးကိုလည်း ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် တည်ဆောက်ပေးနေပြီဖြစ်ကြောင်း၊ အဆိုပါ ရေလှောင်ကန် တည်ဆောက်မှု ပြီးစီးသွားပါက ကျေးရွာရှိ အိမ်ခြေ ၁၁၈ အိမ်မှ ပြည်သူ ၇၀၀ ကျော်အတွက် သောက်သုံးရေ လုံလောက်စွာ ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

## ရာသီဥတုပြောင်းလဲမှုနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းစနစ်များ ပညာပေးဟောပြော

**တာချီလိတ် မတ် ၁၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ တာလေမြို့ နားယောင်းကျေးရွာ အုပ်စု တောင်သုံးလုံးကျေးရွာမှ တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်များ စဉ်ဆက်မပြတ် သိရှိလိုက်နာဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာစေရန် အသိပညာပေးဟောပြောပွဲကို မတ် ၁၁ ရက်က ပြုလုပ်ခဲ့သည်။




ဟောပြောပွဲတွင် ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းက ရာသီဥတုပြောင်းလဲခြင်းနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းစနစ်အပေါ် စိန်ခေါ်မှုများ၊ လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးရေးနည်းလမ်းများ၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးတတ်စေရေး စသည်တို့ကို ဟောပြောပြီး တာလေမြို့ စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးလွှမ်းမိုးသူက အီးအမ်ဘိုကာရှီအသုံးပြု၍ သဘာဝမြေဆွေးပုံ ပြုလုပ်နည်းအဆင့်ဆင့်နှင့် သဘာဝမြေဆွေး အသုံးပြုပုံများကို ရှင်းလင်းဟောပြောသည်။

ထို့နောက် တောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကာ ဟောပြောပွဲသို့ တက်ရောက်လာသည့် ဒေသခံတောင်သူ ၄၀ ခန့်အား စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# BOT ရွှေဘိုလမ်းမကြီးတွင် သဘာဝအရိပ်ရသစ်ပင်များစွာ ခုတ်လှဲခံနေရ၍ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးနိုင်

**ရွှေဘို မတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးရွှေဘို မန္တလေးသွားရွှေဘိုလှတောသွား BOT လမ်းမကြီးပေါ်တွင် အရိပ်ရသစ်ပင်တန်းများ ချိန်းဆောများဖြင့် ဖြတ်ယူလှဲနေမှုကြောင့် အရိပ်ရသစ်ပင်များ ပြုန်းတီးနေသည်ကို တွေ့ရသည်။

ဖေဖော်ဝါရီလတွင် လမ်းများတိုးချဲ့ရေး စီမံကိန်းလုပ်ငန်းအတွက် သစ်ပင်များခုတ်လှဲနေခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုဖြစ်ရကြောင်း၊ လမ်းမလွတ်သည့် သစ်ပင်များခုတ်လှဲရာတွင် တာဝန်ရှိသူများက ကြပ်မတ်ပေးသင့်ကြောင်း ခရီးသွားပြည်သူများက ပြောကြားလျက်ရှိကြောင်း သိရသည်။

ရွှေဘိုနှင့်လှတောရွာကြားလမ်းပိုင်းပေါ်ရှိ လှဲထားသောသစ်ပင်များကို သစ်တင်ယာဉ်ဖြင့်သယ်ယူနေမှုကြောင့် ခရီးသွားယာဉ်များ စောင့်ဆိုင်းကြရသဖြင့် အချိန်ကြန့်ကြာမှုများ ရှိသည်။

ရွှေဘို-မန္တလေးကြားရှိ လမ်းပိုင်းကောင်းမွန်ရေး ဆောင်ရွက်သည်မှာ မှန်သော်လည်း ယခုကဲ့သို့ အရိပ်ရသစ်ပင်များကို ခုတ်လှဲနေသည်မှာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို ဖြစ်စေသဖြင့် အရိပ်ရသစ်ပင်းများပျက်စီးမှု နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်နိုင်စေလိုကြောင်း ယာဉ်မောင်းတစ်ဦးက ပြောသည်။

ငွေအိုး(ကသာ)



## သုံးခွမြို့နယ်၌ မှူခင်းကျဆင်းရေးဟောပြော

**သုံးခွ မတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် စပါယ်ချောင်ကျေးရွာထိပ်တွင် မတ်လ ၁၂ ရက် ညနေက မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ဆိုင်ကယ်မောင်းနှင်သူ ၆၈ ဦးအား အမှတ် (၆၁) ယာဉ်ထိန်း ခေတ္တတပ်ဖွဲ့စုမှူး ရဲအုပ် စန်းလွင်က ယာဉ်အန္တရာယ် ကင်းဝေးစေရေး ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆမှုများ လျော့နည်း ပပျောက်စေရေးအတွက် လိုက်နာရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့် အချက်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိသင့်သိထိုက်သည်များကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ကိုကျော် (သုံးခွ)

# အင်းတော်ကြီးရွှေမဉ္ဇူဘုရား၌ စက်လှေစီးသူနည်းပါးလာဟုဆို

**မိုးညှင်း မတ် ၁၄**

ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၅ နာရီက မိုးညှင်းမြို့နယ် အင်းတော်ကြီးအိုင် ရွှေမဉ္ဇူ ဘုရားဖူးပြန်သွားသည့် ကျောင်းသား ကျောင်းသူများတင်ဆောင်လာသော စက်လှေတိမ်းမှောက်သွားခဲ့ပြီး ကျောင်းသား ကျောင်းသူ ကိုးဦးသေဆုံးပြီးနောက် အင်းတော်ကြီးအိုင်အတွင်း စက်လှေငှားရမ်းစီးသူ နည်းပါးသွားခဲ့ကြောင်း သိရသည်။

"အင်းတော်ကြီးအိုင်အတွင်းမှာ ရွှေမဉ္ဇူ ရေလယ်ဘုရား၊ ငွေမဉ္ဇူဘုရား၊ မုဆိုးမခြေရာ၊ နီးဘုရားစတဲ့နေရာတွေကို စက်လှေတွေနဲ့ သွားရောက်ကြတဲ့ခရီးသွားဧည့်သည်တွေ ရှိပါတယ်၊ စက်လှေမှောက်လို့ ကျောင်းသား ကျောင်းသူတွေသေဆုံးပြီးတဲ့နောက်ပိုင်း စက်လှေစီးတဲ့သူအတော်နည်းသွားတယ်၊ တချို့ စက်လှေတွေဆို ဈေးဦးမပေါက်တာတွေ တောင်ရှိနေပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။



ဘုရားဖူးများ စက်လှေစီးပါက ရွှေမဉ္ဇူဘုရားသို့အသွားကို ငွေကျပ် ၅၀၀၊ အပြန်ငွေကျပ် ၅၀၀၊ ငွေမဉ္ဇူဘုရား၊ မုဆိုးမခြေရာနှင့် နီးဘုရားတို့သို့ လူတစ်ဦးလျှင် ငွေကျပ် ၃၀၀၀ ကျပ်နှုန်းနှင့် စင်းလုံးငှား ငွေကျပ် ၃၅၀၀၀ ကျပ်နှုန်းတို့ဖြင့် ငှားရမ်းပေးလျက်ရှိနေကြောင်း သိရသည်။

သက်နိုင်(ပြင်ဦးလွင်)

## ရေယှားကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ရေစကြို မတ် ၁၄**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရေယှားကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို မတ်လပထမပတ်က ရေစကြိုမြို့နယ် ရေယှားကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်သောင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးမင်းဟန်က ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀ ကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ကျေးရွာအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် (၃၁၆၀'×၁၈'×၄.၅")ကိုလည်းကောင်း၊ ကျေးရွာရန်ပုံငွေကျပ် ၂၅ သိန်းဖြင့် (၇၉၀'×၁၈'×၄.၅")ကို လည်းကောင်း၊ လွှတ်တော်ရန်ပုံ ငွေကျပ်သိန်း ၅၀ ဖြင့် (၁၅၅၀'×၁၈'×၄.၅")ကို လည်းကောင်း စုစုပေါင်းရွာတွင်းလမ်းအရှည် (၅၅၀'×၁၈'×၄.၅")ကို မြေနီ ကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

## ကမမောင်းမြို့၌ ၂၄ နာရီလျှပ်စစ်မီးရရှိတော့မည်

**ကမမောင်း မတ် ၁၄**

ကရင်ပြည်နယ် ကမမောင်းမြို့သည် ၂၄ နာရီ လျှပ်စစ်မီးရရှိတော့မည်ဖြစ်ကြောင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (ဘားအံ) အင်ဂျင်နီယာမှူးကြီး ဦးသန်းစိုးမြင့်က ပြောသည်။

"အခု ကမမောင်းမြို့လျှပ်စစ်မီး ၂၄ နာရီရရှိဖို့အတွက် တင်ဒါအောင်မြင်တဲ့ ထူးမြတ်မြန်မာကုမ္ပဏီကနေ တာဝန်ယူပြီးတော့ လုပ်ငန်းဆောင်ရွက်တဲ့နေရာမှာ တိုင်ထောင်တာတွေ၊ လျှပ်စစ်ဓာတ်အားကြိုးဆွဲတာတွေ၊ ဓာတ်အားရုံခွဲတည်ဆောက်မှုနဲ့ ထရန်စဖော်မာတပ်ဆင်တဲ့လုပ်ငန်းတွေကို စတင်ဆောင်ရွက်နေပါတယ်၊ အခုဆို လုပ်ငန်းအားလုံးရဲ့ ၈၅ ရာခိုင်နှုန်းပြီးစီးနေပြီးဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

ကမမောင်းမြို့လျှပ်စစ်မီးရရှိရေးအတွက် ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး လျှပ်စစ်မီးရရှိရေးအတွက် လှိုင်းဘွဲ့ - ကမ်းနီမှ၁၆ မိုင် ဝေးကွာသောနေရာ ကမမောင်းအထိ မှ ၃၃/၁၁ ကေဗွီ၅ အမ်ဗွီအေ ဓာတ်အားလိုင်းကို သွယ်တန်းလျက်ရှိကြောင်း သိရသည်။

လက်ရှိအနေဖြင့် ကမမောင်းမြို့လျှပ်စစ်မီးရရှိရေးအတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း(ကမမောင်း)မှ ဒီဇယ်အင်ဂျင်စက်ဖြင့် မြို့ပေါ်ရပ်ကွက် သုံးခုကို လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ပေးထားကြောင်း အင်ဂျင်နီယာမှူးကြီး ဦးသန့်ဇင်ထွန်းထံမှ သိရသည်။ နေ့စဉ် ညနေ ၆ နာရီမှ ည ၉ နာရီအထိသာ မီးပေးထားကာ ယခု ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းပြီးပါက ၂၄ နာရီ လျှပ်စစ်မီးပေးနိုင်တော့မည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

ယင်းမြို့သည် ရပ်ကွက်လေးခုရှိပြီး ရပ်ကွက်သုံးခုကိုသာ မီးပေးထားနိုင်ကြောင်း လုပ်ငန်းများပြီးစီးသွားပါက မြို့ပေါ်ရပ်ကွက်အားလုံးမီးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ဘဏ္ဍာငွေပေါ်မူတည်ပြီး မြို့နယ်အတွင်းရှိကျေးရွာများမီးရရှိရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြို့ပေါ်လျှပ်စစ်မီးရရှိရေးကို မေလအတွင်း ပေးနိုင်ရန် စီမံထားရှိကြောင်း၊ ယင်းအပြင် ဇာပွန်မြို့ လျှပ်စစ်မီးရရှိရေးအတွက်လည်း ငါးနှစ်စီမံကိန်းဖြင့် လျာထားလျက်ရှိကြောင်း သိရသည်။

မင်းရာဇာ

# ပြွန်တန်ဆာမြို့ သီတဂူစက္ခုဒါနဆေးရုံတော်၌ နိုင်ငံခြားဆရာဝန်ကြီးများက အခမဲ့ဆေးကုသပေးမည်

**ပြွန်တန်ဆာ မတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ရှိ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ တည်ထောင်ထားသည့် သီတဂူစက္ခုဒါနဆေးရုံ၌ သီတဂူဆရာတော်ကြီး၏ ဩဝါဒကိုခံယူကာ ဇမ္ဗူအေးတောရ (အင်းဝိုင်း) ဆရာတော်၏ ဦးဆောင်မှုဖြင့် စင်ကာပူ၊ မလေးရှား၊ ဩစတြေးလျနှင့် ပြင်သစ်နိုင်ငံတို့မှ ဆရာဝန်ကြီးများပါဝင်သော HUMANITARIAN WITH LOVE အဖွဲ့မှ အခမဲ့ဆေးကုသပေးမည်ဖြစ်ရာ မတ် ၅ ရက်က အဆိုပါဆေးရုံ၌ လူနာစာရင်းစတင်ကောက်ယူလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**



အခမဲ့ကုသပေးမည့် ရောဂါများမှာ မျက်စိ (အနီး၊ အဝေး) ပါဝါတိုင်းခြင်း၊ နေကာမျက်မှန်များ ပြုလုပ်ပေးခြင်း၊ အရေပြားနှင့် အထွေထွေရောဂါများ ကုသပေးခြင်း၊ သွားနုတ်ခြင်း၊ သွားဖာခြင်း၊ သွားချေးခြစ်ခြင်း၊ တရုတ်ရိုးရာ အပ်စိုက်၊ စုပ်ခွက်ကပ်၊ အဆိပ်ထုတ်ကုသခြင်းများ ပါဝင်ကာ မတ် ၃၀ ရက်မှ ဧပြီ ၁ ရက်အထိ သုံးရက်တိုင်တိုင်ကုသပေးမည်ဖြစ်သည်။ ကုသပေးရာတွင် သွားရောဂါလူနာ ၁၀၀၀၊ မျက်စိရောဂါလူနာ ၁၂၀၀၊ အရိုးအကြော (တရုတ်တိုင်းရင်းဆေးဖြင့်) လူနာ ၁၀၀၀ နှင့် အထွေထွေရောဂါလူနာ ၂၅၀၀ ကန့်သတ်ထားသည့်အတွက် မတ် ၅ ရက်မှ ၂၀ ရက်နေ့အထိ ရုံးချိန်အတွင်း ကြိုတင်စာရင်းပေးနိုင်ကြောင်း၊ လာရောက်ကုသသော လူနာများအတွက် မြတ်မေတ္တာမွန်ကုမ္ပဏီမှ နံနက်စာ၊ နေ့လယ်စာများဖြင့် လှူဒါန်းမည်ဖြစ်ကြောင်း သီတဂူစက္ခုဒါနဆေးရုံစီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

ကိုလွင်(ဆွာ)

## လူစုလူဝေးစနစ်တကျ ကိုင်တွယ် ထိန်းသိမ်းခြင်း (ဆင့်ပွား) သင်တန်းဖွင့်

**မော်လမြိုင် မတ် ၁၄**

မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်ရဲတပ်ဖွဲ့မှူးမှ ကြီးမှူးဖွင့်လှစ်သော လူစုလူဝေးစနစ်တကျကိုင်တွယ် ထိန်းသိမ်းခြင်း(ဆင့်ပွား) သင်တန်းအမှတ်စဉ် (၂/၂၀၁၈)ဖွင့်ပွဲများကို မတ် ၁၂ ရက်က မွန်ပြည်နယ် ပြည်နယ်အရန်တပ်ခွဲ(အတ္ထရံ)သင်တန်းခန်းမနှင့် ခရိုင် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးအတွင်းရှိ (ရဲဇာနည်ခန်းမ) တို့တွင် ကျင်းပသည်။

အဆိုပါ သင်တန်းတွင် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးကိုယ်စား ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသောင်းဝင်းက အမှာစကားပြောကြားသည်။ မော်လမြိုင်ခရိုင်နှင့် ခရိုင်အတွင်းရှိ အရာရှိအဆင့်နှင့်အခြားအဆင့် တပ်ဖွဲ့ဝင် ၆၀ တက်ရောက်ပြီး သင်တန်းကာလနှစ်ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်သန်း(မော်လမြိုင်)

# တို့ရေ၊ တို့အနာဂတ်

မောင်ကျေးရေ



ရေသည် သဘာဝကပေးထားသော လက်ဆောင်မဟုတ်၊ သဘာဝ၏ပစ္စည်း (Property) ဖြစ်၏။

**သောက်ရေသုံးရေများ**

ရေသည်သတ္တလောက၊ လူနှင့်တိရစ္ဆာန်များအားလုံးနှင့် သန့်ရှင်းသောပတ်ဝန်းကျင်အတွက် အရေးအကြီးဆုံးသော မရှိမဖြစ် အခြေခံ လိုအပ်ချက်ဖြစ်ပါသည်။ ရေသည် အေးမြ၏၊ သန့်စင်၏။ အသက်ဆက်ပေးနိုင်သည်။ လူ့ခန္ဓာကိုယ်သည် ရေဓာတ်အများဆုံးနှင့် ဖွဲ့စည်းထား၏။ ၇၀ ရာခိုင်နှုန်းသည်ရေသာဖြစ်သည်။ မြန်မာနိုင်ငံ တစ်နံတစ်လျားရှိ မြစ်၊ ချောင်း၊ အင်းအိုင်၊ ကန်မြောင်းစသည့် မြေပေါ်ရေနှင့်မြေအောက်ရေတို့သည် နိုင်ငံသူနိုင်ငံသားများအတွက် စက်ရုံအလုပ်ရုံ၊ စိုက်ပျိုးရေး၊ သောက်ရေသုံးရေများဖြစ်သည်။

ဤရေသည် ငါတို့ရေဖြစ်သည်။ ရေတန်ဖိုးသိနားလည်အောင် ရေရှားပါးသောနိုင်ငံများ၊ စင်ကာပူနိုင်ငံ၊ အစ္စရေးနိုင်ငံစသည်တို့ကို နမူနာယူရမည်။ ရေစီမံခန့်ခွဲပုံ၊ အသုံးပြုပုံကို အတုယူရမည်။ ရေကိုတန်ဖိုးထားတတ်အောင် ပြုလုပ်ရမည်။ မြို့နေလူတန်းစားများသည် ရေမလာသည့်အခါ ရေကိုတမ်းတသည်။ သို့သော် ရေမရတော့မှာကို မစိုးရိမ်ကြပေ။ အဘယ်ကြောင့်ဆိုသော် ရေတွင်း၊ ရေကန်၊ ချောင်းမြောင်း၊ မြို့ရေပေးဝေသည့် ရေပိုက်လိုင်းများရှိနေတာပဲဟု ယူဆထားကြသောကြောင့် ဖြစ်သည်။ ဤသည်မှာ ရေ၏အဓိပ္ပာယ်သိနားလည်မှုနည်း၍ဖြစ်၏။ ရေနှင့်ပတ်သက်သည့် အနာဂတ်ကိုသိသူပို၍ နည်းနေသေး၏။ သိစေလို၍ ပညာရှင်များ၊ အစိုးရအဖွဲ့အုပ်ချုပ်သူများ ဦးဆောင်မှုဖြင့် ပြည်သူအများ သိနားလည်၊ တန်ဖိုးထားလာအောင်၊ ပူးပေါင်းဆောင်ရွက်လာအောင်လုပ်ဆောင်ရပေမည်။

**သန့်စင်သောသောက်သုံးရေ**

မြန်မာတစ်နိုင်ငံလုံးရှိ လူဦးရေသည် ၂၀၁၄ ခုနှစ်သန်းခေါင်စာရင်းအရ ၅၂ ဒသမ ၈၀ သန်းရှိသည်။ မြို့ပြနေလူဦးရေသည် ၁၇ ဒသမ ၅၃ သန်း၊ ကျေးလက်ဒေသနေလူဦးရေသည် ၃၅ ဒသမ ၂၆ သန်းရှိသည်။ ယနေ့မြန်မာပြည်သူများသည် ရေကို မည်သည့်ကဏ္ဍတွင် မဆို ပေါပေါများများဖောဖောသီသီ သုံးစွဲနေကြသည်။ တစ်နိုင်ငံလုံးလူဦးရေ၏ ၈၆ ရာခိုင်နှုန်းသည် သန့်စင်သောသောက်သုံးရေကို ရနေကြသည်။ သို့သော် ရေကိုစနစ်တကျအသုံးပြုမှုနည်းနေသေးသည်။ ရေမကြွယ် ထင်းမကြွယ်တဲ့အညာဒေသရှိရေးလူကြီးစကားမှန်၏။ ရေကိုလိုအပ်သည့် အချိန်မှာ လိုသလောက်ရအောင်ရှိနေစေရမည်။ ရေကိုချွေတာစုဆောင်းသည့်အလေ့အကျင့်ရှိရမည်။ ဆင်းရဲချမ်းသာမရွေး၊ သောက်သုံးရေမရှိဘဲနေလို့ မရပါ။

မြန်မာနိုင်ငံ မြို့ပြနေ လူများ၏တစ်နေ့ပျမ်းမျှသောက်သုံးရေသုံးစွဲမှုသည် ၂၅ ဂါလန် (၉၅ လီတာ) ဖြစ်သည်ဟု ထားပါမည်။ ကျေးလက်ဒေသနေသူများ၏ သုံးစွဲနှုန်းသည် ထိုတစ်ဝက်ခန့် ၁၅ ဂါလန် (၅၇ လီတာ) ရှိမည်။ လက်ရှိမြို့ပြနေသူများ၏ ရေသုံးစွဲမှုကို ခန့်မှန်းတွက်ချက်ကြည့်ပါက တစ်နေ့ ရေဂါလန် ၄၃၈ သန်းဖြစ်နေသည်။ ထိုသုံးစွဲနေသည့်ပမာဏထဲက လူတစ်ယောက်ရေချိုးသည့်အခါ ၁၀ လီတာလျှော့ချိုးခြင်း၊ နံနက်မျက်နှာသစ်သွားတိုက်ပြုလုပ်သည့်အခါ ဘုံပိုင်ရေကို တိုက်ရိုက်ဖွင့်မချဘဲရေခွက်ကို အသုံးပြုခြင်း၊ (ရေ ၅ လီတာချွေတာနိုင်ခြင်း)၊ မီးဖိုချောင်တွင် သုံးစွဲသည့်ရေကိုဘုံပိုင်ကတိုက်ရိုက်ဖွင့် မသုံးစွဲဘဲ ခွက်၊ ဖလား၊ ဇလုံများအသုံးပြုခြင်းဖြင့် ရေ ၁၂ လီတာချွေတာနိုင်ခြင်း၊ စုစုပေါင်းတစ်နေ့ရေ ၇ ဒသမ ၁၀ ဂါလန် (၂၇ လီတာ) ချွေတာနိုင်မည်။ လူငါးယောက်ရှိသည့်အိမ်တွင် တစ်နေ့ရေ ၁၃၅ လီတာ၊ (၃၅ ဒသမ ၅) ဂါလန်ချွေတာနိုင်လာမည်။ အလေ့အကျင့်သည်ပြုလုပ်ယူ၍ရ၏။ တစ်ဦးချင်း၊ တစ်ယောက်ချင်းမှသည် တစ်ရပ်ကွက်လုံး၊ တစ်မြို့နယ်လုံး၊ တစ်တိုင်းလုံး၊ တစ်ပြည်လုံးအထိ လေ့ကျင့်ယူခြင်းဖြစ်နိုင်ပါသည်။

**ရေချွေတာရေးအစီအမံ**


အထက်ဖော်ပြပါ ရေချွေတာရေးအစီအမံကို အသုံးချမည်ဆိုပါက တစ်နိုင်ငံလုံးအတိုင်းအတာ (မြို့နေလူဦးရေ ၁၇ ဒသမ ၅၃ သန်း) ကို အခြေခံတွက်ကြည့်လျှင် တစ်နေ့ ရေဂါလန် ၁၂၄ ဒသမ ၄၆ သန်းချွေတာနိုင်မည်ဖြစ်သည်။ ထိုအတိုင်းသုံးရက် ချွေတာပါက ထိုသုံးရက်အတွင်း စုဆောင်းရသည့် ရေပမာဏသည် နောက်နေ့အတွက် လုံလောက်စေမည်။ ထိုရေဂါလန် ၁၂၄ ဒသမ ၄၆ သန်းသည် မြို့နေပြည်သူများနေ့စဉ်သုံးစွဲနေသည့်အထဲက စုဆောင်းရမည့် ရေပမာဏဖြစ်သည်။တစ်လလျှင် ရေဂါလန် ၃၇၃၃ ဒသမ ၈ သန်းစုဆောင်းနိုင်မည်။ရေကို တစ်ဦးတစ်ယောက်ချင်း ချွေတာသကဲ့သို့ စက်ရုံ၊ အလုပ်ရုံများကလည်း မိမိစက်ရုံ နေ့စဉ်သုံးစွဲနေသည့် ရေပမာဏ၏ ၅ ရာခိုင်နှုန်း ချွေတာသင့်သည်။ (ဥပမာ- ရန်ကုန်မြို့တော် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ မြန်မာဘီယာချက်စက်ရုံ) ကို နမူနာထားတွက်ချက် ကြည့်ပါစို့။ စာရေးသူသည် မြန်မာဘီယာချက်စက်ရုံအတွက် မြေအောက်ရေရရှိရေး၊ ပေးဝေရေး လုပ်ငန်းများကို လုပ်ဆောင်ခဲ့ဖူးသည်။ မြန်မာဘီယာစက်ရုံသည် တစ်နေ့ရေဂါလန် ၄၀၀၀၀ အနည်း ဆုံးသုံးစွဲနေ၏။ ထိုအထဲက ၇ ရာခိုင်နှုန်းဖြစ်သည့် ရေဂါလန် ၂၈၀၀ ကိုချွေတာကြည့်ပါက တစ်လလျှင် ရေဂါလန် ၈၄၀၀၀ ချွေတာနိုင်မည်။

ထိုစက်ရုံမျိုး ရန်ကုန်တိုင်းဒေသကြီးအတွင်း အနည်းဆုံး ၁၀၀ ဖြင့် တွက်ကြည့်ပါက တစ်လ ရေဂါလန် ၈ ဒသမ ၄ သန်း စုနိုင်မည်။ မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး အသီးသီး ရှိ စက်ရုံ၊ အလုပ်ရုံများ(စက်ရုံ၊ အလုပ်ရုံပေါင်း ၅၀၀၀) ကို အခြေခံထားတွက်ကြည့်ပါက ရေဂါလန်သန်းပေါင်း ၄၂၀၀၀ သန်းစုနိုင်မည်။ တပ်မတော်အစိုးရလက်ထက်က ရေခွန်သည်လည်း ပုံသေသတ်မှတ်ထားပြီး လစဉ်တောင်းခံနေသည့်နှုန်းက စက်ရုံ၊ အလုပ်ရုံအတွက် မပြောပလောက်သောငွေသာဖြစ်သည်။ တစ်လ ကျပ် ၅၀၀၀ မှ ၁၀၀၀၀ ခန့်သာဖြစ်သည်။ သို့သော်တစ်လ ရေဂါလန်သိန်းဂဏန်းသုံးနေသည်။ ရေခွန်ကိုလည်း ပြန်လည်စစ်ဆေးသင့်သည်။ ဥပဒေရှိကစနစ်တကျလုပ်၍ရမည်။

**ရေတွင်းတူးဖော်ခြင်း**

ထို့အပြင် စက်ရုံ၊ အလုပ်ရုံများ၏ရေသုံးစွဲမှုပမာဏကိုလည်း သုံးစွဲမှုပမာဏအနည်းအများအပေါ် သတ်မှတ်ပြီး ထိုသတ်မှတ်ထားသည့် ပမာဏအလိုက်တန်ဖိုးအသီးသီးသတ်မှတ်၍ ထိန်းချုပ်သင့်သည်။ အာဏာပိုင်အဖွဲ့အစည်းများနှင့် ပညာရှင်များပူးပေါင်းဆောင်ရွက်က ရနိုင်သည်။ ရေနှင့်ပတ်သက်သည့် ပညာရပ်ဆိုင်ရာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေလည်း လိုအပ်သည်။ စိုက်ပျိုးရေးကဏ္ဍတွင်လည်း ရေသုံးစွဲမှုကို ထိုသို့ဆောင်ရွက်ရမည်။ အထူးသဖြင့်စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်၊ အရာတော်မြို့နယ်တို့တွင်ရေလျှံတွင်းများ (အထူးသဖြင့်တောင်သူပိုင်ရေလျှံတွင်းများက ရေများ) အထိန်းအသိမ်းမရှိ၊ စိုက်ပျိုးရေးအတွက် မလိုသည့် အချိန်များတွင်လည်း ရေများလျှံကျ၍ အဟောသိကံဖြစ်နေခြင်းများကို ထိန်းချုပ်ရမည်။ ထိုဒေသ၏ မြေအောက်ရေဆိုင်ရာ မှတ်တမ်းစာရင်း ဇယား(လွန်ခဲ့သောငါးနှစ်ကျော်က) အရရေလျှံတွင်းပေါင်း ၁၂၀၀ ရှိနေသည်။ လက်ရှိအခြေအနေတွင် ထိုဒေသရှိ မြေအောက်ရေဌာနအဖွဲ့အစည်းများက တောင်သူများကို စည်းရုံးကာ ရေလျှံတွင်း ၃၅ တွင်းက ရေလျှံခြင်းကိုထိန်းသိမ်းကြရာ တစ်နေ့ရေဂါလန် ၆ ဒသမ ၅ သန်း ချွေတာနိုင်သည်။ တွင်းပေါင်း ၁၂၀၀ ကျော်က ပိုလျှံကျလာသောရေကို ထိန်းသိမ်းနိုင်ပါက ရေဂါလန် ၂၄ သန်း ကျော်ထိန်းသိမ်းနိုင်မည်။ တောင်သူများ ရေတွင်းတူးဖော်ခြင်းသည် မိမိသဘောအတိုင်းဖြစ်နေသည်။ ဤသို့မဖြစ်အောင် အာဏာပိုင်အဖွဲ့အစည်းက ပညာရပ်ဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေတို့နှင့် ထိန်းချုပ်ရမည်။

နိုင်ငံတကာရေအဖွဲ့အစည်းများနှင့် ပြည်တွင်းရေသုံးစွဲသည့် ဌာနများ၏ သတင်းအချက်အလက်များအရ မြန်မာနိုင်ငံ၏ ယနေ့ရေသုံးစွဲမှုသည်အောက်ပါ ပုံပြဂရပ်အတိုင်းရှိနေနိုင်မည်။




ယခုကာလမှ နောက်နှစ်ပေါင်းများစွာအထိ သန့်စင်သောရေသောက်သုံးနိုင်ရန်အတွက် ယနေ့အချိန်သည် အရေးကြီးဆုံးအချိန်ဖြစ်သည်။ ယခုကစ၍ စီမံကိန်းချဆောင်ရွက်သင့်နေပြီ။ ဒီနေ့၊ ဒီလ၊ ဒီနှစ်ရေရှိရုံနှင့် မပြီးတော့။ အနာဂတ်အတွက် ရေရှိနေဖို့လည်း အရေးကြီးလာပြီ။ တစ်လောက နိုင်ငံတကာသတင်းစာမျက်နှာတစ်ခုတွင် ကမ္ဘာ့မြို့ကြီး ၁၁ မြို့သည်ရေရှားပါးပြတ်လပ်သည့် ပြဿနာနှင့် ကြုံတွေ့နေရကြောင်း ရေးသားထားသည်ကို ဖတ်လိုက်ရသည်။

မြန်မာနိုင်ငံသည်လူဦးရေနှင့် သောက်သုံးရေအချိုးကို တွက်ကြည့်ပါက သောက်သုံးရေသည် အဆပေါင်းများစွာ ပိုနေ၏။ သို့သော်အိမ်နီးနားချင်း နိုင်ငံများက မိမိတို့နိုင်ငံပိုင်ရေကို မည့်မျှရယူသုံးစွဲနေသည်ကို သိထားရမည့်ကာလ၊ ပြန်လည်တွက်ချက် ရမည့်ကာလဖြစ်နေပြီ။

**ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်**

လက်ရှိသောက်သုံး၍ ရနိုင်သောရေကိုရေအရည်အသွေးမပျက် သန့်ရှင်းကောင်းမွန်သောရေပမာဏလျော့နည်းသွားပါက လူနှင့်တိရစ္ဆာန်များအားလုံးနှင့် သန့်ရှင်းသော ပတ်ဝန်းကျင်သည်တစ်စတစ်စပျက်ပြားလာပေမည်။ ရေကိုစနစ်တကျချွေချွေတာတာသုံးစွဲခြင်း၊ရေနှင့်ပတ်ဝန်းကျင်မညစ်နွမ်းအောင် ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်သည်လူ့တာဝန်ဖြစ်၏။ သို့မှသာ လူနှင့်ပတ်ဝန်းကျင်ကိုများစွာတိုးတက်ပြောင်းလာစေမည်။ ၂၀၃၀ နှောင်းပိုင်းတွင်လူနှင့် ရေဆက်နွှယ်မှုများပိုမိုခက်ခဲလာမည်။ မိမိလုပ်ငန်း အဆင်ပြေရန်လိုသော ရေရဖို့တစ်ယောက်နှင့် တစ်ယောက်အချေအတင်များ၊ ပြောဆိုလုပ်ကိုင်မှုများဖြစ်လာမည်။ ရေနှင့်ပတ်ဝန်းကျင်ညစ်ညမ်းမှုများပိုမိုများပြားလာမည်။ ၂၁ ရာစုအတွင်းနှင့် နှောင်းပိုင်းကာလများတွင် ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုနှင့်အတူ ကမ္ဘာကြီး ပိုမိုပူနွေးလာမှုကြောင့်လည်း ရေအရင်းအမြစ်များကို များစွာထိခိုက်ပျက်စီးစေမည်ဖြစ်သည်။ ထိုအခါနေရာအနှံ့အပြားတွင် ရေကိုတန်ဖိုးထားပြီး ငွေကြေးနှင့်တန်ဖိုးဖြတ်ရယူအသုံးပြုသည့် အခြေအနေဖြစ်လာမည်။ မြန်မာနိုင်ငံတွင် သောက်သုံးရေအလွန်ရှားပါး သောနေရာ ဒေသများတွင် ရေကိုဝယ်ယူအသုံးပြုခဲ့ကြရသည်။ ယနေ့လည်း အသုံးပြုနေဆဲဖြစ်သည်။ နောင်တစ်ချိန်၌ ထိုဒေသများသည် ပိုမိုဆိုးရွားသည့်အခြေအနေကို ရင်ဆိုင်ရဖွယ်ရှိသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရသည့်အချိန်ကာလကစ၍ ယနေ့အထိရေကို အလျှံပယ်သုံးစွဲနေကြသည်။ နှစ် ၇၀ ကျော်လွန်ခဲ့ပြီ။ လူဦးရေလည်း နှစ်ဆမက တိုးလာခဲ့သည်။ အလေအလွင့်လည်းများပြားနေသည်။ ယခုအချိန်သည်ရေကို စည်းစနစ်တကျအုပ်ချုပ်ရေးဥပဒေ၊ ပညာရပ်ဆိုင်ရာဥပဒေများ၏ ထိန်းကွပ်မှုဖြင့် သုံးစွဲရမည့်ကာလဖြစ်နေပြီ။ နှစ်ရှည်စီမံကိန်း အစီအစဉ်များကို နှစ် (၃၀) နှစ် (၅၀) စသည်ဖြင့် လုပ်ဆောင်သင့်သည်။ နှစ်တို၊ နှစ်ရှည် ရေလိုအပ်ချက်၊ လူဦးရေ တိုးပွားနှုန်းနှင့် စီးပွားရေး စီမံကိန်းများကို အခြေခံ၍ စီမံရမည်။ မိုးရေလှောင်သုံးစွဲသည့်အလေ့အထကို လေ့ကျင့်ရမည်။ မိုးရေကိုလှောင်နည်း၊ သုံးစွဲနည်းများကို ဦးဆောင်လမ်းပြရမည်။ ပြည်သူများမိုးရေလှောင်သုံးစွဲခြင်းကို ရေအလွန်ခက်ခဲသော နေရာ၊ ဒေသများတွင်သာ လူတစ်စုသုံးစွဲကြ ခြင်းသာ ရှိသေးသည်။ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာအောင် စည်းရုံးရမည်၊ လုပ်ဆောင်စေမည်။ မိုးရေကိုနိမ့်ရာသို့ ရေဆိုးမြောင်းများ၊ မြစ်ချောင်းများသို့ အထိန်းအချုပ်မရှိ မစီးဆင်းစေခြင်းမှသည် စနစ်တကျသုံးစွဲသည့် အလေ့အကျင့်ရှိစေရမည်။ အလေအလွင့်မရှိ သိုလှောင်သုံးစွဲသည့်စနစ် ဖြစ်လာအောင် ဆောင်ရွက်ရမည်။

**နှစ်စဉ်ပြန်လည်ဖြည့်တင်းပေးနိုင်မှု**

မြန်မာနိုင်ငံတွင်နှစ်စဉ်သုံးစွဲနိုင်သော မြေပေါ်ရေအရင်းအမြစ်ကုဗကီလိုမီတာပေါင်း ၁၀၈၂ နှင့် မြေအောက်ရေအရင်းအမြစ် ကုဗကီလိုမီတာပေါင်း ၄၉၅ ရှိပါသည်။ မြေပေါ်မြေအောက်စုစုပေါင်းရေအရင်းအမြစ်ပမာဏ ၁၅၇၇ ကုဗကီလိုမီတာ၊ နှစ်စဉ်ပြည်တွင်းပြန်လည် ဖြည့်တင်းပေးနိုင်သည့်ရေပမာဏ ၈၈၀ ဒသမ ၆၀ ကုဗကီလိုမီတာ၊ နှစ်စဉ်ထုတ်လုပ်ပေးသည့် မြေအောက်ရေပမာဏ ၁၅၆ ကုဗကီလိုမီတာ၊ နှစ်စဉ် ထုတ်လုပ်ပေးသည့် မြေပေါ်ရေပမာဏ ၈၇၆ ဒသမ ၆၀ ကုဗကီလိုမီတာ၊ မြေပေါ်ရေ၊ မြေအောက်ရေ ဆက်စပ်နေသည့်ကဏ္ဍတွင် နှစ်စဉ်ရေပြန်လည် ဖြည့်တင်းပေးနိုင်မှု ၁၅၀ ကုဗကီလိုမီတာ၊ ရေအရင်းအမြစ်စုစုပေါင်း၏ နှစ်စဉ်ပြန်လည်ဖြည့်တင်းပေးနိုင်မှု ပမာဏ ၁၀၄၅ ဒသမ ၆၀ ကုဗမီတာဖြစ်ပါသည်။ စိုက်ပျိုးရေးအတွက် ရေအသုံးပြုမှုမှာ ၃၀ ကုဗကီလိုမီတာခန့်နှင့် စက်ရုံ၊ အလုပ်ရုံနှင့် အများပြည်သူတို့၏ သောက်သုံးရေမှာ ၃ ကုဗကီလိုမီတာခန့်ရှိသည်။ မြေပေါ်ရေသုံးစွဲနိုင်မှု ပမာဏ၏ ၁၀ ရာခိုင်နှုန်းအောက်တွင်သာ ရှိပါသည်။ မြေအောက်ရေ၏ ၁၀ ရာခိုင်နှုန်းခန့်သာသောက်သုံးရေအဖြစ်ရေအသုံးပြုကြပြီး စိုက်ပျိုးရေးအတွက် ၅ ရာခိုင်နှုန်းသာ အသုံးပြုသည်။ မြန်မာနိုင်ငံလူထုအသုံးပြုရန် ရေအရင်းအမြစ် (မြေပေါ်၊ မြေအောက်) များစွာရှိနေပါသေးသည်။

(စာမျက်နှာ ၂၂ သို့)

“မြန်မာနိုင်ငံသည်လူဦးရေနှင့် သောက်သုံးရေအချိုးကို တွက်ကြည့်ပါက သောက်သုံးရေသည် အဆပေါင်းများစွာ ပိုနေ၏၊ သို့သော်အိမ်နီးနားချင်း နိုင်ငံများက မိမိတို့နိုင်ငံပိုင်ရေကို မည့်မျှ ရယူသုံးစွဲနေသည်ကို သိထားရမည့်ကာလ၊ ပြန်လည်တွက်ချက်ရမည့်ကာလဖြစ်နေပြီ”

## မန်လည်ဆရာတော်ကြီး၏ မန်လည်မြို့မပြာသာဒ်ကျောင်းတော်ကြီးအား ကြမ်းခင်းများအသစ်လဲလှယ်ပြုပြင်မည်

**အင်းတော် မတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မန်လည်မြို့တွင် ထွန်းပေါက်ထင်ရှား၍ မြန်မာနိုင်ငံအနှံ့ ကျော်ကြားခဲ့သော မန်လည် မြို့မပြာသာဒ်ကျောင်းကြီး၏ ပထမဆရာတော်ဦးဇဝနသည် မြန်မာသက္ကရာဇ် ၁၂၈၂ ခု၊ တော်သလင်းလဆန်း ၁၂ ရက်နေ့သက်တော် ၇၉ နှစ်၌ ဘဝနတ်ထံပျံလွန်သွားခဲ့ရာ ယခုအခါနှစ်ပေါင်း ၉၇ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။



ပထမ မန်လည်ဆရာတော်ကြီး ဖွားမြင်ခဲ့ရာ မန်လည်မြို့သည် “မန်လည်အစ၊ နရာဒေဝ”ဟုအဆိုရှိသည့်အတိုင်း မန်လည်မြို့ကို ဗန္ဓသာရမင်း၏ အမတ်ကြီးနရာဒေဝက သက္ကရာဇ် ၁၈၆ ခုနှစ် ခရစ်နှစ် ၈၂၄ နှစ်တွင် စတင်တည်ထောင်ခဲ့ကာ ခေတ်အဆက်ဆက် မန်လည်စော်ဘွားများအုပ်ချုပ်ခဲ့ကြသည်။

မန်လည်ဟူသော ဝေါဟာရမှာ ရှမ်းတိုင်းရင်းသားဘာသာဖြင့် “ကောင်းသောမြို့”ဟုအဓိပ္ပာယ်ရကာ ယခင်က ထင်ရှားကျော်ကြားသော မြို့တစ်မြို့ဖြစ်ခဲ့ပြီး မန္တလေး-မြစ်ကြီးနား မီးရထားလမ်း ဖောက်လုပ်ချိန်ရောက်မှသာ မန်လည်မြို့သူမြို့သားတို့သည် မီးရထားလမ်းဘေးဖြစ်သော အင်းတော်မြို့သို့ပြောင်းရွှေ့နေထိုင်ကြကုန်သဖြင့် မန်လည်မြို့သည် မှေးမှိန်ခဲ့ရကြောင်း သိရသည်။

ယခုအခါမန်လည်ရှိ မြို့မပြာသာဒ်ကျောင်းတော်ကြီးတွင် ပထမမန်လည်ဆရာတော်ကြီး ဦးဇဝန၏ ရုပ်ကလာပ်ကို ယနေ့ထက်တိုင် ဖူးမြော်ကြည့်နိုင်သကဲ့သို့ ဘုရားဖူးသည့်သည်များလည်း နေ့စဉ်နှင့်အမျှ အများအပြားလာရောက်ဖူးမြော်နေကြကြောင်းသိရပြီး ဆရာတော်ကြီး နေထိုင်သီတင်းသုံးတော်မူသွားရာ မြို့မပြာသာဒ်ကျောင်းကြီးကို မူလတည်ရှိနေသည့် ကျွန်းလုံးတိုင် ၁၀၀ ကျော်မပြိုမယွင်းစေဘဲ သစ်သားကြမ်းခင်းများအစားထိုး၍ ပြုပြင်မည်ဖြစ်ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

## မွန်ပြည်နယ်နေ့ အခမ်းအနားကျင်းပမည်

**မော်လမြိုင် မတ် ၁၄**

မတ် ၁၉ ရက်တွင် ကျရောက်မည့် (၇၁)နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားကို မော်လမြိုင်မြို့ သံလွင်ဥယျာဉ်ပန်းခြံတွင် မတ် ၁၈ ရက်မှ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း မွန်ပြည်နယ်နေ့ ကျင်းပရေးကော်မတီထံမှ သိရသည်။

ယခုကဲ့သို့ကျင်းပနိုင်ရန် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးမှ လိုအပ်သည့် ပံ့ပိုးကူညီမှုများရှိကြောင်း သိရသည်။

ယခင်နှစ်က (၇၃)နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားကိုလည်း သံလွင်ဥယျာဉ်ပန်းခြံ၌ ကျင်းပခဲ့သည်။ ယခုနှစ်အခမ်းနားတွင် ဌာနဆိုင်ရာပြခန်းများ၊ ကုန်စည်ပြပွဲနှင့် အထူးဈေးရောင်းပွဲတော်၊ ပျော်ပွဲရွှင်ပွဲများ၊ ဇာတ်သဘင်ဖျော်ဖြေရေးများ၊ မွန်ရိုးရာ အကအလှပြိုင်ပွဲများဖြင့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းနှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း ကျင်းပရေးကော်မတီထံမှ သိရသည်။

**မုဒုံမောင်မောင်**



**ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ စီစဉ်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များအတွက် စိတ်ခံစားမှုသုံးသပ်လေ့လာခြင်း(ဆင့်ပွား)သင်တန်းအမှတ်စဉ်(၂/၂၀၁၈)ကို မတ် ၁၂ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ရဲသင်တန်းကျောင်း၌ ဖွင့်လှစ်ရာ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက သင်တန်းဖွင့်အမှာစကားပြောကြားစဉ်။**

ကိုကြီးတင်

## မြောက်ယမားလက်ဝဲ တိုးချဲ့ရေသောက်စနစ်ကြောင့် သီးနှံများပိုမိုစိုက်ပျိုးနိုင်

**ပုလဲ မတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ မြောက်ယမားလက်ဝဲတိုးချဲ့ရေသောက်စနစ်ဖြင့် ရေရရှိသောကြောင့် နွေစပါးစိုက်ပျိုးမှုနှင့် နွေသီးနှံများ စိုက်ပျိုးမှုကို ပိုမိုဆောင်ရွက်လာနိုင်ကြောင်း ဒေသခံများထံမှ သိရသည်။

မြောက်ယမားတမံကို ၁၉၉၈ ခုနှစ်ကတည်းက တည်ဆောက်ထားခဲ့ခြင်းဖြစ်ပြီး မူလမြောင်းမကြီးဖြင့် ပုလဲမြို့နယ်နှင့် ယင်းမာပင်မြို့နယ်အတွင်းရှိ ချင်ပြစ်၊ မုံသွင်၊ ကျေးသမျှား၊ မုံကြိုင်းနှင့် လက်တောင်းကြီး စသည့် ကျေးရွာများသို့ စိုက်ပျိုးရေ ပေးလွှတ်ထားခဲ့သည်။ သို့သော် ပိတောက်ကုန်း၊ အင်း၊ မင်းမ၊ လာဘ်တို့ စသည့် ကျေးရွာအုပ်စုများမှာ တမံ၏ ကောင်းကျိုးများကို ခံစားခွင့်မရရှိခဲ့ကြကြောင်း သိရသည်။



၂၀၀၇ ခုနှစ်အတွင်း မြောက်ယမားရေကူတမံအား ထပ်မံတည်ဆောက်ပေးခဲ့ပြီး မြောက်ယမားလက်ဝဲ တိုးချဲ့ရေသောက်စနစ်နှင့် လက်ယာတိုးချဲ့ရေသောက် စနစ်တို့အား ထပ်မံအကောင်အထည်ဖော်ခဲ့ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး ၄ မှ ဦးစီးအရာရှိ ဒေါ်စန်းမြင့်ဝင်းက ပြောကြားသည်။ အဆိုပါလုပ်ငန်းများမှာ ဆက်လက်ဆောင်ရွက်နေပြီး လက်ရှိတွင် ပြီးစီးသွားသည့် တူးမြောင်းများအလိုက် ရေပေးဝေနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ယခုအခါလည်း သီးနှံများပိုမိုစိုက်ပျိုးနိုင်ရေးအတွက် မြောက်ယမားရေလှောင်တမံတွင် သိုလှောင်ရေဧက ၁၃၀၀၀ နှင့် မြောက်ယမားရေကူတမံတွင် သိုလှောင်ရေဧက ၁၁၇၀၀၀ ဧကခန့် သိုလှောင်ထားပြီး ဒေသခံတောင်သူများအနေဖြင့် လျာထားချက်ထက်ပိုမိုစိုက်ပျိုးနိုင်စေရန် စီမံပေးထားသည့်အပြင် စိုက်ပျိုးရေကို ဖေဖော်ဝါရီလလယ်မှစတင်ဖြန့်ဝေပေးလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ယင်းစီမံကိန်းတစ်ခုလုံး ပြီးစီးသွားပါက စိုက်ပျိုးမြေဧက ၄၃၀၀ ခန့်ကို ရေပေးဝေနိုင်မည်ဖြစ်ခြင်းကြောင့် အရှိန်အဟုန်မြှင့်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

**မျိုးဇေယျာ(ပျဉ်းမနား)**

## လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြော

**မန္တလေး မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီနှင့် အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(မန္တလေး)တို့ ကြီးမှူးကျင်းပသည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် လူမှုကွန်ရက် ဆိုရှယ်မီဒီယာများမှတစ်ဆင့် အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ခံရခြင်းနှင့်ပတ်သက်၍ မတ် ၁၂ ရက်က မန္တလေးမြို့ မဟာအောင်မြေမြို့နယ် လက်ပန်တန်းဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ် အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းက အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာကော်မတီအဖွဲ့ဝင် ဒေါ်မာမာအုန်းက အမျိုးသမီးရေးရာကော်မတီ ပေါ်ပေါက်လာခြင်းနှင့် အမျိုးသမီးရေးရာကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် မြို့နယ်အမျိုးသမီးရေးရာ ကော်မတီအဖွဲ့ဝင် ဒေါ်နန်းရီရီထွန်းက လူမှုကွန်ရက်များတွင် အမျိုးသမီးများ အကြမ်းဖက်ခံရမှုများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

*စာမျက်နှာ ၂၁ မှအဆက်*

တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လေ့လာကြည့်ပါက ကမ္ဘာ့ရေထု၏ ၉၈ ရာခိုင်နှုန်းသောရေ (ပင်လယ်ရေနှင့် ဒီရေ အတက်အကျရှိသည့် ပင်လယ်စပ်အနီးအနားရှိ မြစ်၊ ချောင်း၊ အင်းအိုင်များ၊ ဆားငန်ရေအိုင်များနှင့် အငန်ဓာတ်ပျော်ဝင်နေသောမြေအောက်ရေ) တို့သည် သောက်သုံး၍ မရနိုင်သောရေငန်များဖြစ်ပါသည်။ ကျန် ၂ ဒသမ ဝ ရာခိုင်နှုန်းသော ရေသည်သာသောက်သုံးနိုင်သော ရေဖြစ်ပါသည်။ ထိုသောက်သုံးနိုင်သောရေများတွင် ရေခဲမြစ်များ၊ ရေခဲတောင်များ၊ မြေပေါ်ရေချိုနှင့် မြေအောက်ရေချိုများပါဝင်ပါသည်။ ရေခဲမြစ်များ၊ ရေခဲတောင်နှင့်နှင်းတောင်များမပါဝင်ပါက အမှန်တကယ် သောက်သုံးနိုင်သည့် ရေပမာဏမှာ ၁၃ ရာခိုင်နှုန်း၊ မြေပေါ်ရေ ၁ ရာခိုင်နှုန်းနှင့် မြေအောက်ရေ ၁၂ ရာခိုင်နှုန်းသာလျှင်ရှိပါသည်။ ရေအရင်းအမြစ်ဆိုသည်မှာ လူနှင့်ပတ်ဝန်းကျင်အတွက် စိတ်ချစွာအသုံးပြုနိုင်သောရေ (မြေပေါ်ရေနှင့်မြေအောက်ရေ) ကို ခေါ်ဆိုပါသည်။ မြေပေါ်မြေအောက်ရေအရင်းအမြစ်မှာ သဘာဝအလျောက်ဖြစ်တည်နေသည်။

သဘာဝ၏ ပစ္စည်းဖြစ်သည်။ သဘာဝက ပေးသော လက်ဆောင်မဟုတ်။ ကမ္ဘာတစ်ဝန်း ရေသုံးစွဲမှုပမာဏသည် တိုးတက်သောနေရာဒေသ၊ နိုင်ငံအလိုက်ကွဲပြားသည်။ တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် စစ်တမ်းကောက်သုတေသနပြုရာ အိမ်သုံးသောက်သုံးရေသည် ၈ ရာခိုင်နှုန်း၊ စက်ရုံ၊ အလုပ်ရုံသုံးသည် ၂၂ ရာခိုင်နှုန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းတွင် ၇၀ ရာခိုင်နှုန်း ဖြစ်နေသည်။

**မြေပေါ်ရေရှိမှု**

လူတစ်ဦးချင်းစီ၏တစ်နေ့ ပျမ်းမျှရေသုံးစွဲမှုပမာဏသည် ၂၃ ဂါလန် (၈၇ လီတာ) ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် လုပ်ငန်းသုံးရေကို ထိန်းထိန်းသိမ်းသိမ်းသုံးစွဲမှုနည်းနေသေးသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများသည်ရေကို စနစ်တကျအသုံးပြုကြောင်း ကိန်းဂဏန်းများနှင့် နှိုင်းယှဉ်ခြင်းဖြင့် သိသာနေသည်။ ဖွံ့ဖြိုးဆဲနိုင်ငံနေရာဒေသအများစုတွင် မြေပေါ်ရေကို သောက်သုံးရေအဖြစ် အများအပြားအသုံးပြုနေကြပါသည်။ မြေပေါ်ရေရှိမှု အလားအလာနည်းပါးသည့် နေရာဒေသများနှင့် မြေပေါ်ရေနှင့်ဝေးလွန်းသည့် နေရာဒေသများတွင်သာ မြေအောက်ရေကိုထုတ်ယူအသုံးပြုကြပါသည်။ မိုးရေကို အသုံးပြုကြရသည်။ ရာသီဥတုပြောင်းလဲလာမှုနှင့်အတူ ကမ္ဘာကြီးပိုမိုပူနွေးလာ၏။ မိုးရွာသွန်းမှုလျော့နည်းလာ၍ အငွေ့ပျံနှုန်းပိုမိုလာပြီး ရေအရင်းအမြစ်များသည် ရေပမာဏလျော့နည်းလာသည်။ တစ်ကမ္ဘာလုံးရှိ ၄၀ ရာခိုင်နှုန်းသော လူဦးရေသည်သာ ရေကိုပြည့်ပြည့်ဝဝအသုံးပြုနေပေသေးသည်။ကမ္ဘာပေါ်တွင် ရေသည်နေရာဒေသနှင့်အချိန်ကာလအလိုက် ပျံ့နှံ့တည်ရှိနေသည်။ အချို့နေရာများတွင် လူသားတို့၏ လုပ်ဆောင်မှုများအတိုင်းတည်ရှိနေရသည်။ (ဥပမာ- ရေလွှဲတူးမြောင်း၊ ရေလှောင်ကန်၊ ဆည်မြောင်း)။ ထိုရေများကို စနစ်တကျ စီမံခွဲဝေသုံးစွဲစေရမည်။ ရေကောင်းရေသန့်သည် လူတို့အတွက် အဓိကအခြေခံလိုအပ်ချက်ဖြစ်သည်။ ရေလိုအပ်ချက်သည်အချိန်နှင့်အမျှရှိနေသည်။ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်တိုး၍ တိုး၍လိုနေမည်။ ရေကို ယခုတင်စားခေါ်ဝေါ်အသုံးပြုနေကြသည့်နာမည်သည် ရေပြာ (Blue water)။ အနာဂတ်တွင် နာမည်အသစ်ရွှေရည် (ရေ) (New Liquid Gold) ဟု တင်စားခေါ်လာမည့်အခြေအနေရောက်လာနိုင်သည်။

**နိဂုံးစကား**။ ။ မြန်မာနိုင်ငံသည်နိုင်ငံတွင်းရှိ ရေအရင်းအမြစ်ပမာဏ၏ ၁၂ ရာခိုင်နှုန်းသာ သုံးစွဲနေသဖြင့် ရေအတွက် ပူစရာမလိုဟု ယူဆနေကြသည်။ အိမ်နားနီးချင်းနိုင်ငံများက မည်ရွေ့မည်မျှ ထုတ်ယူနေကြသည်ကိုသတိမမူ ဂူမမြင်ဖြစ်နေကြသည်။ ခလုတ်ထိမှအမိတမည်ဖြစ်သည်။ သို့ဖြစ်၍ အနာဂတ်ရေအရေးကိုကြိုတင်စီစဉ်ဆောင်ရွက်သင့်သည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရေတန်ဖိုးကိုသုံးစွဲသူများ၊ လုပ်ငန်းကဏ္ဍအလိုက်သတ်မှတ်ရန်၊ ရေတန်ဖိုးနားလည်အောင် လုပ်ဆောင်ရမည်။ ဌာနဆိုင်ရာအနေဖြင့် ရေကဏ္ဍစီမံအုပ်ချုပ်မှု ပိုမိုပီပြင်အောင် ပညာရှင်များပူးပေါင်းပါဝင်ရမည်။အစိုးရအဖွဲ့အစည်းများက အတွေ့အကြုံရှိ အငြိမ်းစားပညာရှင်များနှင့်လုပ်ဆောင်ပါက ပိုမိုကောင်းမွန်သော ရေစီမံခန့်ခွဲမှုဖြစ်လာမည်။

**အဓိကအလိုအပ်ဆုံးဖြစ်**

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံသန်းခေါင်စာရင်းအရလူဦးရေ ၃၀ ရာခိုင်နှုန်းသည်သန့်ရှင်းကောင်းမွန်သောသောက်သုံးရေကို မရရှိကြောင်း မှတ်တမ်းဝင်ထားသည်။ ထိုအချက်ကို အဓိကထားစဉ်းစားရမည်။ ရေသည်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအလိုအပ်ဆုံးဖြစ်သည်။ လက်ရှိရေအရင်းအမြစ်များကို ရေရှည်အသုံးပြုနိုင်အောင်၊ အစဉ်သန့်စင်နေအောင်ထိန်းသိမ်းသွားရန်နှင့်ရေအရင်းအမြစ် အသစ်များကိုလည်း ရှာဖွေဖော်ထုတ်ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ရေအရေးအနာဂတ်သည် အပေါ်းလက္ခဏာမဖြစ်သေးပေ။ လက်ရှိအခြေအနေ၊ အနေအထားများအတိုင်း လုပ်ဆောင်သုံးစွဲနေပါကနောင်အနှစ် ၂၀ ကျော်၌ အနုတ်လက္ခဏာပြမည့်အနေအထားကို ရောက်လာနိုင်သည်။

ထိုသို့မဖြစ်အောင် ယခုကစကြိုတင်စီမံဆောင်ရွက်ပါက အကောင်းဆုံးအခြေအနေ တွင်ရှိနေပါမည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရေဥပဒေသည်မထွက်ပေါ်လာသေးပေ။ ပြုစုနေဆဲရှိသေးသည်။ လူတို့သောက်သုံးရေ၊ စက်ရုံ အလုပ်ရုံသုံးရေ၊ စိုက်ပျိုးရေတို့အတွက်ရေဥပဒေ၊ နည်းဥပဒေများ လိုအပ်လာနေသည်။ (IWRM) ဘက်စုံရေအရင်းအမြစ် စီမံခန့်ခွဲမှုအဖွဲ့သည်လည်း နိုင်ငံတော်အဆင့်ဖြင့် လည်ပတ်နေသည်။ ရေအရင်းအမြစ်ဘက်စုံ ဖွံ့ဖြိုးရေးအတွက် အဓိက အဖွဲ့အစည်းဖြစ်သည်။ လျင်လျင်မြန်မြန်ပိုမိုတိုးတက်အောင် ဝိုင်းဝန်းလုပ်ဆောင်ရမည့် အခြေအနေကို ရောက်နေပါသည်။

ရေဥပဒေသည် ယနေ့အထိအတည်ပြုသက်ဝင်လှုပ်ရှား မလာသေးပေ။ ရေဥပဒေကို အမြန်ဆုံးအကောင်အထည်ဖော်သင့်သည်။ ရေဥပဒေ ရေးဆွဲရာတွင်လည်း ရေသုံးစွဲသည့် ဌာနအားလုံး၊ အသင်းအဖွဲ့ အားလုံးပါဝင်သင့်သည်။ လက်ရှိအနေအထားသည်နေရာဒေသ၊ တိုင်းဒေသကြီးမြို့နယ်အလိုက် စီမံခန့်ခွဲအုပ်ချုပ်မှုသာ ရှိနေသေးသည်။

သန့်ရှင်းကောင်းမွန်သောရေသည်လူသားအားလုံး၏ ကျန်းမာရေးနှင့် သန့်ရှင်းသောပတ်ဝန်းကျင်အတွက်အရေးကြီးသော၊ တန်ဖိုးရှိသောလာဘ်တစ်ပါးဖြစ်ပါသည်။ စိတ်ချစွာသောက်သုံးနိုင်သောရေနှင့်သန့်စင်သောလေရရှိရေးသည် လူသားအားလုံးအတွက်မွေးရာပါရပိုင်ခွင့်ဖြစ်ပါသည်။

ထိုရေကိုအနာဂတ်အတွက် အမြဲသန့်စင်နေအောင်ဆောင်ရွက်လျှင် ရေကိုတန်ဖိုးထားသုံးစွဲလာလျှင် ငါတို့အနာဂတ်သည် တိုးတက်ကြည်လင်နေမည်ဖြစ်ပါသည်။ ။







## စရီမာရီယမ္မာန်ဘုရားကျောင်းမီးနင်းပွဲတော် ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ အမှတ်(အေ-၄၉)တွင် ၁၈၈၁ ခုနှစ်မှစ၍ တည်ထားကိုးကွယ်လျက်ရှိသော **"စရီမာရီ ယမ္မာန်ဘုရားကျောင်း"**မီးနင်းပွဲတော်ကို ၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော်၊ ၁၆-၃-၂၀၁၈ ရက် (သောကြာနေ့) ညနေတွင် သာသနာ့အလံတင်ပြီး ပွဲတော်ကို စတင်ကျင်းပ၍ နေ့စဉ် ည ၇နာရီတွင် ပူဇော်ပွဲများ ကျင်းပပူဇော်ပြီး ဒေသစာရီကြွမြန်းခြင်းနှင့် ၂၄-၃-၂၀၁၈ ရက် (စနေနေ့) ညတွင် မီးအိုး၊ ပန်းအိုးများပိုက်၍ ဒေသစာရီကြွမြန်းအပူဇော်ခံပါမည်။ ၂၅-၃-၂၀၁၈ ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် မီးနင်းပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူတော်စင်အပေါင်းတို့ ကြွရောက်ကြည်ညိုဖူးမြော်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ရပ်မိ/ရပ်ဖများ ဂေါပကအုပ်ချုပ်စီမံသူနှင့်ဂေါပကအဖွဲ့ဝင်များ**
**၂၀၁၈ ခုနှစ် ပွဲတော်ကျင်းပရေးကော်မတီ**
**ဦးခင်မောင်လှ ဦးအေးမောင် ဦးကျော်မြင့် ဦးဇော်ဝင်း (ဥက္ကဋ္ဌ)**
**ဦးကံဦး ဦးအောင်ဇော်မိုး ဦးလော်ဂါနာသန်း(ဒု-ဥက္ကဋ္ဌ)**
**ဦးဖိုးထောင် (ဘဏ္ဍာရေးမှူး)**
**ဦးဗီဂျယ်ရန် (စာရင်းစစ်)**

## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်သန့်ဇင်အောင် ၁၀/သဖရ(နိုင်)၁၅၅၉၃၉၏ (Passport-No) မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၆၇၈၈၂၉၉**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3J/9419 Honda Fit GE6 Hatch Back (4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးခင်အောင် ၁၂/ပဇတ(နိုင်)၀၁၄၁၉၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## အထကဘားကပ်ရွှေရတု

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ဘားကပ်စံပြကျေးရွာ အထက ဘားကပ် (၁၉၆၈ မှ ၂၀၁၈)ထိ ရွှေရတုပွဲတော်နှင့် ပထမအကြိမ်မြတ်ဆရာပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အထက ဘားကပ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဆရာကြီး/ဆရာမကြီးများနှင့် ပညာသင်ယူခဲ့ကြသည့် ကျောင်းသား/ကျောင်းသူဟောင်းများအားလုံး မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက် - ၃၁-၃-၂၀၁၈ မှ ၁-၄-၂၀၁၈ ထိ နှစ်ရက်တိုင်တိုင်**
**နေရာ - အထက ဘားကပ်၊ ဘားကပ်စံပြကျေးရွာ**
**ဆက်သွယ်ရန် - ဦးစံသွယ်-ဖုန်း-၀၉-၇၉၀၈၀၀၂၂၃**

**ပျောက်ဆုံးကြောင်း**
ကျွန်တော်မောင်ကျော်ဇင်လတ် ၁၀/မဒန(နိုင်)၁၉၆၉၈၀၏ (Passport - No) မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၆၇၈၈၂၉၉**

**ပျောက်ဆုံးကြောင်း**
ကျွန်တော်မောင်ဗညားအောင် ၃/ဘအန(နိုင်)၄၃၈၂၃၅၏ (Passport - No) မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၆၇၈၈၂၉၉**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 5A/6479 Nissan Diesel Truck (8×2) ယာဉ်လက်ဝယ်ရှိသူ ဦးစံသာထွန်း ၁၁/ကတန(နိုင်)၀၆၃၅၄၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊တိုင်းရုံးခွဲ(ရွာသာကြီး)၊ရန်ကုန်မြို့**

**ပျောက်ဆုံးကြောင်း**
ကျွန်တော်မင်းကျော်လင်းအောင် ၃/ကကရ(နိုင်)၁၈၂၈၂၂၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၁၅၈၅၉၇၈**

**ဖခင်အမည်မှန်**
မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကော့ခလိန်ကျေးရွာအုပ်စု အလက(ခွဲ) ဆဋ္ဌမတန်းမှ မန္တဲ့ဒေ့မွန်၏ ဖခင်အမည်မှန်မှာ ဦးထွန်းမိုး ၁၀/ပမန(နိုင်)၁၂၅၅၆၇ ဖြစ်ပါသည်။ **ဦးထွန်းမိုး**

**ဖခင်အမည်မှန်**
မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ သံကလောင် အမက(လွန်) ပထမတန်းမှ မအိကဗျာဝင်း၏ ဖခင်အမည်မှန်မှာ မင်းဝင်းစိန် ၁၀/ကမရ(နိုင်)၀၇၃၅၅၈ ဖြစ်ပါသည်။ **မင်းဝင်းစိန်**

**ဖခင်အမည်မှန်**
မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကော့သပ်ကျေးရွာ၊ အထက(ခွဲ) အဋ္ဌမတန်းမှ မိပလိုစွန်၏ ဖခင်အမည်မှန်မှာ ဦးရွှေဝါထွန်း ၁၀/ကမရ(နိုင်)၀၇၃၉၉၈ ဖြစ်ပါသည်။ **ဦးရွှေဝါထွန်း**

**ဖခင်အမည်မှန်**
မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကော့သပ်ကျေးရွာ၊ အထက(ခွဲ) အဋ္ဌမတန်းမှ မိဂန္ဓာဦး၏ ဖခင်အမည်မှန်မှာ ဦးဝင်းမင်း ၁၀/မလမ(နိုင်)၁၇၄၇၁၈ ဖြစ်ပါသည်။ **ဦးဝင်းမင်း**

**ဖခင်အမည်မှန်**
မြင်းခြံမြို့နယ် မာန်လည်ကျေးရွာ အထက(ခွဲ) ပဥ္စမတန်းမှ မအေးမြတ်နန္ဒာ၏ ဖခင်အမည်မှန်မှာ ဦးကျော်ဇင်ဝင်း ၉/နထက(နိုင်)၁၄၅၆၆၃ ဖြစ်ပါကြောင်း။
**ဦးကျော်ဇင်ဝင်း**

**အများသိစေရန်**
ဦးမျိုးဇော်ဦး-ကုရ်ဘာဘီ ၁/အနော်မာ(၃)လမ်း၊ ၃၈/၄လွှာအခန်းကို ဦးကျော်ကျော်ထွေးဆီမှ ဝယ်ယူရန် စရန်ငွေပေးခဲ့ပြီး ကန့်ကွက်သူရှိပါက ကန့်ကွက်နိုင်ပါကြောင်း။ **ဦးမျိုးဇော်ဦး**
**ဖုန်း-၀၉-၄၂၀၀၆၁၅၅၀**

## ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာ(ရန်ကုန်)
## ဟောဓိသစ္စာအလုပ်ပေးတရားစခန်း ဒုတိယအကြိမ် တရားစခန်း

ဖားအောက်တောရ ဓမ္မအလင်းရောင် ဗုဒ္ဓသာသနာ့ရိပ်သာ(ပေါင်မြို့နယ်)၏ ပဓာန နာယကဆရာတော် ဘဒ္ဒန္တဓမ္မပတိမှ အမြတ်ဆုံးမှန် နိဗ္ဗာန်တရားတော်မြတ်သို့ ဧကန်ထုတ်ချောက် ရောက်ခြင်း၏အကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားတည်းဟူသော ရှေးဟောင်းလမ်းမြတ်အတိုင်း သီလကျင့်စဉ် သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ်တို့ကို ပွားများအားထုတ်နိုင်ရန်အလို့ငှာ ၁၅ ရက်တိုင်တိုင် တတ်သိနားလည်အောင် စနစ်တကျ သင်ကြားပေးမှာဖြစ်ပါသည်။

**နေ့ရက်** - ၁၈-၃-၂၀၁၈ ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၉ နာရီ
**နေရာ** - (၉၁/၉၃)၊ သုခလမ်း၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (သဗ္ဗညု ပုထိုးတော်ကြီးအနီးကပ်လျက်)
**ဆက်သွယ်ရန်** - ဖုန်း-၀၉-၅၁၃၄၄၂၃၊ ၀၉-၄၅၀၉၉၀၁၆၇၊ ၀၉-၅၁၅၉၁၂၄
**အလှူရှင်အမည်** - ၁။ ဒေါ်ကြည်လေး မိသားစု
၂။ ဒေါ်ယဉ်ယဉ်မြင့် မိသားစု
၃။ ဦးအောင်မင်းစိုး-ဒေါ်လွင်ခိုင် မိသားစု

## ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေလှူဒါန်းခြင်း




Austrilia နိုင်ငံမှ ကွယ်လွန်သူအဘိုး Eric Abel နှစ်ဖက်အဘိုးအဘွားများနှင့် မိဘနှစ်ပါးအားအမှူးထား၍ မြေးဖြစ်သူ Ms.Sienna Weerakody မှ ဆံကေသာရောင်းရငွေ (Donation From Sale Proceed of Cut hair)AU$-1500/ နှင့် Mr.Don Weerakody and Family မှ US$-400/ တို့အား ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ လှူဒါန်းရာ နာယကကြီး ဗိုလ်မှူးချုပ်အေဘဲလ်(ငြိမ်း)မှ လက်ခံရယူပါသည်။

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/3453 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6L/4977 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4G/2420 Mitsu; Canter, Truck (4×2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းဌေး ၁၂/သကတ(နိုင်)၀၈၁၃၄၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ရန်ကုန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8M/2581 Naing Htet L/T (NH-LT. 01)P/U (4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးသာအောင် ၁၂/ဥကတ(နိုင်)၀၀၁၉၁၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

### မြန်မာ့သစ်လုပ်ငန်းဝန်ထမ်းဟောင်းများအသင်း ပထမအကြိမ်နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ဖိတ်ကြားခြင်း

၂၅-၃-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီတွင် ပင်လုံလမ်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး'မြန်မာ့သစ်လုပ်ငန်းဓမ္မာရုံ'၌ မြန်မာ့သစ်လုပ်ငန်းဝန်ထမ်းဟောင်းများအသင်း၏ ပထမအကြိမ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကျင်းပမည်ဖြစ်ပါသဖြင့် အသင်းသားအားလုံးမပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အသင်းဝင်လိုသော မြန်မာ့သစ်လုပ်ငန်းဝန်ထမ်းဟောင်းများ အနေဖြင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၂)ပုံနှင့်အတူ အသင်းဝင်ကြေး ပေးသွင်းလျှောက်ထားနိုင်ပြီး အစည်းအဝေးတက်ရောက်နိုင်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

### မင်းပြားမြို့နယ်အသင်း(ရန်ကုန်) (၂၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားခြင်း

မင်းပြားမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ထူးချွန်သူများဂုဏ်ပြုပွဲကို ၂၅-၃-၂၀၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီတွင် ဗဟန်းမြို့နယ်၊ အာဇာနည်လမ်း၊ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ စတင်ကျင်းပမည်ဖြစ်ပါ၍ မြို့နယ်သားများ၊ အသင်းဝင်များ၊ အလှူရှင်များအချိန်မီ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

လှူဒါန်းလိုသူများ၊ အသက်(၇၅)နှစ်အထက် အသင်းဝင်မိသားစု ဘိုးဘွားများ၊ ၂၀၁၆-၂၀၁၇ တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်သူများ၊ ပါရဂူဘွဲ့ရများနှင့် နိုင်ငံတော်အဆင့် ထူးချွန်ရှင်များ ၂၁-၃-၂၀၁၈ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဦးထွန်းလှခိုင် ဖုန်း-၀၉-၄၂၀၀၆၅၈၁၃ ထံ ဆက်သွယ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

### အမက (စမ်းရွာ) တွံတေးမြို့ ၁၉၇၉ခုနှစ်မှ ၁၉၉၃ ခုနှစ်အတွင်း ကျောင်းသား ကျောင်းသူဟောင်းများ
## မြတ်ဆရာပူဇော်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ စမ်းရွာကျေးရွာရှိ အမက စမ်းရွာတွင် ၁၉၇၉ ခုနှစ်မှ ၁၉၉၃ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ ဆရာမများအား ၁-၄-၂၀၁၈ရက် နံနက် ၉း၀၀နာရီတွင် မြတ်ဆရာပူဇော်ပွဲကျင်းပမည်ဖြစ်ပါသည်။ အပူဇော်ခံဆရာ ဆရာမများမှ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပေးကြပါရန်နှင့် ကျောင်းသား ကျောင်းသူများ ဆက်သွယ်ပေးပါရန် လေးစားစွာအကြောင်းကြားအပ်ပါသည်။

**ဦးတင်ထွေး(မှုအုပ်-ငြိမ်း)** ဖုန်း-၀၉-၄၃၀၅၆၄၄၂
**ဦးသောင်းရီ (စမ်းရွာ)** ဖုန်း-၀၉-၇၈၅၂၇၀၉၁၅
**ဦးနေနိုင်ဦး** ဖုန်း-၀၉-၇၉၀၁၈၇၃၀၁

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/4535၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

မင်းဓမ္မကုန်းတော်

## လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး
(ကျောက်တော်ကြီးဘုရား)

# လှူခွင့်ကြုံခိုက် လှူလိုက်စေချင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားသော **လောကချမ်းသာ အဘယ လာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)**ကို ဂေါပကအဖွဲ့မှ ဘုရားဖူးပြည်သူများ စိတ်ချမ်းသာစွာ ဖူးမြော်နိုင်ရေး၊ ဘုရားကြီးဝန်းကျင်တွင် လုပသန့်ရှင်းရေး၊ ဘုရားကြီးရေရှည်တည်တံ့ပြီး သာသနာတော် တည်တံ့ရေးအတွက်ရည်စူး၍ လုပ်ငန်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဘုရားကြီး၏ဂန္ဓကုဋိတိုက်ကြီးကို အမြင်တင့်တယ်သပ္ပါယ်စေရန် ရွှေရေး ရွှေဆေးများ ခြယ်သလှူဒါန်းနိုင်ရန်လည်း(၆)ကြိမ်မြောက်အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါတွင် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး၊ အင်းစိန်မြို့နယ်အုပ်ချုပ်ရေးမှူးတို့၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ဂေါပကအဖွဲ့က ဂန္ဓကုဋိတိုက်ကြီးအား အောက်ဖော်ပြပါနေရာများကို ရွှေဆေး၊ ဆီဆေးတို့ကို ခြယ်သလှူဒါန်းမည် ဖြစ်ပါသည်။

ထိုအလှူတော်ကြီးတွင် ဒါနပြုလှူဒါန်းသူများအနေဖြင့် တစ်ဦးခြင်းဖြစ်စေ၊ မိသားစုလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ၊ သဒ္ဓါစိတ်ရှိသမျှ လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးရှိန်အောင်ဗိုလ်၊ ဦးညွန့်မောင်၊ ဦးကြည်လှ၊ ဦးစိန်လိုင်၊ ဦးသိန်းဝင်း၊ ဦးမောင်မောင်မြင့်အေး၊ ဦးခင်မောင်ဆက်၊ ဦးဇော်ဇော်ဦး၊ ဦးကြင်ခိုင်၊ ဦးအောင်ဇေယျ၊ ဦးတင်မြင့်တို့က တစ်ဦးလျှင်ကျပ် **တစ်သိန်းစီ** မ,တည်လှူဒါန်းပါသည်။

### လှူဒါန်းနိုင်သော ကုသိုလ်တော်များမှာ....

| | | | |
|---|---|---|---|
| ၁။ | စောင်းတန်းလက်ရမ်း (၁၀ ပေ)တစ်ကွက် ဆေးသုတ်ကုန်ကျစရိတ် | = | ၃၅,၀၀၀/- |
| ၂။ | ရွှေဆေးသုတ်ခြင်း(၁)ကျင်းသုတ် ကုန်ကျစရိတ် | = | ၈၀,၀၀၀/- |
| ၃။ | စောင်းတန်းတိုင်လုံး(၁)လုံး (ပန်းဆွဲပါ) ဆေးသုတ်ကုန်ကျစရိတ် | = | ၉၀,၀၀၀/- |
| ၄။ | ဂန္ဓကုဋိတိုက်အရံဘုံဆောင်(၁)ဆူ ဆေးသုတ်ကုန်ကျစရိတ် | = | ၆,၅၀,၀၀၀/- |
| ၅။ | ဂန္ဓကုဋိတိုက်ပင်မဘုံဆောင် ဆေးသုတ်ကုန်ကျစရိတ် | = | ၂၂,၀၀,၀၀၀/- |
| ၆။ | ဂန္ဓကုဋိတိုက်သွပ်အမိုး ဆီဆေး(၁)ကျင်း ကုန်ကျစရိတ် | = | ၆၀,၀၀၀/- |
| ၇။ | စောင်းတန်းမျက်နှာကျက် (၁)ဆောင်(၃၀ ပေ×၂၄ ပေ)ဆေးသုတ်ကုန်ကျစရိတ် | = | ၂,၇၀,၀၀၀/- |
| ၈။ | ကျုံးကူးဆောင်(၁)ဆောင်ဘုံဆောင်ဆေးသုတ်ကုန်ကျစရိတ် | = | ၁၄,၅၀,၀၀၀/- |
| ၉။ | စောင်းတန်းဘုံဆောင်(၁)ဆူ ဆေးသုတ်ကုန်ကျစရိတ် | = | ၆,၅၀,၀၀၀/- |

ထိုအလှူများကို စိတ်ဝင်တစား ဒါနပြုလိုသူများအနေဖြင့်
မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ကြည်ညို၍
မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးရုံး ♦ ဖုန်း-၀၁-၆၄၂၂၁၀၊ အင်းစိန်မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ♦ ဖုန်း-၀၁-၆၄၂၂၃၁
မင်းဓမ္မကုန်းတော်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ အဖွဲ့ခေါင်းဆောင် ♦ ဖုန်း-၀၉ ၅၀၆၇၇၇၇၊ ဘဏ္ဍာရေးမှူး ♦ ဖုန်း-၀၉ ၄၂၁၀၁၉၅၁၀၊ ရုံးအဖွဲ့မှူး ♦ ဖုန်း-၀၉ ၇၃၁၃၀၆၀၅၊ တို့သို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

**ဂေါပကအဖွဲ့**

## ပုသိမ်အသင်း(ရန်ကုန်)
### နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ နှင့် ပညာရည်ချွန်ဆုပေးပွဲဖိတ်ကြားလွှာ

ပုသိမ်အသင်း(ရန်ကုန်)၏ ၂၀၁၈ ခုနှစ်၊ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များ၊ ပုသိမ်သူ၊ ပုသိမ်သားများ (ဖိတ်စာရသည်ဖြစ်စေ ၊ မရသည်ဖြစ်စေ) ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၃၁-၃-၂၀၁၈ (စနေနေ့)
ကျင်းပမည့်အချိန် - နံနက်(၉း၀၀)နာရီ
ကျင်းပမည့်နေရာ - အမှတ်(၂၁/၄၃-စီ)၊ ကြားတောရလမ်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ (ဧရာဝတီတိုင်းဒေသကြီးဓမ္မာရုံ)

အသက်(၈၅)နှစ်နှင့်အထက် အသင်းဝင်သက်ကြီးများ၊ ၂၀၁၆-၂၀၁၇ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော အသင်းဝင် သားသမီးများသည် အမှတ်စာရင်းမိတ္တူဖြင့် အသင်းရုံးသို့(၂၁-၃-၂၀၁၈)ရက် တနင်္ဂနွေနေ့ နောက်ဆုံးထား၍ စာရင်းပေးပို့ရမည် ဖြစ်ပါသည်။

ကုသိုလ်ပါဝင်လှူဒါန်းလိုပါက ဥက္ကဋ္ဌ-ဦးစိုးဟန်လင်း ၀၉၈၆၀၀၁၂၃၊ ဒု-ဥက္ကဋ္ဌ(၁) ဦးသန်းအောင်လင်း-၀၉၅၀၀၃၈၀၉၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ၀၉၅၀၀၆၁၂၈၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ၀၉၈၉၅၄၁၀၈၉၉ နှင့် အသင်းတိုက် ဖုန်း ၀၁-၃၈၉၂၅၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အမှုဆောင်အဖွဲ့**

## ကျေးဇူးတင်လွှာ

၂-၃-၂၀၁၈ရက်တွင် တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပခဲ့သော ပဉ္စမအကြိမ် အငြိမ်းစား ကရင်ဆရာကြီး ဆရာမကြီးများအား ဂုဏ်ပြုပူဇော်ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများတွေ့ဆုံပွဲ (တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ-ရန်ကုန်)သို့တက်ရောက်လာကြသော ဂုဏ်ပြုခံ ဆရာကြီး ဆရာမကြီးများအားလည်းကောင်း၊ ကျောင်းသားကျောင်းသူဟောင်းများအားလည်းကောင်း၊ အခမ်းအနားတွင် တက်ရောက်အမှာစကားပြောကြားပေးပါသော ပဲခူးတိုင်းဒေသကြီး၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး နော်ပွယ်စေးအားလည်းကောင်း၊ ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီတက္ကသိုလ်များ-ရန်ကုန်မှပါဝင်ကူညီပေးသူများအားလည်းကောင်း၊ ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းနှင့် ပရိဂျက်တာများကူညီပေးသော စောထီးမူး၊ မန်းနောင်မင်း၊ စောကျော်ထွန်းတို့အားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ အလှူငွေထည့်ဝင်ပေးကြသော အလှူရှင်များအားလည်းကောင်း၊ ဖျော်ဖြေပေးကြသော ဘားအံမြို့မဒုံး၊ ရန်ကုန်တက္ကသိုလ်ဒုံးနှင့် ပျားဖွပ်အကတို့အားလည်းကောင်း၊ ပွဲဖြစ်မြောက်ရေးအတွက် အကြံဉာဏ်အား၊ လူအားတို့ဖြင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**အခမ်းအနားဖြစ်မြောက်ရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊ မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ အကွက်အမှတ်(၆၇၉၊ လေ့ကူးကွေ့ကြီး)၊ ဦးပိုင်အမှတ်(၂၃-က)၊ ဧရိယာ ၀ ဒသမ ၀၈၁ဧကရှိမြေကို ဦးကျော်သက် ၅/မရန(နိုင်)၁၅၁၃၉၄ အမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ လယ်တီရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၆၈၀-လေ့ကူးမြောက်)၊ ဦးပိုင်အမှတ်(F-၇၀)၊ ဧရိယာ ၀ ဒသမ ၁၁၀ဧကအား ဦးဘကြဲ-ဒေါ်အေးအေးဝင်း အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းလျှောက်ထားလာရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်းခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6D/5824 Toyota Landcruiser HDJ 101, S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူဝင်း ၁၃/လရန(နိုင်)၁၀၆၁၅၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၆၂၁၆၆ Yamaha DT-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဆွေလင်း ၅/အတန(ပြု)၀၀၀၀၃၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၃၃၀၀၉ Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်မြင့် PTI-၀၁၉၉၂၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

---

ဦးစိုးရွှေမြင့် B.Sc (Hons:), M.Sc (Engineering Physics) (YU), I.D.C.S (NCC, London)
ဒေါ်သန္တာထွန်း B.Sc (Physics) ဦးစီးတည်ထောင်ဖွင့်လှစ်သည့်

မြန်မာ့ပညာရေးကို အနိမိုးသားအားပေးသော

MEC

# MYANMAR EDUCATION CENTRE

# မြန်မာ့ပညာရေးအောင်မြေ

ကိုယ်ပိုင်အထက်တန်းကျောင်း

သူငယ်တန်းမှ ဒသမတန်း

၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ

- မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့ကို ပိုင်နိုင်စွာ သင်ကြားပေးနိုင်သော အတွေ့အကြုံရှိ ဆရာ၊ ဆရာမများ အလိုရှိသည်။ (ဆရာဖြစ်လက်မှတ်ပါရှိသူ ဦးစားပေးမည်)။
- ဒသမတန်း(တက္ကသိုလ်ဝင်တန်း)ကို ပိုင်နိုင်စွာသင်ကြားပေးနိုင်သော ဆရာ၊ ဆရာမများအလိုရှိသည်။
- အင်္ဂလိပ်စာ 4 Skills၊ ပန်းချီ၊ မြန်မာ့သိုင်း သင်ကြားပေးနိုင်သောဆရာ၊ ဆရာမများအလိုရှိသည်။
- ကွန်ပျူတာစာစီစာရိုက်၊ ရုံးအကူ၊ သန့်ရှင်းရေးဝန်ထမ်းများ အလိုရှိသည်။
- Lite Truck, Townace, Hiace, Mini-Bus ကျောင်းကားဆွဲလိုသူများ ဆက်သွယ်နိုင်ပါသည်။

MEC-1 အမှတ် (၁၅၈)၊ ခရေပင်လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
MEC-2 အမှတ် (၅၉၊ ၆၀၊ ၆၁)၊ ဗိုလ်တောက်လမ်း၊ ၂ (က) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၉ ၅၁၀ ၂၁၃၃၊ ၀၉ ၅၀ ၅၅၂၀၃၊ ၀၉ ၄၄ ၅၀၅၅ ၂၀၃၊ ၀၉ ၇၉၈၁၃၆၃၈၈၇၊ ၀၉ ၉၆၁၇၇၃၅၄၅၁

ဒသမတန်းကို (မတ်လ ၂၀ ရက်) နေ့နှင့် သူငယ်တန်းမှ နဝမတန်းအထိ (မေလ ၁၀ ရက်) နေ့တွင် စတင်ဖွင့်လှစ်ပါမည်

---

# ဆရာအာသာ SUCCESS (မြို့လယ်ကျောင်း)
Language Academy

အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်၊ 392048,256954

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
09 443001453, 01-503472, 09 30775232

**ကလေးများအတွက် နွေရာသီအင်္ဂလိပ်စာ**
KG တက်ပြီးသူမှ (၉)တန်းဖြေအတွက် 4-Skill English (Level 1 to 5)
Morning : 10 to 12 a.m.
Evening : 3 to 5 p.m.
Mon to Thurs (တစ်ပါတ် ၄ ရက်)
March 19 စမည်
သင်တန်းကြေး-၇၅၀၀၀/ ကျောင်းကားစုံစမ်းနိုင်ပါသည်။

**(၆+၇)တန်း ဖြေဆိုထားသူများအတွက် ၈ တန်းအထောက်အကူပြု Grammar** သင်တန်း ၅၀၀၀၀/
7:30 - 9 (Mon~Thurs) 12 Mar
1 - 2:30 (Mon~Thurs) 12 Mar

**တက္ကသိုလ်ဝင်တန်းအထောက်အကူပြု Letter Writing + Essay**
(၆+၇)တန်းဖြေ - Level 1
(၈+၉)တန်းဖြေ - Level 2
7:30-10:30 (Sat + Sun) 17 Mar
12 - 3:00 (Sat + Sun) 17 Mar

တက္ကသိုလ်ဝင်တန်းဖြေ၊ နိုင်ငံခြားသွားလိုသူနှင့် အလုပ်ကောင်းရလိုသူများအတွက်

**BASIC ENGLISH SPEAKING**
1 - 4:00 (Sat + Sun) 31 Mar
1 - 2:30 (Mon~Thurs) 2 Apr
9 - 12:00 (Sat + Sun) 7 Apr
7:30 - 9 (Mon~Thurs) 9 Apr

**BASIC FOUR SKILLS ENGLISH**
10-11:30 (Mon~Thurs) 12 Mar
6 - 7:30 (Mon~Thurs) 12 Mar
10-11:30 (Mon~Thurs) 19 Mar
1 - 2:30 (Mon~Thurs) 26 Mar
1 - 4:00 (Sat + Sun) 31 Mar

**BASIC GRAMMAR**
9 - 12:00 (Sat + Sun) 25 Mar
1 - 4:00 (Sat + Sun) 21 Apr

**BASIC WRITING**
3:30 - 5 (Mon~Thurs) 26 Mar

**PRE-INTERMEDIATE (4-SKILL ENGLISH)**
1 - 2:30 (Mon~Thurs) 12 Mar
1 - 4:00 (Sat + Sun) 7 Apr
3:30 - 5 (Mon~Thurs) 23 Apr
9 - 12:00 (Sat + Sun) 28 Apr

**INTERMEDIATE (ACADEMIC ENGLISH)**
7:30 - 9 (Mon~Thurs) 12 Mar
9:30-12:30 (Sat+Sun) 17 Mar

**VOCAB ENRICHMENT**
9 - 12:00 (Sat + Sun) 17 Mar
3:30 - 5 (Mon~Thurs) 30 Apr

**IELTS (Preparation)**
1 - 4:30 (Sat + Sun) 17 Mar
1 - 3:30 (Mon~Thurs) 26 Mar

**BASIC ENGLISH SPEAKING**
7:30 - 9 (Mon~Thurs) 19 Mar
1 - 2:30 (Mon~Thurs) 19 Mar
3:30 - 5 (Mon~Thurs) 19 Mar
1 - 4:00 (Sat + Sun) 24 Mar

**BASIC FOUR SKILLS ENGLISH**
3:30 - 5 (Mon~Thurs) 12 Mar
10-11:30 (Mon~Thurs) 19 Mar
6 - 7:30 (Mon~Thurs) 19 Mar
9 - 12:00 (Sat + Sun) 31 Mar

**PRE-INTERMEDIATE (4-SKILL ENGLISH)**
3:30 - 5 (Mon~Thurs) 12 Mar
7:30 - 9 (Mon~Thurs) 19 Mar
10-11:30 (Mon~Thurs) 2 Apr

**BASIC GRAMMAR**
1 - 2:30 (Mon~Thurs) 2 Apr

**INTERMEDIATE (ACADEMIC ENGLISH)**
7:30 - 9 (Mon~Thurs) 2 Apr

**(၈+၉)တန်းဖြေထားသူများအတွက် တက္ကသိုလ်ဝင်တန်းအထောက်အကူပြု Letter Writing + Essay** သင်တန်း ၅၀၀၀၀/
7:30-9 (Mon~Thurs) 19 Mar

**(၆+၇)တန်း ဖြေဆိုထားသူများအတွက် ၈ တန်းအထောက်အကူပြု Grammar** သင်တန်း
17 Mar
1 - 4:00 (Sat + Sun)

---

MLA

# MLA INTERNATIONAL

- No. 127, Hantharwadi Road, Kamayut Township, Yangon
- 09-258886622, 09-258886633
09-258886677,01-524438

## Summer Course 2018

## English Proficiency & Computer Courses

Enrol Now!!

Commencing Date : $19^{th}$ March 2018
End of Summer Course : $25^{th}$ May 2018
Monday to Friday - 8:00 a.m. to 12:00 p.m.

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/2943 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅၃ယ/၄၉၄၄၇ Yamaha FZ 150 ယာဉ်လက်ဝယ်ရှိသူ ဦးထက်မြက်အောင် ၁၄/ဟသတ(နိုင်)၃၄၁၅၉၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆ယ/၉၁၇၄၆ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်လင်းသူ ၁၄/ဟသတ(နိုင်)၂၇၀၄၇၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟသ်ာတ)**

## အများသိစေရန်

မောင်ကျော်ကျော်ဦး (ဘ)ဦးလှကျော် ၂/တကန(နိုင်)၂၁၅၃၂၂နှင့် မခင်ဖြူဖြူလှ(ဘ) ဦးညွန့်မောင် ၁၂/ကမရ(နိုင်)၁၀၆၈၃၃တို့သည် အကြင်လင်မယားအဖြစ် ၁၇-၃-၂၀၁၆ရက်မှစ၍ ပေါင်းသင်းကြောင်း တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ ဗိုလ်ချုပ်အောင်ဆန်းရပ်ကွက်၊ ပန်းပဲတန်းမှ လူကြီးမိဘဆွေမျိုးအပေါင်းအသင်းများ သိရှိကြောင်းနှင့် တရားဝင်ဇနီးဖြစ်ကြောင်း ထပ်မံကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မမသောင်း LL.B,D.I.L**
**(စဉ်-၂၆၇၈) တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၄၂၀၁၈၇၂၆၈**

## အများသိစေရန် အသိပေးကြေညာချက်

ကျွန်တော်၏မိတ်ဆွေ ဒေါ်ခင်ဆွေဝင်း ၁၂/ဒပန(နိုင်)၀၃၂၁၆၅၊ ဒေါ်စိန်ရှင် ၁၂/ဒပန(နိုင်)၀၃၃၇၁၇နှင့် ကန်ထရိုက်တာ ဦးဇော်ဝင်း ၁၂/သကတ(နိုင်)၀၃၄၈၂၅ တို့သည် အမှတ်(၃၂၇)၊ မြေကွက်အမှတ်(၃၂၇)၊ သစ္စာနွယ်လမ်း၊ နွယ်အေးရပ်ကွက်ရှိ မြေကွက်ပေါ်တွင် (၅)ထပ်တိုက်ဆောက်လုပ်ရန် နှစ်ဦးသဘောတူ အခန်းပေး အခန်းယူဆောက်လုပ်ကြရန် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၇ရက်နေ့တွင် သဘောတူညီခဲ့ပါသည်။ ယခုကန်ထရိုက်တာသည် စာချုပ်ပဋိညာဉ်အတိုင်း အကောင်အထည်မဖော်သည့်အပြင် ပျက်ကွက်မြဲ ပျက်ကွက်လျက်ရှိပြီး မြေရှင်မှ ဆက်သွယ်သော်လည်း ဆက်သွယ်၍မရသည့်အပြင် ထွက်ပြေးတိမ်းရှောင်နေကြောင်း သိရပါသည်။ ကန်ထရိုက်၏ ပျက်ကွက်မှုကြောင့် ၁၇-၁၁-၂၀၁၃ ခုနှစ် နှစ်ဦးသဘောတူ ချုပ်ဆိုခဲ့သောစာချုပ်သည် ဤကြော်ငြာပါသည့်ရက်မှစ၍ ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း၊ ကန်ထရိုက်ရောင်းခဲ့သော အခန်းများသည် ကန်ထရိုက်နှင့်သာသက်ဆိုင်ပြီး မြေရှင်များနှင့် လုံးဝသက်ဆိုင်ခြင်း မရှိကြောင်း၊ တာဝန်ယူမည်မဟုတ်ကြောင်း ပေးအပ်ထားသော ပါဝါလည်း ရုပ်သိမ်းပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ ကန်ထရိုက်တာမှ မြေရှင်များ၏ မြေဂရန်များကို ခုနစ်ရက်အတွင်း လွှဲအပ်ပေးရန်နှင့် ကန့်ကွက်လိုပါက တစ်ပတ်အတွင်း မူရင်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေရှင်များ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေမျိုးသိန်း LL.B အထက်တန်းရှေ့နေ (စဉ်-၂၃၂၈၈)**
**ဖုန်း-၀၉-၄၂၀၀၆၁၅၅၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၇)ရပ်ကွက်၊ ကံ့ကော်မြိုင်လမ်း၊ အမှတ်(၇၇၃)၊ မြေအကျယ်အဝန်း ပေ(၄၀×၆၀)ဟုခေါ်တွင်သော မြေကွက်အား ဒေါ်ကြည်ကြည်မြင့် CA-၀၀၈၈၄၈ တို့မှ တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်မင်းဦး LL.B၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၇၀)**
**ဖုန်း-၀၉-၄၂၀၁၈၀၃၀၂**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ အောင်တံခွန် (၃)လမ်း၊ မြေကွက်အမှတ် ၁၆၀၊ ၀ဒသမ၀၆၅၈ကေရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်တို့အား ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်ညွန့် (CG-၀၁၈၇၁၉)ထံမှ စာချုပ်အဆက်ဆက်ဖြင့် တရားဝင်ဝယ်ယူ ပိုင်ဆိုင်လာခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဒေါ်မြင့်ခိုင် ၉/တသန(နိုင်)၀၁၀၂၂၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအားပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်ဇာဦး (စဉ်-၃၄၇၈၂)အထက်တန်းရှေ့နေ**
**အမှတ် ၁၁၂၈၊ သရဖီ (၇)လမ်း၊ (၃၄)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၅၄၀၁၀၄၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံ/တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅၊ မြေကွက်အမှတ် ၇၅၄က၊ မြေကွက်တည်နေရာအမှတ် ၇၅၄/က၊ ဇာဒက်ကြီးကျွန်းလမ်း၊ ဒဂုံ/တောင်မြို့နယ် ဦးခင်မောင်ကြီး (CE-၀၃၇၂၆၉)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဂရန်အမည်ပေါက် ဦးခင်မောင်ကြီးထံမှ မှတ်ပုံတင်အရောင်းစာချုပ် ၆၃၁၈/၁၆ (၁၀-၁၁-၁၆)ဖြင့် ဝယ်ယူထားသူ ဦးဇာနည်စိုး ၁၂/သဃက(နိုင်)၀၃၈၃၉၆မှ ဂရန်မိတ္တူမှန်၊ အရောင်းအဝယ်စာချုပ်၊ အခွန်ထမ်းပြေစာများတင်ပြ၍ ဂရန်အမည်ပြောင်းပေးပါရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၂၊ မြေကွက်အမှတ် ၇၅၇၊ မြေကွက်တည်နေရာအမှတ်(၇၅၇)၊ (၁၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (ဦးခင်မောင်)အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးခင်မောင် B/RGN-၀၀၄၄၅၈(ကွယ်လွန်)၏မိခင်ဖြစ်သူ ဒေါ်ရှိတ်ရာဇာဒီ CG-၀၆၅၆၇၀ ထံမှ ၁၆-၆-၂၀၁၅ ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ဇင်မာဝင်း ၁၂/ဥကမ(နိုင်)၂၁၇၄၆၄မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်၊ မြေချပါမစ်မူရင်းမှာ သိမ်းဆည်းထားရာမှ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း၊ အဆိုပါမြေကွက်နှင့်မြေချပါမစ်မူရင်း အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်း၊ အရှုပ်အရှင်းပြဿနာ တစ်စုံတစ်ရာပေါ်ပေါက်လာပါက မိမိမှတာဝန်ယူဖြေရှင်းမည်ဖြစ်ပါကြောင်း ကတိပြုကျမ်းကျိန်လွှာတို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးရာ ကျောက်ပြားကာသွပ်မိုး အုတ်ဖိနပ်ခံ (၁၀ပေ×၁၅ပေ) အဆောက်အအုံ တစ်လုံးရှိပြီး ကိုယ်တိုင်မနေပါ။ ညီမဖြစ်သူ နေထိုင်ခြင်းအတွက် ဝင်စာ-၃၆၆၊ ၁၂-၁-၁၈ ဖြင့် ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက မိမိမှ တာဝန်ယူကြောင်း ဝန်ခံကတိတင်ပြလာပါသည်။ သို့ပါ၍ ဒေါ်ဇင်မာဝင်းမှ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသွားသူများကို စနစ်တကျ ပြန်လည်ခေါ်ယူရေး မိမိတို့နိုင်ငံဘက်က အဆင်သင့်ဖြစ်မှု အနေအထားကို နိုင်ငံတကာအသိုက်အဝန်းသို့ အသိပေးလို




ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ရခိုင်ပြည်နယ်ဆိုင်ရာ အခြေအနေများနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံရေးဆိုင်ရာ သတင်းစာရှင်းလင်းပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

နေပြည်တော် မတ် ၁၄

**ရခိုင်ပြည်နယ်ဆိုင်ရာ အခြေအနေများနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံရေးဆိုင်ရာ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။**

သတင်းစာရှင်းလင်းပွဲ၌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အမှာစကားပြောကြားရာတွင် ဒီသတင်းစာရှင်းလင်းပွဲလုပ်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ထွက်ပြေးသွားသူတွေကို စနစ်တကျ ပြန်လည်ခေါ်ယူရေးနှင့် ပတ်သက်လို့ ကျွန်တော်တို့နိုင်ငံဘက်က အဆင်သင့်ဖြစ်နေမှုအနေအထားကို နိုင်ငံတကာအသိုက်အဝန်းသို့ အသိပေးလိုတဲ့ကိစ္စပဲ ဖြစ်ပါတယ်။

ပြန်လည်ခေါ်ယူရေးနဲ့ပတ်သက်လို့ ကျွန်တော်တို့နိုင်ငံဘက်က အားလုံးအဆင်သင့်ဖြစ်နေခဲ့တာ အတော်ကြာခဲ့ပါပြီ။ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့ တစ်ဦးတစ်ယောက်ကိုမှ လက်ခံနိုင်ခြင်းမရှိသေးပါဘူး။ ဘာကြောင့်ပါလဲ။ ကျွန်တော်တို့ အဖွဲ့ဝင်တွေက အသေးစိတ်ကို ရှင်းလင်းပြကြပါလိမ့်မယ်။

အဲဒါမတိုင်ခင် လူအစုလိုက်အပြုံလိုက် ထွက်ပြေးသွားရခြင်းရဲ့ အဓိကအကြောင်းရင်းတွေကို ကျွန်တော်တင်ပြလိုပါတယ်။ ပြဿနာဖြစ်ခဲ့တဲ့နေရာက ခိုင်လုံစိတ်ချရတဲ့လူတွေဆီက ရရှိခဲ့တဲ့သတင်းတွေအရ သူတို့အများစုဟာ စိုးရိမ်ကြောက်လန့်စိတ်ကြောင့် ထွက်ပြေးသွားခဲ့ကြတာဖြစ်ပါတယ်။

အကြမ်းဖက်တိုက်ခိုက်မှုတွေနောက်ပိုင်း တပ်မတော်က ရှင်းလင်းမှုတွေဆောင်ရွက်တဲ့အခါ သူတို့ရဲ့ အကြမ်းဖက်မှုမှာ ပါဝင်ခဲ့ခြင်းကြောင့်သော် လည်းကောင်း၊ သံသယဖြင့်သော် လည်းကောင်း ဖမ်းဆီးခံရမှာကို စိုးရိမ်လို့ ထွက်ပြေးသွားကြတာပါ။

ဒုတိယအကြောင်းကတော့ ARSA နဲ့ သူ့ရဲ့ထောက်ခံသူတွေရဲ့ ခြိမ်းခြောက်မှုကြောင့်ဖြစ်ပါတယ်။ သူတို့အများအပြားဟာ ထွက်ပြေးဖို့အတွက် ခြိမ်းခြောက်မှုရရှိခဲ့တယ်လို့သိရပါတယ်။

တတိယအကြောင်းကတော့ ယင်းတို့အနက် အများအပြားဟာ တတိယနိုင်ငံတစ်ခုမှာ အခြေချခွင့်ရမယ်၊ ဒါမှမဟုတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံက

*စာမျက်နှာ ၅ ကော်လံ ၁* ✪

## မြန်မာ-ထိုင်းရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၁၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး NAING MOE ENTERTAINMENT မှ စီစဉ်သည့် မြန်မာ-ထိုင်းရိုးရာလက်ဝှေ့အထူးစိန်ခေါ်ပွဲကို မတ် ၂၄ ၊ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် တွံတေးမြို့ အောင်ဆန်းသူရိယအေးချိုခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲငါးချီပွဲ၌ တိုင်းဒေသကြီးနှင့်ပြည်နယ်ရွှေတံဆိပ်ဆုရှင် သိန်းညီညီ(မြန်မာ)နှင့် ဖိုင်စီထောင်း(ထိုင်း)၊ စောသဲဦး (အဂါတ်တန်း)နှင့် ဒေါင်းသိခ်(ဒေါင်းမြန်မာ)၊ ချစ်ဆူးငယ်(ရွှေသထုံ)နှင့် ရှိုင်းထက်အောင်(ကန်စွန်းကုန်း)၊ ဝဏ္ဏ(ရွှေသထုံ)နှင့် ဖိုးလပြည့်(ဒေါင်းမြန်မာ)၊ ဇင်ဘိုး(ကျားဘုရင်)နှင့် မင်းကျော်(A.M.T)၊ ဇွတ်မိုက်(ကျားဘုရင်)နှင့် စောထူးနိုင်(အဂါတ်တန်း)တို့က မတ် ၂၄ ရက်တွင် လည်းကောင်း၊ တိုင်းဒေသကြီးနှင့်

*စာမျက်နှာ ၁၄ ကော်လံ ၁* ▲

## ရှမ်းယူနိုက်တက်အသင်း အိမ်ကွင်း၌ရှုံးနိမ့်

**ရန်ကုန် မတ် ၁၄**

၂၀၁၈ ရာသီ AFC Cup ပြိုင်ပွဲအုပ်စု (F)ပွဲစဉ်(၄)ကို ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ကျင်းပရာ ဖိလစ်ပိုင်ကလပ် ဆီရက်စ် အသင်းက မြန်မာကလပ်ရှမ်းယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ရှမ်းယူနိုက်တက်အသင်း အနေဖြင့် နောက်တစ်ဆင့် တက်ရောက်နိုင်ရေး မျှော်လင့်ချက်အတွက် အရေးပါသည့်ပွဲဖြစ်

*စာမျက်နှာ ၇ ကော်လံ ၃* ❍




ရှမ်းယူနိုက်တက်အသင်းနှင့်ဆီရက်စ်အသင်းယှဉ်ပြိုင်နေစဉ်။ ခတ်ပုံ-စိုးညွန့်

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ (sic) ဘဏ္ဍာနှစ်မကုန်မီ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံကျော် ရောက်ရှိပြီး သမိုင်းတစ်လျှောက် ကုန်သွယ်မှုစံချိန်သစ်တင်**

စာ-၁၂

**ကမ္ဘာ့အကျော်ကြားဆုံး ရူပဗေဒပညာရှင်တစ်ဦးဖြစ်သူ စတီဗင်ဟော့ကင်း ကွယ်လွန်**

စာ-၁၄

